


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## Opening

'တော်ဝင်သစ်ခွ'ခြံကြီးထဲမှာ Ivy(အိုင်ဗီ)က သူမရဲ့အချစ်တော်ခွေးကလေး ဒုံရီနဲ့ ဆော့ကစားနေသည်။

'ဒုံရီ. . တော်ပြီဟာ. . ဆက်မလိုက်နဲ့တော့. . ငါ မောလာပြီ၊ ရော့. . ချော့ကလက် crackerလေးစား. . လိမ္မာလိုက်တာဟယ်၊ ဒုံရီ ကြိုက်မှန်းသိလို့ တမင်ယူလာတာ'

Ivy က ကြိမ်ဒန်းလေးမှာ ထိုင်ပြီး ဒုံရီ စားတာကို ကြည့်နေမိသည်။ ဒုံရီ့မှာက ဂရုစိုက်မယ့်သူ ရှိသေးသည်။

Ivy လို့ အဘိုးက အမြတ်တနိုး ခေါ်တဲ့ သူမမှာကျတော့ ဟိုးငယ်ငယ် အသက်ငါးနှစ်အရွယ်ကတည်းက မိဘဆိုတာ. . မရှိတော့. . .

ဆောင်းညပြာသိစ္စလေ

www.burmeseclassic.com

www.burmeseclassic.com



သူများတွေလို. . အဖေနဲ့ အမေ တစ်ယောက်ပြီးမှ တစ်ယောက် ပျောက်သွားတာမျိုးမဟုတ်ပေ။ မိဘနှစ်ပါးစလုံး သူများလုပ်ကြံလို့ အသေဆိုးနဲ့သေခဲ့ရတာ ဖြစ်သည်။

ဘာဖြစ်လို့ လုပ်ကြံတာလဲ? ဘာအတွက်လဲ?

အဲဒီအချိန်တုန်းက Ivy ငယ်သေးတော့ မစဉ်းစားတတ်ခဲ့။ ဉာဏ်မမီခဲ့ပေမယ့် ခုတော့ Ivy သိခဲ့ပါပြီ။

စည်းစိမ်ဥစ္စာ၊ အသပြာငွေကြေး၊ ပိုင်ဆိုင်မှုနဲ့ပြိုင်ဆိုင်မှု။ ဒါတွေ. . အများကြီးဖြစ်နိုင်တာပဲ။ Ivy ရဲ့အဘိုး မိုက်ကယ်ထူး ဆိုတာက မြန်မာပြည်ရဲ့အထင်ကရပုဂ္ဂိုလ်. . အကြွယ်ဝဆုံးတွေထဲက တစ်ယောက် ဖြစ်နေသည်။

ဆုံးသွားတဲ့ Ivy ရဲ့အမေ ဒေါ်နှင်းသစ်ခွက အဘိုးရဲ့ တစ်ဦးတည်းသောသမီးဖြစ်ပြီး Ivy က ခုချိန်မှာတော့ အဘိုးရဲ့များပြားလှတဲ့အမွေတွေကို ဆက်ခံဖို့အတွက် တစ်ဦးတည်းသောသူ၊ နောက်ဆုံးမျိုးဆက်ဖြစ်နေသည်။

ဘာတွေ ဘယ်လိုပဲဖြစ်နေနေ. . တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ဘဝနေဝင်ပြီး အားလုံးကိုထားခဲ့ရမယ့်. . သခၤါရတရားကို Ivy က သိနေသည်။ မြင်နေသည်။ စည်းစိမ်ဥစ္စာတွေက သူမကို ချည်နှောင်မည့်ကြိုးတစ်ချောင်းလို့ အခါမလပ်မြင်နေမိသည်။





အဘိုးရဲ့ပိုင်ဆိုင်မှုတွေကဲ မြန်မာပြည်အနှံ့မှာ အများအပြားရှိသည်။ အဲဒီအထဲကမှ ပင်လယ်ထဲက ကျွန်းလေးတစ်ကျွန်းကို အဘိုးက Ivy အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့မှာ ပေးဖို့ ရည်ရွယ်ပြီး ကြိုတင်ဝယ်ထားခဲ့တာ. .

ကျွန်းနာမည်က 'Ivy Island'တဲ့. . . အရမ်းကို သာယာတဲ့ ကျွန်းလေးပေါ့။

အဘိုးပိုင်တဲ့ ဇိမ်ခံသင်္ဘော'ရာစုသစ်'နဲ့ အဲဒီကျွန်းကို Ivy နှစ်ခေါက် ရောက်ဖူးပြီးပြီ။

ပြင်ဦးလွင်မှာ ဧကရာချီပြီး ကျယ်တဲ့ ကော်ဖီခြံနဲ့လိမ္မော်စိုက်ခင်းကိုလည်း Ivy နှစ်သက်တာပဲ။

ခုမှ အသက် ဆယ့်ခြောက်နှစ်ပဲ ရှိသေးတဲ့ အပျိုမလေးက စျေးကွက်စီးပွားရေးတွေကို စိတ်မဝင်စားပါဘူး။ သူမ နှစ်သက်တာက တမျှော်တခေါ်ကြီးကျယ်ကျယ်လွင့်လွင့်ရှိတဲ့ ပထဝီမြေကြီးပေါ်မှာ ပေါ့ပါးစွာ၊ လွတ်လပ်စွာ ပကာသနမပါဘဲ ပြေးလွှားခွင့်ရနေတာကိုပါပဲ။

Ivy ရဲ့အမိပ္ပာယ်က တန်ဖိုးရှိတဲ့ သစ်ခွပန်းလေးပေါ့. . .

ကျောင်းမှာတော့ သူငယ်ချင်းတွေက သူမကို 'တော်ဝင်သစ်ခွ'လို့ပဲ ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက အားကျရသလို သူမဘဝကလည်း ပုံပြင်ထဲက နတ်သမီးလေးလိုဖြစ်နေခဲ့တာပဲလေ. .

သဘောထားသေးသိမ်တဲ့ တချို့လူတွေကတော့ သူမကို မနာလိုဖြစ်ကြတာပေါ့. . အမျိုးမျိုး ကဲ့ရဲ့ရှုံ့ချကြတာပေါ့. .

Ivy ရဲ့ရုပ်ရည်ကလေးကလည်း. . အရှိန်အဝါတစ်မျိုးနဲ့. . အရောင်တွေထွက်ပြီး အရုပ်ကလေးတစ်ရုပ်လို အလှထိုင်ကြည့်ချင်စရာလေး ဖြစ်နေသည်။

ထပ်ပြီးတင်စားရမယ်ဆိုရင် ငွားငွားစွင့်စွင့် ပွင့်လန်းလာဖို့အတွက် နှင်းရည်သောက်ထားတဲ့ ပန်းအငုံလေးနဲ့ သဏ္ဍာန်တူသည်။

ရန်ကုန်က 'တော်ဝင်သစ်ခွ'ခြံကြီးထဲမှာ. . အလုပ်သမားဆယ့်ငါးယောက်ရှိတယ်လို့ပြောရင် ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူးနော်။ တကယ်ပြောတာပါ။ ခြံကြီးက ကျယ်သလို အိမ်ကြီးကလည်း ဟည်းထနေတော့ အိမ်သန့်ရှင်းရေးတင် လူ ငါးယောက်နဲ့ မလုံလောက်ပါ။

အဘိုးနဲ့Ivy အတွက် စားဖိုးမှူးက နှစ်ယောက်တောင်ရှိသည်။ အဘိုးက ဥရောပအစားအစာကြိုက်ပြီး Ivy ကတော့ အာရှတိုက်ရဲ့ ယိုးဒယားနဲ့ တရုတ်အစားအစာတွေကို ပိုပြီးခုံမင်သူပါ။





ဒါပေမယ့် အမှန်အတိုင်းဝန်ခံရရင် ထမင်းပွဲကြီးက ကြီးကြီး. . ဟင်းတွေကို အလျှံပယ်ချက်ပြီး ပြင်ဆင်ပေးထားပေမယ့်. . အဘိုးနဲ့Ivy နှစ်ယောက်တည်း စားရတဲ့ ထမင်းဝိုင်းက ဘယ်မှာလာပြီး စိုပြည်ပါ့မလဲ. . ခြောက်ခြောက်ကပ်ကပ်နဲ့ ပျင်းရိပျင်းတွဲကြီးပါပဲ. .

Ivy အားကျတဲ့ ထမင်းဝိုင်းက. . ကျောင်းက သူငယ်ချင်းနှင်းသီတို့အိမ်က ထမင်းဝိုင်းကိုပါ။

ကရင်ချက်လို့ခေါ်တဲ့ ဟင်းရည်သောက်တစ်ခွက်နဲ့ ကန်စွန်းရွက်ကြော်ဇလုံကြီးကို လက်ပေါင်းစုံအောင် ဝိုင်းနှိုက်ပြီး ခေါင်းမဖော်တမ်းစားနေကြတာ ကြည့်ရင်းနဲ့ သူမ သွားရည်တောင် ကျရသည်။ ဒီလိုမျိုးဟင်းတွေ ဘာလို့ မစားဖူးတာပါလိမ့်။

အဘိုးက Ivy ဘိုကျောင်း(အင်္ဂလိပ်ကျောင်း)တက်တာ မြင်ချင်သည်။ Ivy ကလည်း ခေါင်းမာစွာပင် မြန်မာစာသင်တဲ့ မြန်မာကျောင်းကိုပဲ တက်ခဲ့သည်။ .

ဒီလောက်ပိုက်ဆံတွေရှိနေမှတော့ အဘိုးက Ivy တက်ချင်တဲ့နိုင်ငံမှာ တက်. . သူ ထားပေးမည်ပြောပေမယ့် သူမက တစ်ဦးတည်းသောသွေးသားဖြစ်တဲ့ အဘိုးကိုခွဲပြီး ဘယ်ကိုမှ မသွားချင်ပါ။ ဒီမြေ ဒီရေကိုပဲ Ivy က ချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်နေတုန်းမှာပဲ ချစ်ခွင့်ရတာ. . ရှင်သန်ခြင်းရဲ့ တန်ဖိုးကို Ivy နားလည်သည်။

'Ivy . . သမီးလေး ဘယ်မှာလဲ Ivy'

'ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်'

လုပ်ပြီ. . . ဒုံရီတို့ကတော့. . တီထွေးက Ivy ပျောက်လို့ တစ်ခြံလုံးပတ်ပြီး ရှာနေပုံရသည်။ ဒုံရီသာ အသံမပေးရင် တီထွေး သူမကို မြင်မှာမဟုတ်ပေ။

'ကြည့်စမ်း. . သမီးလေးက အသံမပေးဘာမပေးနဲ့ ဒီမှာ လာပုန်းနေတယ်ပေါ့. . ဟယ်. . ချွေးတွေလည်း ရွှဲလို့ပါလား, . . အအေးပတ်တော့မှာပဲ. . လာ. . လာ. . တီထွေး သုတ်ပေးမယ်'

ဒေါ်လှိုင်းဖြူထွေးက Ivy ရဲ့ဆံပင်တွေကို အသင့်ယူလာတဲ့ တဘက်နဲ့ စိတ်ရှည်လက်ရှည်သုတ်ပေးနေသည်။

တီထွေး. . လို့ သူမက ချစ်စနိုးနဲ့ ခေါ်တဲ့ ဒေါ်လှိုင်းဖြူ က သူမငယ်ငယ်လေးကတည်းက ထိန်းလာခဲ့တဲ့ နာနီပေါ့။

အရမ်းကို နူးညံ့သိမ်မွေ့ပြီး ကြင်နာတတ်တဲ့ မိန်းမတစ်ယောက်ပါပဲ။

'သမီးလေး. . ဗိုက်ဆာနေပြီလား. . တီထွေး ဘာလုပ်ပေးရမလဲ'





'ဟိုတစ်ခေါက်က တီထွေး သုပ်ကျွေးတဲ့ ပြည်ထမင်းသုပ်က အရမ်းစားလို့ကောင်းတာပဲ သိလား'

Ivyက intro လေး ခင်းလိုက်တာနဲ့ တီထွေးတို့ နားခွက်က မီးတောက်သွားပြီ။

'သုံးမိနစ်ပဲ စောင့်'

'ဟင်း. . ဟင်း. . အဲဒါကြောင့် ဟောဒီက တီထွေးကို ချစ်ရတာ'

Ivy ရဲ့ရယ်သံလေးက ခြံထဲမှာ ကျက်သရေရှိစွာ ပျံ့လွင့်နေသည်။

အမေ့ရင်ငွေ့နဲ့ဝေးခဲ့တာ ကြာပြီမို့ Ivy က ဒေါ်လှိုင်းဖြူကို ပိုပြီးကပ်သည်။ တွယ်တာသည်။ ဒေါ်လှိုင်းဖြူကလည်း Ivy မို့လို့ မျက်နှာတစ်ချက် မညိုစေရအောင်ကို ဂရုစိုက်ပြီး ယုယလေသည်။

ဒါကြောင့်လည်း Ivy က ဒီအိမ်ကြီးထဲမှာ အတိုးပြီးရင်. . ဒေါ်လှိုင်းဖြူကို သံယောဇဉ်အရှိဆုံးဖြစ်နေမိသည်။

ဒုံရီက သူမ ခြေဖဝါးကို လျှာနဲ့လာရက်နေသည်မို့

'ဒုံရီ. . မင်း ငါ့ကို မနာလိုဖြစ်နေတယ်မဟုတ်လား. . ဒါဆို ကျေပြီနော်. . ခုနတုန်းက မမက မင်းကို ဂျေဝင်နေတာ. . ခစ်



www.burmeseclassic.com

www.burmeseclassic.com



. . ခစ် . . မင်းသာ စကားပြောတတ်ရင် ငါ့ကို ရန်တွေ့တော့မယ် ထင်တယ်'

Ivy က ဒိုင်ရီကိုဖက်ပြီး ကောင်းကင်ပြာကြီးကို ငေးကြည့်နေမိသည်။

ဆယ်တန်းဖြေထားပြီး . . အောင်စာရင်းက မထွက်သေးတော့ Ivy ပျင်းနေသည်။

အားလပ်တဲ့အချိန်တွေမှာ သင်တန်းတွေလည်း ပေါင်းစုံနေအောင် တက်ရသည်။

စန္ဒယားတီးတာ . . တယောထိုးတာ . . စောင်းတီးတာ . . အို . . စုံလို့ပါပဲ။

ရှေ့အပတ်ထဲမှာ စင်ကာပူ ဘန်ကောက်သွားပြီး shopping ထွက်ဖို့ အဘိုးဆီက ပါမစ်လည်း ရထားပြီးပြီ။

Ivy ထက် ပိုကဲတာက တီထွေးပဲ။

အောင်စာရင်းက ဘယ်နေ့မှန်း မသိသေးဘူး . . .

Ivy တက္ကသိုလ်တက်ရင် ဝတ်ဖို့ဆိုပြီး ဒီဇိုင်နာတွေဆီမှာ အဆင်စုံ၊ အသွေးစုံ နောက်ဆုံးပေါ် ပိတ်စတွေဝယ်ပြီး အပ်ပေးပြီးပြီ။

'သမီးလေးရေ . . စားလို့ရပြီ'





တီထွေးက အသံပေးပြီး စားစရာဗန်းကိုင်ကာ လျှောက်လာသည်။

'ဝါး . . စားလို့ကောင်းမယ့်ပုံပဲ'

ပဲကြာဆန်နဲ့အာလူးတွေ . . ကြက်သွန်နီဆီချက်လေး ဖြူးထားတော့ ထမင်းသုပ်က စားချင်စရာကြီးပါ။

'ကောင်းရင် ကုန်အောင်စားပေါ့ သမီးရဲ့ . . ဟောဒီ မုန်လာဥနီအချဉ်လေးနဲ့တွဲပြီး စားကြည့်စမ်း . . လျှာလည်ပြီး သမီးရဲ့ ဘိုးဘိုးထူးကိုတောင် မေ့သွားမယ်'

'တီထွေးက အပြောကောင်းတယ် . . ခစ် . . ခစ်'

'စားရင်း ဒီလောက် မရယ်နဲ့လေ . . သမီးရဲ့၊ ထမင်းတွေ သီးကုန်ဦးမယ်'

'သံပရာရည်လေးလည်း ကောင်းတာပဲ'

'အချဉ်က လူနဲ့တည့်တယ် . . အသီးအနှံတွေလည်း စားလိုက်ဦး သမီး'

ပန်းသီး၊ နှင်းသစ်တော်သီး၊ ဖရဲသီး၊ ကျွဲကောသီးတွေကို စားချင်စဖွယ်လေးဖြစ်အောင် ပြင်ဆင်ပေးထားပေမယ့် Ivy တို့က အထွန့်တက်လေသည်။

'သမီးကြိုက်တဲ့ ပိန္နဲသီးနဲ့ဒူးရင်းသီးလည်း မပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေက လူနဲ့မတည့်ဘူးလေ သမီးရယ်'

'တည့်တည့် မတည့်တည့် သမီးကြိုက်တယ်လေ'

'အေးပါ. . နောက်ရက်တွေကျရင် တီထွေး ကိုယ်တိုင်ရှာပြီး ဝယ်ပေးထားမယ်နော်'

Ivy ဘုရင်မလေးရဲ့မျက်နှာမှာ. . အပြုံးပန်းတွေ ဝေသွားသည်။

လိုတိုင်း တ,တိုင်းရတဲ့ဘဝလေးမှာ ရယ်မောပျော်ရွှင်နိုင်မှာပေါ့လေ. .

ဒေါ်လှိုင်းဖြူက ခေါင်းမဖော်တမ်း စားနေတဲ့ Ivy ကိုကြည့်ပြီး -

'သမီး. . ရှေ့အပတ်ထဲကျရင် သွားကြမလား. . တီထွေး လေယာဉ်လက်မှတ် မှာလိုက်တော့မယ်လေ၊ စင်ကာပူ အရင်သွားမှာဆိုတော့ Silk Airနဲ့ပဲ သွားရအောင်. . အပြန်ကျမှ ဘန်ကောက်ဝင်ပြီး TG စီးကြတာပေါ့'

'တီထွေးသဘောလေ. . ဒါပေမယ့် အဘိုးမှာ လေယာဉ်ပျံတွေ ရှိသားပဲ. . အဲဒါနဲ့သွားကြမလား'

တီထွေးက ဘေးဘီဝဲယာကို ပြူးပြူးပျာပျာကြည့်ကာ အသံအုပ်အုပ်ဖြင့် -





'မသွားနဲ့ သမီး. . အန္တရာယ်များတယ်၊ မမြင်ရတဲ့ ရန်သူတွေကို သမီး သတိထားရမယ်. . သမီးမိဘတွေ ဘယ်လိုသေခဲ့ရသလဲ. . အဲဒါကို ဘယ်တော့မှမမေ့နဲ့'

ဒယ်ဒီနဲ့မာမီ သေခဲ့တာ ဆယ်နှစ်ကျော်ခဲ့ပြီ။

နှစ်ယောက်စလုံး သေနတ်နဲ့ချောင်းပြီး အပစ်ခံရတာဖြစ်သည်။ ခုချိန်ထိတော့ သတ်တဲ့တရားခံက ပျောက်နေဆဲ။

Ivyဘဝ လုံခြုံဖို့. . ဘေးရန်ကင်းဖို့အတွက်. . တီထွေးက တံတိုင်းကြီးတစ်ခုလိုပါပဲ။

အစဉ်အမြဲရပ်တည်ပြီး 'အကာအကွယ်ပေးခဲ့တာ. .

♦



www.burmeseclassic.com

www.burmeseclassic.com

## (၁)

မိုက်ကယ်ထူးက သူ့ရဲ့ကိုယ်ရေးအရာရှိ မြင့်သူရကို ညွှန်ကြားနေသည်။

'ဂျော့ရှ်နဲ့တွေ့ဖို့ project တွေ စုံပြီလား'

'အဆင်သင့်ပါပဲ Boss'

'ငါတို့ အခုလုပ်နေတဲ့ Green Forest ဂေါက်ကွင်းနဲ့အပန်းဖြေရိပ်သာကို မစ္စတာစမစ်က စိတ်ဝင်စားနေတယ်. . ပွင့်လင်းမြင်သာလာတဲ့ ငါတို့တိုင်းပြည်အတွက် Foreigner တွေ အဝင်များလာတာနဲ့အမျှ လိုအပ်ချက်တွေလည်း အများကြီးရှိလာမှာပဲ. . ငါတို့လိုအပ်နေတာက နည်းပညာပဲကွ. . အဲဒီလို ပညာရှင်တွေနဲ့ ပူးပေါင်းပြီး အသစ်. . အသစ်တွေ ဖန်တီးရမှာ. . ဖောက်ထွက်ရမှာ'

မိုက်ကယ်ထူးက thinking power အရမ်းမြင့်တဲ့ပုဂ္ဂိုလ်. .





နိုင်ငံခြားမှာ စီးပွားရေးအကြံပေးပုဂ္ဂိုလ်တွေ. . ဆိုပြီး တစ်နာရီကို ဒေါ်လာဘယ်လောက်. . ယူတဲ့ လူတွေလောက်တော့ သူက သနားသည်။

တွေ့လည်း တွေ့ခဲ့ဖူးပါသည်။ အဲဒီပုဂ္ဂိုလ်တွေက မိုက်ကယ်ထူးကို လက်ဖျားခါသွားကြတာချည်းပင်။

ဆယ်မိနစ်လောက် ဆွေးနွေးကြည့်ရင်း မိုက်ကယ်ထူး ချပြတဲ့ သဘောထားတွေ၊ ကွဲလွဲချက်တွေကို ငြင်းခုန်ကြရင်း နောက်ဆုံးမှာ သူတို့ဘက်က အလျှော့ပေးသွားရမြဲ။

အဲဒီလိုထိပ်သီးစီးပွားရေးအကြံပေးပုဂ္ဂိုလ်တွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့ မိုက်ကယ်ထူးပါ။

မိုက်ကယ်ထူးရဲ့သက်တော်စောင့် စိုးဘညွန့် ရောက်လာပြီး အရိုအသေပေးသည်။

'ဆရာ. . Pilot နဲ့လေယာဉ် အဆင်သင့်ဖြစ်နေပါပြီ'

'အဆင်သင့်ဖြစ်ရင် သွားကြတာပေါ့'

မိုက်ကယ်ထူးက တပည့်များ ခြံရံလျက် ကျယ်ဝန်းလှသော ခြံကြီးအတွင်းမှာ စကားတပြောပြောဖြင့် လျှောက်လှမ်းလာသည်။

မှာစရာကိစ္စတွေကလည်း မပြီးပြတ်နိုင်သလို အတောမသတ်နိုင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲကမှ သူ့ရဲ့အသည်းကျော်မြေးမလေး Ivy ကို ရအောင် မေးသေးသည်။

'ဟော့ကောင်တွေ . . ငါ့ရဲ့မြေးမလေးကို တွေ့မိသေးလား'

'ခုနတုန်းကတော့ . . မလှိုင်းဖြူနဲ့စကားပြောနေတာ တွေ့တယ်'

'ငါ့မြေးကို နှုတ်ဆက်သွားရဦးမယ်'

စောင့်နေတဲ့ လေယာဉ်ဆီ မသွားဘဲ မြေးမလေးဆီ ဦးတည်ပြီး လာနေတဲ့ မိုက်ကယ်ထူး . .

Ivy က အဘိုးကိုတွေ့တော့ ပြောလက်စ စကားကို ဖြတ်ပြီး ပြေးဖက်သည်။

'ဘိုးဘိုး . . ဘယ်သွားမလို့လဲ'

'ကမ္ဘောဒီးယား သမီး . . အလုပ်ကိစ္စလေးရှိလို့'

'ဘယ်နှရက်ကြာမှာလဲဟင်'

'သုံးညအိပ်ပါပဲ . . မြေးလေး ဘာမှာဦးမလဲ'

'ဟင့်အင်း . . သမီး ဘိုးဘိုးကို လွမ်းနေတော့မှာပဲ'

'ငချွဲမလေး'

မိုက်ကယ်ထူးက မြေးမလေးရဲ့ဆံပင်တွေကို ပွတ်သပ်ပေးပြီး . . .





'မလှိုင်းဖြူ . . ငါ့မြေး မပျင်းအောင် နင့်မှာ တာဝန်ရှိတယ် နော် . . ငါ့မြေးလေးကို သေချာဂရုစိုက် . . ကြားလား'

'စိတ်ချလက်ချသွားပါ သူဌေး . . ကျွန်မတစ်ယောက်လုံးရှိနေသားပဲ'

ဒေါ်လှိုင်းဖြူနှင့် Ivy က မိုက်ကယ်ထူးကို လေယာဉ်နားအထိ လိုက်ပို့ပြီး နှုတ်ဆက်ကြသည်။

အဘိုးပါသွားတဲ့ လေယာဉ်ကြီး ဟိုး . မိုးကောင်းကင်ပေါ် ရောက်တဲ့အထိ Ivy ငေးကြည့်နေမိသည်။

'တွေ့လား . . သမီးလောက် ကံကောင်းတဲ့သူ ဒီမြန်မာပြည်မှာ ရှိပါ့မလား . . ဟင်၊ လေယာဉ်ကြီးတွေတောင် ကိုယ်ပိုင်ရှိတယ်၊ ဟင်း . . ဟင်း . .'

တီထွေးက ဂုဏ်ယူပြီး ဘယ်လောက်ပဲပြောပြော သူမကတော့ ဒါတွေကို ဂုဏ်ယူစရာလို့ထင်ကို မထင်ပါ။

ဒါတွေရှိနေလို့ ပိုင်ဆိုင်လို့ သူများက ကိုယ့်ကို အားကျနေရရင် ဘယ်မှာလာပြီး ကောင်းနိုင်တော့မလဲ . .

သက်သက်မဲ့ သူများကို စိတ်ဆင်းရဲပေးသလိုဖြစ်နေတော့မှာပေါ့။

'အဘိုးလိုမျိုး ချမ်းသာလို့ရှိရင် . . Ivy က ပရဟိတပဲ လုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ. . မရှိတဲ့သူတွေကို ဝေမျှပြီး ပေးချင်တယ်. . ကိုယ်တစ်ယောက်တည်း အများကြီးပိုင်နေရင် ဘယ်တရားပါ့မလဲ'

'ဘုရားရေ. .'

Ivy ရဲ့ထူးထူးဆန်းဆန်းစကားတွေကြောင့် ဒေါ်လှိုင်းဖြူက ဘုရားတ,မိလေသည်။

'ဟုတ်တယ်လေ. . ခုနက လေယာဉ်ကြီးပဲ ကြည့်ပါလား၊ ပိုက်ဆံမရှိတဲ့ ဆင်းရဲသားတွေ လေး၊ ငါး၊ ရှစ်ဆယ်လောက်တင်ပြီး ဘာလီကျွန်းတို့ ဗုဒ္ဓဂါယာတို့ ပို့ပေးကြည့်ပါလား. . အဘိုးကို ထိုင်တောင်ရှိခိုးကြဦးမယ်'

လူလေး ငယ်သလောက် အပြောအဟောက ဩချလောက်စရာမို့ ဒေါ်လှိုင်းဖြူက Ivy လေးကို ငေး၍ ငေး၍သာ ကြည့်နေမိတော့သည်။

◆



(၂)

Ivy အဘိုးကို အကဲခတ်နေသည်။ ကမ္ဘောဒီးယားမှ ပြန်လာပြီးမှ ပိုပြီး အလုပ်တွေရှုပ်နေသည်။ ညဆိုလည်း သန်းခေါင်ကျော်တဲ့အထိ မအိပ်သေးတာ တွေ့ရသည်။ အဘိုးရဲ့ အခန်းက အမြဲ မီးလင်းနေသည်။

ဒီညတော့ Ivy လည်း အိပ်လို့မပျော်တာမို့ အဘိုးဆီထွက်လာခဲ့သည်။

အသက်ခြောက်ဆယ်ကျော်ဆိုပေမယ့် အဘိုးက ကျန်းမာရေးလည်း ကောင်းသည်။ ဘယ်နေရာမဆို သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ရှိသည်။

Ivy က အဘိုးရဲ့အခန်းရှေ့မှာ ရပ်ပြီး. . တံခါးကို ခေါက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်. . ဒေါက်. . . ဒေါက်. . ဒေါက်. . '

ဒီတံခါးခေါက်သံက အဘိုးနဲ့Ivyရဲ့ နှစ်ယောက်တည်းသာသိတဲ့ သင်္ကေတ. .

Ivy က တံခါးခေါက်ရင်. . ဘယ်တော့မှ တစ်ဆက်တည်းခေါက်လေ့ခေါက်ထ မရှိ။ နှစ်ချက်ဆင့်ခေါက်ပြီး တစ်ခါနားကာ. . နောက်ထပ် နှစ်ချက်ကို တစ်ခါခေါက်လေ့ရှိသည်။

'မြေးလေး မအိပ်သေးဘူးလား. . ဝင်ခဲ့လေ'

'ဒီမှာ ဘိုးဘိုးအတွက် mocha ကော်ဖီ'

Ivy လက်ထဲမှာ ကော်ဖီနှစ်ခွက်ပါတဲ့ ဗန်းလေးကိုကိုင်ထားသည်။

'သဘောက ဒီည ကော်ဖီသောက်ပြီး စကားတွေ ပြောရမယ်ပေါ့'

'ဒါပေါ့'

ညဝတ်ဂါဝန်အနီရဲရဲလေးနဲ့ဖြူဖွေးသော အသားအရေကလိုက်ဖက်လွန်းလှသည်။ မျက်စိရှေ့မှာတင် မြေးမလေးဟာ အပြစ်ပြောစရာမရှိအောင် လှလွန်းတဲ့ အပျိုမလေးဖြစ်ခဲ့ပြီပဲ။

မြေးမလေးကိုမြင်တိုင်း မိုက်ကယ်ထူးက သမီးဖြစ်သူကို သတိရသည်။





အကြွေစောလို့ နှမြောရတဲ့ သမီး။

သမီးလေး နှင်းရေ. . နင့်သမီးလေးကို မြင်လှည့်စေချင်တယ်ကွယ်. .

အခုဆို မြေးမလေးက သိပ်ကို လှပြီး ကျက်သရေ ရှိတဲ့ တော်ဝင်သစ်ခွလေးဖြစ်နေပြီကွဲ့။

'ဘိုး. . ဘာတွေ စဉ်းစားနေတာလဲဟင်. . သမီး ခုနက ပြောတာ ကြားလိုက်လားလို့'

'ဟော. . သမီး ဘာပြောလိုက်တာလဲ'

'ဘိုးဘိုးက ဒီအသက်ဒီအရွယ်အထိ အမြဲတမ်း ငွေပဲရှာနေတယ်. . မရှာဘဲ ထိုင်စားရင်တောင် စားလို့မကုန်နိုင်ဘူးလေ. . သမီးအမြင်ပြောရရင် ပစ္စည်းဥစ္စာဆိုတာမျိုးက သေရင် အားလုံးထားခဲ့ရတာပဲလေ. . ဒယ်ဒီနဲ့မာမီပဲ ကြည့်ပါလား. . ဘာမှမခံစားသွားရဘူး. . နော်. . ဘိုးဘိုး. . ဘုရား တရားလေးနဲ့ ဘဝကို အေးအေးလူလူလေးနေပါတော့လား. . ဘိုးဘိုး ပင်ပန်းနေတာတွေတော့ သမီး စိတ်မကောင်းဘူး'

သူ့အရွယ်၊ သူ့အတွေးလေးနဲ့ အဘိုးကို တရားချနေတဲ့ မြေးမလေးကို မိုက်ကယ်ထူးက ပြုံးပြီးကြည့်နေမိသည်။

အင်မတန်မှ ပေးချင်ကမ်းချင်ပြီး စိတ်ထားဖြူစင်တဲ့မြေး



www.burmeseclassic.com

www.burmeseclassic.com



မလေး. . ခုချိန်ထိ ဘာလိုချင်တယ် ညာလိုချင်တယ်လို့လည်း တစ်ခါမှ မပူဆာဖူးခဲ့။

ကျောင်းပိတ်တုန်း shopping ထွက်ဖို့ အလည်အပတ်သွားဖို့တောင် မလှိုင်းဖြူက အတင်းအကျပ်စီစဉ်ထားရတာ။ သူ့သဘောအတိုင်းသာဆို မြန်မာပြည်ထဲက ဝေးလံသီခေါင်တဲ့၊ သူ မရောက်ဖူးသေးတဲ့နေရာတွေကိုသွားဖို့ တာစူနေတာ. .

နိုင်ငံခြားသွားလို့ ကုန်မယ့်ငွေတွေကို ဘဝနေဝင်ချိန်ကို စောင့်နေရတဲ့ ကင်ဆာဝေဒနာခံစားနေရတဲ့သူတွေကို လှူပါရစေလို့ မြေးလေးက ပြောဖူးသည်။

'သမီးလေး လောကမှာ ကိုယ်လုပ်ချင်ရာလုပ်နိုင်ဖို့အတွက် ငွေက အဓိကကျတယ် မဟုတ်လား၊ ဥပမာ-သမီးက အလှူအတန်း ရက်ရောတယ်. . ငွေမရှိရင် ဘာနဲ့လှူမလဲ သမီး၊ သေရင် အားလုံး ထားခဲ့ရမယ်ဆိုတာ အဘိုးသိပြီးသားပါ. . ဒါပေမယ့် အဘိုးမရှိတဲ့နောက်မှာ သမီးရဲ့ရှင်သန်မှု၊ရပ်တည်မှု၊သမီးရဲ့ဆန္ဒတွေ အကောင်အထည်ဖော်ဖို့. . ရှင်းရှင်းပြောမယ်ကွာ. . သမီးလုပ်ချင်တာတွေ လုပ်ခွင့်ရစေဖို့ ဘာဆိုဘာမှ လိုလေသေးမရှိအောင် ထားပေးခဲ့ချင်တယ်'

အဘိုးက ရှည်လျားစွာရှင်းပြပြီးတဲ့နောက် Ivy က





'ဒီစည်းစိမ်တွေနဲ့ သမီးတစ်ယောက်တည်း ကျန်ခဲ့ရမယ့် ဘဝကို တွေးတောင် မတွေးဝံ့ပါဘူး ဘိုးဘိုးရယ်. . သမီးမှာ တွယ်တာစရာဆိုလို့ ဘိုးဘိုးပဲ ရှိတာလေ'

တကယ်လည်း Ivy က အဘိုးကိုဖက်ပြီး မျက်ရည်ဝဲနေပြီဖြစ်သည်။

'ကဲ. . ငါ့မြေးလေး စိတ်မကောင်းဖြစ်နေပြီ. . အဲဘိုး အားတဲ့တစ်နေ့. . အချိန်ရတဲ့တစ်နေ့ သမီးကို Ivy Island ဆီ လိုက်ပို့ပေးဦးမယ်. . သိလား. . အခုဆို သမီးရဲ့ကျွန်းလေးက အရမ်းကို လှပြီး ဆွဲဆောင်မှုရှိနေပြီကွဲ့. . ကမ္ဘာလှည့်ခရီးသွားတွေကို ကောင်းကောင်းကြီး ဆွဲဆောင်နိုင်ဦးမှာပါ. . ဒီကျွန်းလေး ဒီလိုဖြစ်လာတာကတော့ အဘိုးကြောင့် မဟုတ်ဘူး သမီး. . တစ်ယောက်သောသူက သိပ်ကိုတော်လို့၊ သူ့အရည်အချင်းတွေကတော့ ပြောလို့တောင်ကုန်မှာ မဟုတ်ပါဘူးကွယ်'

Ivy က စိတ်ဝင်တစားနားထောင်ပြီးနောက်မှာတော့. . ကြိတ်ပြီး ကောက်ချက်ချမိသည်။

အဘိုးက တော်တော့ တပည့်တွေလည်း တော်မှာပေါ့လို့။ အဘိုး ညွှန်းစာဖွဲ့နေတဲ့လူကို Ivy က သိပ်ပြီးမသိချင်လှပါ။ သူမ သိချင်တာက အဘိုးရဲ့အတိတ်ဘဝက အကြောင်းတွေပါ. .



www.burmeseclassic.com

www.burmeseclassic.com



အခါအခွင့်သင့်တိုင်း မေးခဲ့ပေမယ့်၊ အမြဲကြားခဲ့ရပေမယ့် ဘယ်သောအခါမှ ရိုးမသွားနိုင်ခဲ့။ ညအိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို စွဲစွဲမြဲမြဲဖြစ်နေဆဲ။

'ဘိုးဘိုး. . သမီးကို ဘိုးဘိုးငယ်ငယ်တုန်းက အကြောင်းတွေ ပြောပြပါလား. . ဘိုးဘိုးမပြောပြတာ ကြာနေပြီနော်'

'ဩော်. . လက်စသတ်တော့ သမီးက ဘိုးဘိုးရဲ့ရာဇဝင်ကို လာပြီးတူးဖော်တာကိုး'

'အဲဒါ ရာဇဝင်မှမဟုတ်တာ. . ဘိုးဘိုးရဲ့real life ပါနော်'

Ivy က အဘိုးရဲ့စားပွဲဘေးမှာ ဆုံလည်ကုလားထိုင်လေးချပြီး နားထောင်ဖို့ အဆင်သင့်ဖြစ်နေပြီဟု အချက်ပြလေသည်။ မိုက်ကယ်ထူးက ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိပြီး မီးခိုးငွေ့များကို မှုတ်ထုတ်ကာ ပျော်ရွှင်စရာနတ္ထိ၊ နာကျင်တာတွေ အတိပြီးနေသော အတိတ်က စာမျက်နှာတွေကို တစ်ရွက်ချင်း စ,လှန်ပါတော့သည်။

'အဘိုးကိုမွေးခဲ့တဲ့ နေရာက ဟိုး. . ဒေါနတောင်တန်းကြီးရဲ့တောင်ခြေမှာရှိတဲ့ ရွာလေးတစ်ရွာမှာပေါ့ကွယ်. . လျှပ်စစ်မီးလည်းမရှိ၊ စာသင်ကျောင်းလည်း မရှိ၊ နယ်မြေအေးချမ်းမှုလည်း မရှိတဲ့နေရာပေါ့. . အဲဒီနေရာမှာ မကြာခဏ စစ်ပွဲတွေ ဖြစ်နေကြ





တာ. . ရိုးရိုးသားသား လုပ်ကိုင်စားသောက်ကြတဲ့ ရွာသူရွာသားတွေခမျာ ဘယ်တော့ မိုင်းဗုံးနင်းမိမလဲလို့ ကျိုးလန့်စာစားပေါ့. . အဘိုးမှာ မောင်နှမသားချင်းလည်း မရှိဘူး. . အဘိုးတစ်ယောက်တည်း မွေးခဲ့တာ. . အဘိုးရဲ့မိဘတွေက ဘုရားတရားကို ရိုသေကိုင်းရှိုင်းပြီး အင်မတန်မှ စိတ်ထားကောင်းမွန်ကြတယ်. . ဒါပေမယ့် ပြန်ချိန်တန်တော့လည်း သေမင်းခေါ်လို့ ပြန်သွားရတာပါပဲ'

အဘိုးရဲ့မျက်လုံးတွေက အဝေးကို ငေးပြီး ဆွေးညို့နေသည်။

'အဲဒီနေ့က အဘိုးနဲ့အမေ တောထဲမှာ မျှစ်သွားချိုးကြတာ၊ မျှစ်ချိုးပြီး ပြန်တော့ အမေက အဘိုးကို ရှေ့က ပေးမသွားဘူး. . သူနဲ့ခွာပြီး ခပ်လှမ်းလှမ်းက လိုက်ခဲ့ဖို့ ပြောတယ်. . ဘာကြောင့်လဲဆိုတာ ငယ်သေးတော့ သိပ်မသိခဲ့ဘူးပေါ့ကွယ်. . သိပ်မကြာပါဘူး အသံအကျယ်ကြီး ကြားလိုက်ရပြီး အမေ လေထဲကို မြောက်တက်သွားတာတွေ့လိုက်ရတယ်. . ဒီမြင်ကွင်းက ဒီကနေ့အထိ အဘိုးကို ခြောက်လှန့်နေတုန်းပဲ သမီးရယ်. . အဘိုးရဲ့အမေဟာ ခေါင်းတခြား၊ လက်တခြား၊ ခြေထောက်က တစ်နေရာမှာ. . ကြည့်ရက်စရာကို မရှိပါဘူး. . တကယ်တော့ အမေက သူ့အသက်ပေးပြီး အဘိုးကို ကယ်သွားခဲ့တာ'



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးပြောရင် အဘိုး ငိုတော့မှာမို့ Ivy က စကားလွှဲပြီး -

'အဘိုးတို့ရွာမှာ စာသင်ကျောင်းမရှိဘူးဆိုတော့ ဘယ်မှာသွားသင်ရလဲဟင်'

'ဘုန်းတော်ကြီးကျောင်းမှာ သင်ရတာပေါ့. . ဒါပေမယ့် အေးအေးချမ်းချမ်းသင်ရတယ်လို့ မရှိပါဘူးကွယ်၊ ရွာထဲက ကလေးတွေဆို စားဝတ်နေရေးအတွက် မိဘတွေကို ဝိုင်းကူပြီးမှ စာသင်ရတာ. . အဘိုးအပါအဝင်ပေါ့လေ. . မနက်တိုင်း ထင်းဆိုက်ဖို့ သစ်ကိုင်းခြောက်တွေ ကောက်ပေးရတယ်. . ရေခပ်ပေးရတယ်. . ပြောရမယ်ဆိုရင် ငယ်ငယ်တုန်းက အဘိုး အရမ်းကိုပင်ပန်းခဲ့ပါတယ်၊ ဒါတွေ ဘာကြောင့်ဖြစ်ရသလဲလို့ ထပ်ပြန်တလဲလဲ အဘိုး တွေးမိတယ်. . နောက်တော့ တဖြည်းဖြည်း နားလည်လာတယ်. . ငွေမရှိလို့၊ ဆင်းရဲလို့ဆိုတဲ့ အဖြေကိုရလာတယ်. . အဘိုးတို့မိသားစုမှာသာ ငွေရှိရင် အမေလည်း အဖြစ်ဆိုးနဲ့သေစရာမလိုဘူး၊ မြို့ကြီးပေါ်မှာ အေးအေးချမ်းချမ်းနဲ့ပညာသင်ခွင့်ရမယ်၊ အဲဒီအချိန်ကစပြီး အဘိုး ဦးနှောက်ထဲမှာ ငါ ငွေရှာရမယ် ဆိုတဲ့အသိက သံမှိုစွဲသလို စွဲထင်သွားပြီ'

လူကြီးတစ်ယောက်ရဲ့စိတ်ကို ကလေးဘဝရဲ့ပုံရိပ်က ၇၀





ရာခိုင်နှုန်းလောက် လွှမ်းမိုးနေတယ်လို့ Ivy ထင်သည်. . ဒီးကျူးစရာတစ်ခုက အဘိုးဟာ သူဖြစ်ချင်တာကို သူသိပြီး ဦးတည်ချက်မပျောက်အောင် လျှောက်လှမ်းနိုင်ခဲ့သူဖြစ်သည်။

အဲဒီအတွက်လည်း Ivy က ဂုဏ်ယူလေသည်။

'ဘိုးဘိုးမှာ အခု ငွေတွေအများကြီး ပိုင်နေပြီ. . ဒါပေမယ့် မပျော်ဘူး မဟုတ်လား. . သမီးအထင်တော့. . လောကမှာ ကိုယ်ကျန်းမာပြီး စိတ်ပျော်ရွှင်ဖို့က အဓိကပဲ. . ဟုတ်တယ် မဟုတ်လား ဘိုးဘိုး'

'မြေးလေးပြောတာ မှန်ပါတယ်. . စိတ်ပျော်ဖို့ဆိုတာက အကျိုးအကြောင်းတိုက်ဆိုင်မှ ပျော်ရတာလေ'

'ဘိုးဘိုးမှာ သမီးတစ်ယောက်လုံးရှိနေတာ၊ ဘာဖြစ်လို့. . မပျော်တာလဲဟင်'

'အဘိုး အသက်ကြီးလာပြီ သမီး. . အဘိုး မရှိတဲ့နောက်မှာ သမီးကို ဘယ်လိုလုပ်ပြီး စိတ်ချလက်ချထားခဲ့ရမလဲ. . အဲဒါတွေ တွေးလိုက်ရင် အိပ်လို့ကို မပျော်ပါဘူးကွယ်. . အဘိုး အခု သေတမ်းစာရေးထားပြီးပြီ. . ရှေ့နေဦးလူရက သမီး အသက်ဆယ့်ရှစ်နှစ်ပြည့်ရင် လွှဲပေးလိမ့်မယ်'

Ivy ရင်ထဲမှာ ဝမ်းနည်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးတစ်ယောက်လုံး ကျန်းကျန်းမာမာနဲ့ရှိနေသေးတာပဲ. . ဘာဖြစ်လို့ သေတမ်းစာရေးရသလဲပေါ့. .

'အဲဒါတွေပြောပြီး ဘိုးဘိုးက ဘယ်သွားမှာလဲဟင်'

'မနက်ဖြန်ဆိုတာ မသေချာပါဘူး သမီးရယ်. . အဘိုးကတော့ ငါ့မြေးအနားမှာ အမြဲနေချင်တာပေါ့. . ကဲ. . စကားပြောလို့ ကောင်းနေလိုက်တာ. . နှစ်နာရီတောင် ထိုးသွားပြီ. . မြေးလေးသွားအိပ်တော့နော်. . သမီး စင်ကာပူကို ဘယ်နေ့သွားမှာလဲ'

Ivy လှည့်ကြည့်လိုက်တော့ အဘိုးမျက်ဝန်းမှာ ဝေခွဲရခက်တဲ့အရိပ်တစ်ခုကိုသွားတွေ့သည်။

'သမီး. . .'

'ဘာလဲ. . သမီး မသွားချင်ဘူးလို့ ပြောမလို့မဟုတ်လား။ သွားပါ သမီးရယ်. . မလှိုင်းဖြူက သမီးလေးကို relax ဖြစ်စေချင်နေတာ. . တက္ကသိုလ်တက်ဖို့အတွက် သမီးစိတ်ကို အားဖြည့်ထားရမယ်လေ. . ပြောလို့ပြောတာ မဟုတ်ဘူး. . ဒီမိန်းမက သမီးကို အရမ်းသံယောဇဉ်ကြီးတာ. . သူရှိနေလို့ တော်သေးတာပေါ့ကွယ်'

'Good night ဘိုးဘိုး အိပ်မက်လှလှမက်ပါစေ၊ နတ်သမီးတစ်ဖက် ငါးရာဆိုတော့ တစ်ထောင်. . . နတ်သမီးတစ်ထောင်နဲ့ ဘိုးဘိုးတွေ့ပါစေ. . . အဟိ'





သူပြောချင်ရာပြောပြီး တခစ်ခစ်ရယ်နေတဲ့ မြေးမလေး။ သူ့ပါးကိုလည်း ဘယ်ပြန်ညာပြန်နမ်းပြီး နှုတ်ဆက်ရသေး. .

ဒီမြေးမလေးဟာ သူ့ရဲ့အသက်ပါပဲ။

Ivy အခန်းထဲက ထွက်သွားပြီး အတော်ကြာတဲ့အထိ သူအိပ်လို့မပျော်ခဲ့။

မအိပ်နိုင်ရတဲ့ အကြောင်းရင်းကလည်း ရှိနေတော့ အရာရာတိုင်းဟာ ခက်ခဲနက်နဲနေတော့တာပဲ. .

သက်ပြင်းတွေ အကြိမ်ပေါင်းမရေမတွက်နိုင်အောင် ချနေမိသည်။

♦



www.burmeseclassic.com

www.burmeseclassic.com

# (၃)

ဒီနေ့. . Ivy နိုင်ငံခြားသွားမည်မို့ တော်ဝင်သစ်ခွတစ်ခြံလုံးရှိ အလုပ်သမားများ အားလုံး Ivy အနားမှာ. . ဝိုင်းအုံနေကြသည်။

Ivy ရဲ့အပြင်အဆင်က ကိုးရိုးယားမလေးတွေလို ချစ်စရာကောင်းပြီး လှချင်တိုင်း လှနေတော့သည်။

'မမလေး ပြန်လာရင် နီထွေးတို့အတွက် မုန့်တွေဝယ်ခဲ့ပါနော်'

'ကြာဖြူအတွက်က အင်္ကျီလှလှ'

'အိစိုးအတွက် ဖိနပ်လှလှလေးနော်'

Chief Cook ကြီး မာတင်ကပါ အားကျမခံ။





'Ivy လေး. . လေးလေးအတွက် ယိုးဒယားမလေး တစ်ယောက်လောက် ဝယ်ခဲ့ပေးနော်'

Ivy က တခစ်ခစ်ရယ်ရင်း

'လေးလေးကလည်း. . . ပေါက်ပေါက်ရှာရှာ မှာရတယ်လို့'

ဒေါ်လှိုင်းဖြူက အားလုံးကို သိမ်းကျုံးပြီး

'နင်တို့မှာတာတွေ အားလုံးသာ ဝယ်ရမယ်ဆိုရင် ငါတို့တူဝရီးနှစ်ယောက် ခြေညောင်းပြီး သေလိမ့်မယ်. . ဟွန်း. .'

'တီထွေး. . ဘိုးဘိုးလည်း ပြန်မလာသေးဘူး'

အဘိုးဖြစ်သူကို ကန်တော့သွားချင်လို့ Ivy က တမျှော်မျှော်လုပ်နေသည်။

'ဟော. . ဟိုမှာ သူဌေးကား ဝင်လာပြီ'

ဟုတ်ပါရဲ့. . ဘိုးဘိုးက ကတိတည်သားပဲ။

လာမယ်ဆို. . အချိန်အတိအကျကို ရောက်လာသည်။

စိုးဘညွန့်တို့ အရင်ဆင်းလာပြီး အဘိုးကို အရိုအသေပေးကာ တံခါးဖွင့်ပေးကြသည်။

Ivy က အဘိုးကိုပြေးပြီးဖက်သည်။ အဘိုးက Ivy နဖူးလေးကို နမ်းပြီး -



www.burmeseclassic.com

www.burmeseclassic.com



'မြေးမလေး. . ကျန်းမာရေးကို ဂရုစိုက်နော်'

'သမီးကိုပဲ မမှာနဲ့လေ. . ဘိုးဘိုးလည်း ဂရုစိုက်ဦး'

'အဘိုးကို စိတ်ချပါ သမီးရယ်. . .၊ လေယာဉ်ချိန် နီးပြီ မဟုတ်လား. . ကဲ. . ကဲ. . သွားကြတော့'

Ivy က ခြံထဲမှာ အလှစိုက်ထားတဲ့မြက်ခင်းပေါ် ကျုံ့ကျုံ့လေးထိုင်ချလိုက်ပြီး လက်အုပ်လေးချီကာ အဘိုးကိုကန်တော့သည်။

'ဘိုးဘိုးရဲ့ဂုဏ်ကျေးဇူးကို သမီးကန်တော့ပါတယ်'

ဦးတစ်ကြိမ်ချပြီး

'ဘိုးဘိုးအပေါ်မှာ ပြစ်မှားကျူးလွန်မိသောအပြစ်များရှိခဲ့လျှင် ခွင့်လွှတ်ပါရန် တောင်းပန်ကန်တော့ပါတယ်'

ဦး နောက်တစ်ကြိမ်ချသည်။

'ဘယ်အချိန်မဆို. . ဘယ်နေရာမှာမဆို. . ပဲ့ပြင် ဆုံးမပေးပါရန် အပ်နှံပြီး ကန်တော့ပါတယ် ဘိုးဘိုး'

မိုက်ကယ်ထူးက လိမ္မာလွန်းသော မြေးမလေးကို သူ့လက်နဲ့ခေါင်းလေးကို အုပ်မိုးပြီး

'လိမ္မာလိုက်တာကွယ်. . ငါ့မြေးလေး ဘေးမသီရန်မခဘဲ အဘိုးဆီ ပြန်လာနိုင်ပါစေ'

'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘိုးဘိုး'





Ivy ပြန်ထလာတဲ့အချိန်မှာ ဂါဝန်စကို သူ့ပါးစပ်နဲ့လှမ်းဆွဲထားတဲ့ ဒုံရီ့ကိုတွေ့ရသည်။

'ဝုတ်. . ဝုတ်'

'ဟယ်. . ဒုံရီလေး. . ဘိုးဘိုး. . သူ သမီးကို နှုတ်ဆက်နေတယ်'

'သံယောဇဉ်လေ။ တိရစ္ဆာန်ပေမယ့် သူတို့မှာလည်း အသိရှိတယ် သမီး. . ဖွင့်မပြောတတ်လို့သာ၊ တစ်ခါတလေဆို တိရစ္ဆာန်လေးတွေက လူတွေထက်ပိုပြီး သစ္စာရှိကြတယ်'

မိုက်ကယ်ထူးက ဘာကို တွေးတောပြီး၊ ဘာကို ခံစားပြီး ပြောနေမှန်း မသိပေမယ့် Ivy က သူ့ခွေးမလေးကို ဝမ်းနည်းစွာ နှုတ်ဆက်နေမိသည်။

'ဒုံရီလေး. . မမ မရှိလည်း ထမင်းကို အချိန်မှန်စားရမယ်နော်. . နီထွေး. . နင် ဒုံရီ့ကို ချော့ပြီး ကျွေးနော်. . မကျွေးလို့ကတော့ ငါပြန်လာရင် နင်နာပြီသာမှတ်'

'မမလေး. . ကား အဆင်သင့်ဖြစ်ပါပြီ၊ သွားရအောင်'

'အားလုံးပဲ Ivy သွားပြီနော်'

Ivy က ကားပေါ်တက်ပြီးနောက်. .

'ဘိုးဘိုး. . အရမ်းချစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဟု ရအောင် ပြောသွားသေးသည်။ Ivy ပါသွားတဲ့ ကား ကို မျက်စိတဆုံးကြည့်ပြီး မိုက်ကယ်ထူးက တစ်စုံတစ်ယောက်ဆီ ကို ဖုန်းခေါ်ပါတော့သည်။

ဖုန်းဝင်သွားတော့ -

'ငါပြောမယ်. . သေချာနားထောင်. . xxxxxxxx . . . xxxxxx. . . . xxxxx'

♦



(၄)

Ivy ရဲ့ နိုင်ငံခြားခရီးစဉ်တစ်လျှောက်မှာ စိတ်လှုပ်ရှား ပျော်ရွှင်ဖို့ကောင်းသလောက် သူမ•ဘယ်လိုမှမသိနိုင်တဲ့ အဖြစ် အပျက်တွေဟာလည်း တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လို့နေသည်။

ဂျင်းဂျာကင် မိုးပြာရောင်ကို ဝတ်ထားသော အမိုက်စား body structure နဲ့လူတစ်ယောက်. . သူမ သွားလေရာနောက်မှာ တောက်လျှောက်ပါနေသည်။

သူဘယ်သူလဲဆိုတာ Ivy မသိသလို ဒေါ်လှိုင်းဖြူလည်း သိ ပုံမရပါ။

မျက်မှန်အနက်တပ်ပြီး ဆံပင်ရှည်ရှည်ကို အနောက်မှာ စည်းထားသော ထိုသူသည် အဖွဲ့တစ်ဖွဲ့နှင့်လည်း အမြဲ contact ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်း သူ့ဆီကို message တွေ ဝင်နေသည်။

Ivy တို့ မနက်ဖြန်မှာ ပတ္တရားကမ်းခြေကိုသွားမည်ဟု . . သတင်းပို့လာသည်။

Message ထဲမှာ ဒီတစ်ကြိမ် အောင်မြင်ပါစေဟုလည်း ဆုတောင်းပေးထားသည်။

♦



## Pattaya Beach

Speed Boatစီးရတဲ့အရသာကို Ivy က အလွန်နှစ်သက်သည်။ ရေပြင်ပေါ်မှာ ရှပ်တိုက်ပြီး ပြေးနေတာကို နီးနီးကပ်ကပ် ခံစားလို့ရနေသည်။

လှေပေါ်မှာ ယပက်လက်တွေ ပါသလို သူမတို့လို မြန်မာတွေလည်း ပါသည်။

'တီထွေး . . ပတ္တရား ရောက်ရင် သမီး ရေထဲ ဆင်းမယ်နော်'

'သိပ်ါရှင် . . သိလို့လည်း တီထွေးက သမီးအတွက် ရေကူးဝတ်စုံတောင် ထည့်လာသေးတယ်'

'သမီးအတွက်ပဲလား . . မရဘူးနော် . . တီထွေးပါ ဆင်းရမှာ'



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှိုင်းဖြူက အထိတ်တလန့်ဖြင့်

'ဟဲ့. . ဒီအသက်ဒီအရွယ်ကြီးနဲ့ လူမြင်လို့မှမတော်၊ ဆ
ပါဘူး'

'အတင်းဆွဲ ချမှာပဲ'

သူတို့နှစ်ယောက် စကားပြောနေတုန်းမှာ အခြားSpe
Boat တစ်စင်းဟာ အရှိန်ပြင်းပြင်းနဲ့ သူတို့ဆီ ဦးတည်ပြီး ဝင်
နေသည်။

လှေပေါ်မှာ ပါလာတဲ့လူတွေ အားလုံး အထိတ်တ
ဖြစ်ပြီး ဝိုင်းအော်ကြသည်။

Ivy က ဆက်မကြည့်ရဲသဖြင့် တီထွေးလက်ကို အတင်း
ကိုင်ထားပြီး မျက်လုံးကို မှိတ်ထားလိုက်သည်။

ဘာတွေ ဘယ်လိုဆက်ဖြစ်သလဲတော့ မသိ။ သူမမျက်
ဖွင့်ကြည့်တဲ့အချိန်မှာတော့ လှေကလေးဟာ ဘေးကင်းစွာ ရှိ
သည်။ လူတွေရဲ့အပြောအရတော့ -

'သေပြီလို့ တွက်လိုက်တာ. .'

'Life Jacket တွေ ပါသားပဲ'

'ပါပေမယ့် ဝတ်ဖို့ အချိန်ရဦးမှကိုး. . အရှိန်ကြီးနဲ့ဝင်
လိုက်ရင်တော့ သွားပြီပဲ'





'တော်သေးတာပေါ့. . တခြားလှေတစ်စင်းက ဝင်ကယ်
သွားပေလို့'

ထိုစကားကိုတော့ Ivy စိတ်ဝင်စားသွားသည်။ တီထွေးကို
မေးကြည့်တော့. .

'တီထွေး. . ဘယ်က လှေလဲဟင်'

'မသိပါဘူး သမီးရယ်. . . ဟိုလှေက တည့်တည့်ကြီး ဝင်
လာတဲ့ အချိန်မှာ အဲဒီလှေကလည်း အရှိန်နဲ့ ကြားမှာ ဝင်ခံလိုက်
တယ်'

'ဟာ. . ဒါဆို သူတို့လှေကို တိုက်မိသွားမှာပေါ့'

'မတိုက်သွားဘူး. . ဂငယ်ကွေ့ ပြန်ကွေ့သွားတယ်'

ဒါဆို. . အဲဒီလှေက လာကယ်သွားတာပဲ. . Ivyက ဘာ့
လို့ မသိလိုက်ရတာလဲ. .

မြန်မာအုပ်စုထဲမှ အောက်ဘက် မြိတ်၊ ထားဝယ်ဘက်က
လေသံနဲ့ အန်တီကြီးတစ်ယောက်က -

'သူ ကယ်လို့ တို့မသေတာဝေ့. . လှေမောင်းလည်း ကျွမ်း
ကျင်စမား. . အင်္ဂလိပ်ကား ကြည့်နေရတာမျိုးပွဲ'

ကြားဝင်ခံပြီး ကယ်သွားတဲ့လှေကို ဝိုင်းပြီး ချီးကျူးနေကြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်ဝင်ပြီး ထိတ်လန့်နေတော့ ပတ္တရားကမ်းခြေ ရောက်တဲ့အချိန်မှာ သူမ ကြုံးဝါးခဲ့သလို ရေထဲ မဆင်းနိုင်တော့ပါ။ ကမ်းခြေမှာပဲ Tourက စီစဉ်ပေးတဲ့ဆိုင်မှာ စားသောက်ပြီး အမှတ် တရပစ္စည်းလေးတွေ လိုက်ဝယ်နေမိသည်။

အချိန်ရနေသေးတာမို့ တီထွေးက အုန်းရည်သောက်ပြီး အနှိပ်ခံဖို့ အဖော်စပ်လာသည်။

တစ်နာရီကို ဘတ်တစ်ရာနှုန်းဖြင့် ကမ်းခြေက ခုံလေးတွေ မှာ ယိုးဒယားမကြီးတွေ လိုက်ပြီး နှိပ်ပေးနေကြသည်။

တီထွေးက အနှိပ်ကြိုက်သူပီပီ နေကာမျက်မှန်ကြီး တပ် ပြီး ပယ်ပယ်နယ်နယ်ကို အနှိပ်ခံနေသည်။ အနှိပ်ခံရင်း စကားက လှမ်းပြောရသေးသည်။

'သမီး. . ဒီက ပြန်ရင် ရေမိုးချိုးပြီး ညခြောက်နာရီမှာ အခြောက်တွေကတဲ့ show ပွဲ သွားကြည့်ရမှာနော်'

Ivy တို့ ပတ္တရားမြို့မှာ တစ်ညအိပ်ရမှာ ဖြစ်သည်။

Ivy က အားပါးမရှိတဲ့လေသံနှင့်

'တီထွေး မကြောက်ဘူးလားဟင်. . ခုနတုန်းကသာ လှေ မှောက်သွားခဲ့ရင် သမီးတော့ ဘိုးဘိုးနဲ့တောင် ပြန်တွေ့ရမှာ မဟုတ် တော့ဘူး'





တီထွေးက အေးအေးဆေးဆေးပင်။

'သေတစ်နေ့ မွေးတစ်နေ့ပါ သမီးရယ်၊ အခု သေကံမစေ့ သေးတော့ သမီး မသေသေးဘူး မဟုတ်လား'

'သမီးရင်တွေ ခုထိ ခုန်နေတုန်းပဲ'

'ကြောက်စိတ်မထားနဲ့ သမီးရေ. . ကြောက်ရင် နှစ်ခါသေ ရတတ်တယ်'

Ivy က ဘာမှဆက်မပြောတော့ဘဲ အုန်းစိမ်းရည်ကို ပိုက် နဲ့စုပ်ပြီး သောက်နေသည်။

အဝေးကြည့်မှန်ပြောင်းတစ်လက်. .

လူတစ်ယောက်. .

သူ မြင်နေတာက

ချစ်စဖွယ်အမူအရာလေးနဲ့

အပြစ်ကင်းတဲ့ ကောင်မလေးတစ်ယောက်. . .

◆



www.burmeseclassic.com

www.burmeseclassic.com

## (၅)

နဂိုစီစဉ်ထားတာက ဘန်ကောက်မှာ ငါးညအိပ်ဖို့ ဖြစ်ပေမယ့် Ivy က စိတ်ပြောင်းသွားပြီး ပြန်မည်လုပ်လို့ လေယာဉ်လက်မှတ်ကို ပြန်ချိန်းယူလိုက်ရသည်။

ဒေါ်လှိုင်းဖြူလည်း Ivy ကို တားမရတော့ စိတ်တွေညစ်နေသည်။ သူမက shopping ထွက်တာ ဝါသနာပါသလောက် ဒီကောင်မလေးက သိပ်ပြီး စိတ်ဝင်စားပုံမရလှပါ။

ဒေါ်လှိုင်းဖြူရဲ့ဆန္ဒအရဆို ဘန်ကောက်မှာ တစ်လလည်း နေနိုင်သည်။ တည်းတဲ့နေရာကနေ ထွက်လိုက်တာနှင့် အထည်တွေ ရောင်းတဲ့ဆိုင်တွေဆိုတာ တန်းစီနေသည်။ အဆင်စုံ အသွေးစုံနဲ့ လှမှလှ. .

ဘုရားပေးထားတဲ့ ရှာမှရှား. . ဆိုတဲ့ ဘဝမျိုးမှာ Ivy က





ပျော်ပိုက်ပုံမရပါ။ သမီးလေး Ivy တို့အရွယ်တုန်းက လှိုင်းဖြူတွေးရဲ့ ဘဝက ကြမ်းလိုက်တာများ. . ပြန်တောင် မတွေးချင်လောက်အောင်ပဲ။

တောနယ်လေးတစ်နယ်က ချဉ်ဖတ်တွေစိမ်ပြီး ရောင်းတဲ့အိမ်မှာ ကပ်နေခဲ့ရသည်။ တစ်နေ့ကို ချဉ်ဖတ်အိုးနှစ်ဆယ်လောက် စိမ်ပေးခဲ့ရသည်။

သူမအနား ကပ်လိုက်ရင် ချဉ်ဖတ်စော်တွေ နံပြီး. . လူတကာက နှာခေါင်းရှုံ့ကြသည်။ မွှေးကြိုင်လန်းဆန်းစေတဲ့ ရေမွှေးနံ့ အကောင်းစားတွေနဲ့တော့ လုံးဝဆန့်ကျင်ဖက်ပေါ့. . .

အိမ်ရှင်အဒေါ်ကြီးရဲ့ အနှိပ်စက်ခံဘဝမှာ အားငယ်ဝမ်းနည်းတဲ့အခါတိုင်း ချဉ်ဖတ်အိုးအလွတ်တွေထဲကို ခေါင်းထိုးပြီး

'ငါ. . တစ်နေ့. . ချမ်း. . သာ. . ရ. . မယ်'

ဆိုပြီး ကြိမ်ဖန်များစွာ မျက်ရည်များစွာနဲ့ အော်ဟစ်နေခဲ့မိသည်။

'တီထွေး. . ဘိုးဘိုးအတွက် MK က ဘဲကင်နဲ့ ဝက်သားအချို ဝယ်သွားရအောင်နော်'

Ivy ရဲ့အသံကြားမှ သူမရဲ့အသိစိတ်တို့ ပြန်ပြီး ကပ်လာသည်။ ညFlight နဲ့ပြန်မှာဆိုတော့ Ivy က သူ့အဘိုးအတွက် ဝယ်သွားပြီး ကျွေးချင်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



'သွားဝယ်မယ်လေ. .'

ထုံးစံအတိုင်း ဘန်ကောက်မှာက ကားလမ်းတွေ အရမ် Trafficဖြစ်တော့ လမ်းလျှောက်ရတာက များသည်။ Ivy က မြင်မြ သမျှ အင်္ကျီတွေ၊ accessories တွေ၊ ဖိနပ်တွေ၊ အိတ်တွေကို

'ဒါလေးက နီထွေးအတွက်'

'ဒါက ကြာဖြူနဲ့လိုက်တယ်. .'

'ဒါက အိစိုးဖို့. . .'

'ဒါက အန်ကယ်မာတင်အတွက်. .'

ဆိုပြီး. . သိမ်းကျုံးဝယ်ကာ အထုပ်တွေ မနိုင်မနင်းနဲ့တောင်မှ ဒိုမ် အတွက်ဆိုပြီး ထပ်ဝယ်သေးသည်။

ဒေါ်လှိုင်းဖြူထွေးက -

'သမီးရယ်. . ဟိုမှာလည်း ဒါတွေရှိရဲ့သားနဲ့. . အလကာ အလေးခံပြီး သယ်နေသေးတယ်'

'ဩော်. . ဘယ်တူမလဲ တီထွေးရယ်၊ Ivy ပြန်လာရင် လက် ဆောင်ပါလာမယ်ဆိုပြီး သူတို့မျှော်နေကြတာ၊ အမှတ်တရအနေနဲ့ သူတို့ရဲ့အပျော်လေးတွေကို Ivy မြင်ချင်တယ်'

တီထွေးက သူမဆံပင်ကလေးတွေကို ချစ်စနိုးလေးနဲ့ ဖွပ် လိုက်ပြီး





'ဝေဿန္တရာမလေး'ဟု ကျိစယ်လိုက်သည်။

လူတစ်ယောက် သူတို့နှစ်ယောက် နောက်ကို ရှဲဗိုးလိုက် နေတာ သူတို့ မသိကြ။

Ivy က ယိုးဒယားမလေးတွေ ဝတ်သလို. . ပေါင်လယ် လောက်ရှိမည့် ဂျင်းဘောင်းဘီ အဝါရောင်လေးနဲ့ အပေါ်က နက် ပြာရောင် အင်္ကျီအပါးကလေးကို ဝတ်ထားပြီး အရမ်းကို လန်းနေ သည်။

လမ်းတစ်လျှောက် တွေ့သမျှမုန့်တွေ အကုန်ဝယ်စားနေ သည်။ ယိုးဒယားတွေ ကောက်ညှင်းကြိုက်သလို Ivy လည်း ကြိုက် တာမို့ လမ်းဘေးမှာ လှည်းလေးတွေနဲ့ရောင်းနေတဲ့ ကောက်ညှင်း နဲ့ကြက်ကင်ကို ဝယ်ပြီး ပလုတ်ပလောင်းစားနေလို့ ဒေါ်လှိုင်းဖြူ ပင် မျက်လုံးပြူးရသည်။

ပါးစပ်ထဲက အစားအသောက်က မကုန်သေးဘူး၊ ခွက် အကြီးကြီးတွေနဲ့ရောင်းတဲ့ ကော်ဖီအေးကို ထပ်ဝယ်ပြန်သည်။

'သမီးလေး. . ဗိုက်တွေ ဘာတွေ အောင့်နေဦးမယ်ကွယ်၊ ညကျရင် လေယာဉ်စီးရဦးမှာ'

'သမီးကြိုက်တယ်လေ တီထွေးရဲ့'

သူ့အကြိုက်တွေ့နေရင် ဘယ်လိုပဲ တားတား. . တားလို့



www.burmeseclassic.com

www.burmeseclassic.com



ရမှာ မဟုတ်မှန်းသိနေတော့ ဒေါ်လှိုင်းဖြူက ဆက်မပြောတော့ဘဲ အသာကြည့်နေလိုက်သည်။

ဆိုင်ကယ်တွေက အရမ်းများပြီး ဟိုက ပေါ်လာလိုက်. . ဒီက ပေါ်လာလိုက်နှင့် ရှုပ်ယှက်ကို ခတ်နေသည်။

နေကာမျက်မှန်အောက်မှ သူ့မျက်လုံးတွေက အန္တရာယ်ရဲ့အငွေ့အသက်တွေကို မြင်နေရသည်။

'တည့်တည့်ဝင်လာနေပြီ. . ရန်သူရှိတယ်. . ရှင်းထား'

ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားတဲ့လူက ဆိုင်ကယ်ကို အရှိန်မြှင့်ကာ Ivy ဆီသို့ တစ်ဟုန်ထိုး ဝင်လာနေပြီ။

လူတစ်ယောက်က ပြေးဝင်လာပြီး သူမကို လမ်းဘေးသို့ ဆောင့်ပြီးတွန်းလိုက်သည်။

'အား. . .'

ကြောက်စိတ်၊ ထိတ်လန့်တုန်လှုပ်တဲ့စိတ်တွေကြောင့် Ivy က ငယ်သံပါအောင် အော်လိုက်မိသည်။ ဒေါ်လှိုင်းဖြူလည်း အခုမှ သတိဝင်လာကာ -

'သမီး. . သမီးလေး. . ဘာဖြစ်သွားသေးလဲဟင်'

Ivy က ငိုမဲ့မဲ့လေးဖြင့်

'သမီးလက်နာသွားပြီ တီထွေး'





'တောက်. . လူရမ်းကားတွေ. . ဆိုင်ကယ်ကို ဘယ်လိုလုပ်မောင်းနေလဲ မသိဘူး'

'ထားလိုက်ပါတော့ တီထွေးရယ်. . သမီး. . ဟိုတယ်ကိုပဲပြန်တော့မယ်'

Ivy လေး လန့်သွားပြီထင်ရဲ့။

သူ့အဘိုးကြိုက်တဲ့ ဘဲအချိုချက်ကလေးတောင်မှ ဝယ်ဖို့သတိမရတော့။

'ဘာဖြစ်လို့လဲ သမီးရယ်. . သမီးပဲ လေးမျက်နှာဘုရားကိုဖူးချင်တယ်ဆို'

'ဖူးတော့ ဖူးချင်တာပေါ့ တီထွေးရယ်. . ဒီကို စရောက်ကတည်းက သမီး ကံမကောင်းဘူးလေ. . ဘာတွေဖြစ်နေမှန်းလည်း မသိဘူး. . ဟိုတယ်ပြန်ပြီး အိပ်တာပဲ ကောင်းပါတယ်'

Ivy က ဟိုတယ်ဘက်ကို ခြေဦးလှည့်နေပြီဆိုမှတော့ သူမလည်း လိုက်ရပြီပေါ့။

ဒေါ်လှိုင်းဖြူက အခန်းထဲမှာ ညပြန်ဖို့အတွက် ပစ္စည်းတွေသိမ်းနေရင်း Ivy ကို အကဲခတ်ကြည့်တော့ အခန်းရဲ့မျက်နှာကျက်ကို အမိပ္ပာယ်မဲ့ငေးမောနေတာတွေ့လိုက်ရသည်။

'သမီး. . ဘာတွေ တွေးနေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်ခြင်းနဲ့သေခြင်းကြားထဲမှာ ဘာမှမရှိဘူးနော် တီထွေး'

ဒါက သူမရဲ့အတွေးလား၊ ဒဿနလားဆိုတာ မသိနိုင်ပေ မယ့် ဒေါ်လှိုင်းဖြူက သူမခုတင်ပေါ်မှာ တင်ပါးလွှဲဝင်ထိုင်ပြီး

'ဘာလို့မရှိရမှာလဲ သမီးရယ်. . သေသွားမှသာ အားလုံး ပြီးသွားတာလေ. . ရှင်ခြင်းနဲ့သေခြင်းကြားမှာ ငွေတွေလိုတယ်. . အချိန်တွေလိုတယ်. . ဒါတွေရှိမှ ပြည့်စုံမှ ရှင်ခြင်းကို ဆွဲဆန့်ထား လို့ရတာ'

'ဘုရားရေ! တီထွေးက ဘာလို့ သမီးအမြင်နဲ့မတူရတာလဲ ဟင်'

ဒေါ်လှိုင်းဖြူက သူမပါးက ပါးချိုင့်လေးပေါ်အောင် ပြုံး ရင်း -

'ဒါက တီထွေးခံစားချက်နဲ့ နှိုင်းယှဉ်ပြီး ပြောပြတာပါ. . တီထွေးရဲ့မေမေဆို ကျောက်ကပ်တွေ ပျက်စီးပြီး ဆေးမကုနိုင်လို့ သေခဲ့ရတာလေ. . တီထွေးတို့မှာသာ ပိုက်ဆံရှိရင် သူများတွေလို နိုင်ငံခြားမှာ ကျောက်ကပ်သွားလဲနိုင်မှာပေါ့. . ဒါဆို မေမေလည်း မသေတော့ဘူး. . တီထွေးလည်း ဒုက္ခမရောက်တော့ဘူးလေ'

'တီထွေးက ဒီလိုထင်နေတာလား၊ သမီးမိဘတွေကျတော့ ပိုက်ဆံတွေ ထားစရာမရှိအောင်ပေါပြီး ဘာမှမခံစားရဘဲ သေမင်း





ခေါ်ရာ ပါသွားရတာ တီထွေးရယ်. . ငွေကြေးနဲ့ ရှင်သန်ခြင်းက တခြားစီလို့ သမီး ထင်တာပဲ။ အမှန်တော့လေ အသက်ရှင်နေတဲ့ အချိန်မှာ အဓိပ္ပာယ်ရှိရှိနေတတ်ဖို့ပဲ လိုတာပါ'

တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်းဖလှယ်ပြီးနောက် မှာတော့ Ivy က ညက အိပ်ရေးပျက်တဲ့အရှိန်နဲ့ အိပ်ပျော်သွား သည်။

ဒေါ်လှိုင်းဖြူက Ivy အိပ်သွားပြီဆိုမှ အပြင်သို့ တစ်ခေါက် ပြန်ထွက်သွားသည်။

သူတို့အခန်းကို တစ်ချိန်လုံး အကဲခတ်နေသော လူတစ် ယောက်က တစ်ယောက်သောသူဆီ. . ဖုန်းနှင့် contact လုပ်ပြီး သတင်းပို့နေသည်။

'ဆရာ. . ဟိုမိန်းမကြီး ထွက်သွားပြီဆရာ၊ ကောင်မလေး တစ်ယောက်တည်း အခန်းထဲမှာ'

'ကြည့်ရှင်းထားလိုက်'

'ကောင်းပါပြီ ဆရာ'

Ivy ရဲ့အခန်းရှေ့မှာ လူနှစ်ယောက် အရက်မူးပြီး ရန်ဖြစ် နေကြသည်။

ယိုးဒယားလိုပြောပြီး ပွဲကြမ်းနေစဉ် လူတစ်ယောက် သူတို့



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ရပ်လာပြီး အခန်းထဲဝင်ဖို့အတွက် လမ်းဖယ်ခိုင်းသည် အဲဒီမှာ အလွန်ရစ်ပုံရတဲ့ အမူးသမားတစ်ယောက်က လမ်းမဖယ် ပေးသည့်အပြင် အခန်းထဲဝင်မည့်သူကို ဘာမပြောညာမပြောနှင့် ချက်ကောင်းကို ကစ်ထည့်လိုက်သည်။

သူ့လက် ဘယ်လောက်အထိ ပြင်းသလဲဆို. . ဟိုလူ တစ် ခါတည်း သတိလစ်သွားသည်။

စကားမေးတောင် မရတော့။

အမူးသမားအယောင်ဆောင်ထားတဲ့ လူ နှစ်ယောက်က သတိလစ်နေတဲ့လူကို မျက်နှာချင်းဆိုင်ရှိ သူတို့အခန်းထဲသို့ ဆွဲခေါ် သွားကြသည်။

တစ်နာရီလောက်ကြာတော့ ဒေါ်လှိုင်းဖြူ အပြင်မှပြန်လာ သည်။

သူမ အခန်းတံခါးကိုဖွင့်ပြီး ဝင်လာတဲ့အချိန်ထိ Ivy လေး က အိပ်လို့ကောင်းတုန်း။

Ivy ကိုကြည့်ပြီး ဒေါ်လှိုင်းဖြူ မျက်နှာပျက်သွားသည်။

အထိတ်တလန့်ပုံလည်း ပေါက်နေသည်။ အနားကပ်ပြီး တိုးတိုးလေး ခေါ်မိသည်။

'Ivy..သမီးလေး. . သမီး. . အိပ်တုန်းလား'





Ivy က မျက်လုံးနှစ်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်ပြီး ပြုံးပြ၊ လျှာထုတ်ပြကာ

'ဝါး. . '

'အ. . မယ်. . လေး. . '

'ဟား. . ဟား. . ဟား. . တီထွေး တကယ်လန့်သွားတယ် တော့. . sorry နော်. . သမီးက ချစ်လို့စတာပါ'

ဒေါ်လှိုင်းဖြူလည်း တုန်နေတဲ့ရင်ကို လက်နဲ့ဖိထားပြီး

'သမီးရယ်. . လန့်သွားတာပဲ. . တီထွေးက သမီးလေး နိုး လာရင် ဗိုက်ဆာနေမှာစိုးလို့ ထမင်းဆင်းဝယ်တာ၊ သမီး စားတော့ မလားဟင်. . ဒါမှမဟုတ် ရေအရင်ချိုးမလား'

Ivy က အပျင်းဆန့်လိုက်ပြီး

'တီထွေး. . အခု ဘယ်နှနာရီထိုးပြီလဲဟင်'

'ဒီကအချိန်နဲ့ဆို နှစ်နာရီကျော်နေပြီ သမီး. . ကားလမ်း တွေက ကျပ်တော့ တီထွေးတို့ လေးနာရီလောက် ထွက်မှ ရမှာ'

'ဒါဆို စားကြမယ်လေ. . ပြီးမှပဲ ရေချိုးတော့မယ်'

ယိုးဒယားငါးပိသုပ်နဲ့ တို့စရာတွေကို ပလာတူးငါးကင်နဲ့ အားရပါးရစားနေတဲ့ Ivy. . ဒေါ်လှိုင်းဖြူကလည်း သူ့သမီးလေးကို အရိပ်တကြည့်ကြည့်နဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေး စပ်နေပြီ၊ ရော့. . ရေခဲရေအေးအေးလေး သောက်လိုက်ဦး'

'ရှူး. . အား. . စပ်တယ်နော်. . ဒါပေမယ့် စားလို့ကောင်းတယ်. . တီထွေးက အရမ်းအလိုက်သိတာပဲ'

Ivy က ရေခဲရေ သောက်နေရင်းတောင်မှ ရအောင် အချွဲပိုလိုက်သေးသည်။

♦



## (၆)

### ရန်ကုန်မြို့၊ တော်ဝင်သစ်ခွစံအိမ်

Ivy လေး ပြန်လာလို့ တစ်ခြံလုံး ရှိရှိသမျှ လူတွေ အကုန်ပျော်နေကြသည်။

အဘိုးက ခရီးသွားနေလို့ ဒီနေ့မှပြန်ရောက်မှာတဲ့. .

ဟိုလူ့အတွက်. . ဒီလူ့အတွက်. . ဆိုပြီး လက်ဆောင်တွေ ထုတ်ပေးနေရလို့ Ivy လည်း မနားရသေးပေ။

ဒေါ်လှိုင်းဖြူက နီထွေးတို့အုပ်စုကို ဆူနေသည်။ ပစ္စည်းတစ်ခုရတိုင်း 'ဝေး. . 'ဆိုပြီး နင်းကန်အော်ကာ ထ,ထပြီး ခုန်နေတဲ့ဟာမတွေ. .

'ဟဲ့. . ဆတ်စလူးစိန်တွေ. . တိုးတိုးသက်သာ အော်ကြ. . ခဏနေ သူဌေးပြန်လာတော့မှာ. . လက်ဆောင်ရလို့ ပျော်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ငါ့သမီးကို နှိပ်ပေးလိုက်ကြဦး. . သူ့ခမျာ နင်တို့အတွက်
မမောနိုင်မပမ်းနိုင် သယ်လာရတာ. .'

ထမင်းချက်ကြီးမာတင်က သူ ရတဲ့ လက်ဆောင်နဲ့ တင်
တိမ်ပုံမပေါ်။

'Ivy လေး. . ဝါမှာတဲ့ ယိုးဒယားမလေး မပါဘူးလား'

'လေးလေးရယ်. . ပတ္တရားမှာ တွေ့တဲ့တစ်ယောက်က. .
ချောမှချော၊ လှမှလှ သိလား. . ဒါပေမယ့် သူက ဈေးကြီးမဲ့ပုံပဲ'

'ဘယ်လောက်ကြီးကြီး. . လှရင် ခေါ်ခဲ့ရောပေါ့ဟာ'

တီထွေးက စဉ်းစားပြီး ဘာမှနားမလည်တဲ့ပုံနဲ့

'သမီး. . ဘယ်သူ့ကိုပြောနေတာလဲဟင်'

'ဩော်. . တီထွေးနှယ်. . ဟိုရှိုးပွဲကတစ်ယောက်ကို ပြော
တာ. . တကယ့်မိန်းမအတိုင်းပဲလေ၊ အမှန်အတိုင်းပြောရင် မိန်းမ
ထက်တောင် လှသေးတယ်'

ဒေါ်လှိုင်းဖြူလည်း အဲဒီတော့မှ သဘောပေါက်ပုံရသည်။
တခွီးခွီးနဲ့ကျိတ်ပြီးရယ်နေလို့ ဦးမာတင်က -

'မိန်းမတွေထက်လှတယ်ဆိုတော့ သူက ဘာလဲဟင်'

'ဈေးကြီးပါတယ်ဆိုမှ. . ဓာတ်ပုံလေး တစ်ခါတွဲရိုက်မိပါ
တယ်. . ဘတ်လေးဆယ်တောင်းတယ် လေးလေးရယ်. . တစ်သက်





လုံး ခေါ်ထားမယ်ဆို ဘယ်လောက်တောင်းမလဲ မသိဘူး. . ဒီမှာ
လာကြည့်. . ဒီတစ်ယောက်ကို ပြောတာ'

Ivy က သူမ ကင်မရာထဲမှာ အတူတွဲရိုက်လာသည့်ပုံကို
ခေါ်ပြီးပြသည်။

ချက်ချင်းပင် သူမအနားမှာ လူတွေ ဝိုင်းအုံလာကြသည်။
ဦးမာတင်က မျက်လုံးကြီးပြူးပြီး

'လန်းလှချည်လား. . Ivy နော် Ivy. . လေးလေး ဒီပုံကို
ကြည့်ပြီး ညအိပ်မပျော်အောင် လုပ်တာပေါ့ ဟုတ်လား'

'လေးလေးရေ. . ဒီပုံထဲမှာ မျှောနေရင် မောသွားမှာပေါ့၊
အဲဒါ မိန်းမ မဟုတ်ဘူး၊ ယောကျ်ားကြီးတွေ. . အခြောက်မတွေ. .
ဟင်း. . ဟင်း. .'

'တကယ်. .'

'ဟုတ်လို့လား မမလေးရယ်'

'မိန်းမ မဟုတ်ဘူးလား'

ဘယ်သူမှမယုံကြလို့ Ivy လည်း ပါးစပ်ညောင်းခံပြီး ရှင်း
မနေတော့ပေ။

'တီ. . တီ. . တီတီတီ. .'

ဒီဖုန်းသံက အဘိုးပြန်လာပြီ. . ဆိုတာ အချက်ပြတာမို့



www.burmeseclassic.com

www.burmeseclassic.com



Ivy က ပြေးပြီး ကြိုသည်။ ကားရပ်လျှင်ရပ်ချင်း မိုက်ကယ်ထူး
တပည့်တွေ တံခါးဖွင့်ပေးတဲ့အထိ မစောင့်တော့ဘဲ သူ့ဘာသူ က
တံခါးဖွင့်ပြီး ဆင်းချလာသည်။

Ivy က အဘိုးကို ပြေးဖက်ပြီး -

'ဘိုးဘိုးကို သမီး လွမ်းနေတာ'

မိုက်ကယ်ထူးက တဟားဟားအော်ရယ်ရင်း -

'ဒါကြောင့်ထင်တယ်. . ငါ့မြေးလေး ကိုယ်ရေစစ်သွားတ
မလိုင်းဖြူ. . နင် ငါ့မြေးကို ထမင်းမှန်မှန်ကျွေးရဲ့လား'

'သူဌေးမြေးက သိပ်မစားရှာဘူး. . လမ်းတစ်လျှောက်
သူ ဝယ်မစားတဲ့ဆိုင် မရှိသလောက်ပဲ'

အားလုံး ဝိုင်းရယ်ကြသည်။ မိုက်ကယ်ထူးက ထမင်းချ
မာတင်ကို လှမ်းပြောသည်။

'မာတင်. . ဒီည ငါ့တို့ ပါတီလုပ်ကြမယ်'

'ဟုတ်ကဲ့ပါ သူဌေး'

Ivy က သိချင်လို့ ဝင်မေးသည်။

'New Year လည်း မဟုတ်ဘဲနဲ့ ဘာအတွက်လဲ ဘိုးဘိ

'ငါ့မြေးမလေး ပြန်လာလို့. . ဒီထက် အရေးကြီးတာ ရှိ
ဦးမလား သမီးရဲ့'





ခြံထဲမှာရှိသမျှ လူတွေအားလုံး ပျော်နေကြသည်။ ပါတီ
အတွက် တာဝန်တွေခွဲပြီး ပြင်ဆင်နေကြသည်။

ဒီညတော့ အစွမ်းကုန်ကဲကြပေတော့မည်။

မိုက်ကယ်ထူးက ပါတီ တစ်ခါပေးလျှင် သိန်းသုံးဆယ်
လောက် အသာလေးပြုတ်သည်။

မပြုတ်ခံနိုင်ရိုးလား။ သူ့ပါတနာတွေ၊ မိတ်ဆွေတွေ၊ အရာ
ရှိအရာခံတွေ နည်းမှမနည်းဘဲလေ။

ဧည့်ခံတာကလည်း တစ်သိန်းကျော်တန် သောက်စရာတွေ
ရှာမှရှားတဲ့ ကျောက်ပုစွန်ကင်တို့၊ ဈေးကြီးတဲ့ နှင်းငါးနဲ့ ဆော်လ
နင်ငါးကင်၊ ဝက်ကလေးကင်၊ ဘဲကင်၊ အကောင်းတကာ့ထိပ်ခေါင်
တွေပဲ ရှယ်ကျွေးတာကိုး. . .

အဘိုးဖြစ်နေတော့ မတားသာလို့ ကြည့်နေရတာ၊ အဲဒီ
ကုန်သွားတဲ့ငွေတွေကို Ivy က အရမ်းနှမြောနေသည်။

မရှိတဲ့လူတွေကို သွားကျွေးရင် တစ်ယောက်တစ်ထောင်
န်းနဲ့ပဲ တွက်ဦး၊ လူသုံးထောင်လောက်ကို အသာလေး ကျွေးလို့ရ
သည်။ ဘယ်လောက်တောင် ကုသိုလ်ရလိုက်မလဲ။

'ဘိုးဘိုး'

'ဘာလဲ မြေးရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ပါတီ မလုပ်ပါနဲ့လားဟင်'

'သိပြီ.. သဘောပေါက်ပြီ.. အဲဒီအတွက် ကုန်မယ့်ငွေ
သမီး လှူပါရစေလို့ ပြောမလို့ မဟုတ်လား'

Ivy က သွားတက်ကလေးတွေပေါ်အောင် ရယ်ပြသည်

'ဟုတ်'

'သမီး စိတ်တိုင်းကျလှူဖို့ အဘိုးက သိန်းတစ်ရာပေးမယ်
ဒါပေမယ့် ဒီည အဘိုးပျော်လို့ပေးတဲ့ပါတီလည်း သမီးသဘော
ရမယ်၊ ဘယ့်နှယ်လဲဟေ့.. fair ဖြစ်တယ် မဟုတ်လား'

အားလုံးက တညီတညာတည်း ထောက်ခံကြသည်။

'ဖြစ်ပါတယ်'

တော်ဝင်သစ်ခွခြံကြီးထဲမှာ အပျော်တွေ ဝေပြီး ရယ်
တွေနဲ့စည်ကားလို့နေသည်။

ဒါဟာ Ivy လေးကို အားလုံးက အလေးထားတယ်ဆိုတာ
ပြလိုက်တာပါပဲ။

◆



(၇)

Ivy က ဒဂုန်ရွှေမှူး crazy မို့ ဆရာရေးတဲ့ စာအုပ်တွေ
ကို တစ်အုပ်ပြီးတစ်အုပ် ဖတ်နေသည်။

အချိန်တွေ ကုန်လို့ ကုန်သွားမှန်းလည်း မသိသလို သူမ
အာရုံတွေက စာလုံးတွေရဲ့ဆွဲခေါ် ရာနောက်ကို မျောပါသွားသည်။

ပြတင်းတံခါးမှ တိုးဝင်လာတဲ့လေတွေက စိမ့်ပြီး အေးလာ
သည်။

ထိုအခါကျမှ သူမ တံခါး မပိတ်ရသေးတာကို သွားပြီး
သတိရသည်။

ခုတင်ပေါ်ကနေ ဆင်းသွားပြီး ပြတင်းပေါက်ကို ပိတ်ဖို့
အလုပ်မှာ ပြတင်းမှန်မှာ နှင်းကျထားလို့ ရေမှုန်တွေ ရွှဲနေတာတွေ့
ရတော့ Ivy အရမ်းပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟယ်. . နှင်းစက်တွေပါလား. . ဆောင်းတောင် ရောက်ပြီပဲ'

စိတ်ထဲမယ် ဘာရယ် မဟုတ်ဘဲ အရမ်းကို ပျော်သွားသည်။ Ivy ငယ်ငယ်လေးကတည်းက နှင်းတွေ ကျရင် အလိုလိုရင်း ကြည်နူးနေခဲ့တာလေ။

စိတ် ဆိုတာကလည်း ဆန်းကျယ်သားပဲ။ ကြည်နူးစိတ်ရဲ့နောက်မှာ ဒယ်ဒီနဲ့မာမီကို သတိရပြီး အားငယ်လာပြန်သည်။

ဘာဆိုဘာမှလိုလေသေးမရှိပေမယ့် မိစုံဖစုံရှိတဲ့လူတွေကိုမြင်ရင် အားကျသည်။ ဝမ်းနည်းမိသည်။

Ivy အထီးကျန်နေတာ ကိုယ့်ဟာကိုယ်ပဲ သိသည်။

ဘန်ကောက်မှာကြုံခဲ့ရတဲ့ အထိတ်တလန့်ဖြစ်ရပ်တွေကသာမန်တိုက်ဆိုင်မှုလား?

မဖြစ်နိုင်ဘူးလို့ ထင်ပါသည်။ ဒယ်ဒီနဲ့မာမီပြီးတော့ သူတို့ရဲ့ပစ်မှတ်က Ivy ဖြစ်လာခဲ့ပြီလား. .

တောင်တွေးလိုက် မြောက်တွေးလိုက်နဲ့ Ivy သိလိုက်တာ တစ်ခုက သူမကို လူတစ်ယောက်က လိုက်ကယ်နေသလိုပဲ။

'ဒေါက်. . . ဒေါက်. . .'

နာရီကိုကြည့်လိုက်တော့ ညနှစ်နာရီထိုးနေပြီ။





'ဘယ်သူလဲ. .'

'အဘိုးပါ. . မြေးလေး မအိပ်သေးဘူးလား'

Ivy က တံခါးဖွင့်ပေးလိုက်လျှင် အဘိုးက ပတ်ဝန်းကျင်ကို အကဲခတ်သလိုကြည့်ပြီး အသာလေးဝင်လာကာ တံခါးကို ပြန်ပိတ်လိုက်သည်။

အဘိုးက မလာစဖူး အလာထူးသလို ထူးဆန်းတဲ့ အမူအရာတွေနဲ့မို့ -

'ဘိုးဘိုး ဘာဖြစ်လို့လဲဟင်'

'ရှူး. .'

အဘိုးက အသာနေရန် အချက်ပြပြီး သူမကို ဆွဲခေါ်ကာ အခန်းထဲရှိ ဆိုဖာပေါ်တွင် ထိုင်စေသည်။ ပြီးတော့မှ. . အဘိုးက စကားကို တိုးတိုးတိတ်တိတ်ပြောလာသည်။

'မြေးလေး. . အဘိုးတို့မှာ အန္တရာယ်တွေ ဝိုင်းနေပြီကွယ်၊ အရမ်းကို သတိထားမှဖြစ်တော့မယ်'

'ဘိုးဘိုးကို သမီးပြောစရာရှိတယ်၊ ဘန်ကောက်မှာ မတော်တဆမှု နှစ်ကြိမ် ကြုံခဲ့တယ်. . သမီးအထင်တော့ ဒါဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး. . ထူးဆန်းတာက သမီးကို လူတစ်ယောက်က လိုက်ပြီး ကယ်နေသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်ထူးဆီမှာ နက်နဲသောအပြုံးတစ်ခုကို တွေ့လိုက်ရသည်။

အမိပ္ပာယ်ဖော်ရ ခက်သလို. . နားလည်ရ ခက်တဲ့ အပြုံးမျိုးပင်။

'အဘိုးနားလည်တယ် သမီး. . ဒီကရှေ့ သမီးလေး အပြင်ကို သိပ်မထွက်နဲ့တော့. . ပြီးတော့. . ဒီစာအုပ်တွေအကုန်လုံး သမီးသိမ်းထား. . လုံးဝလုံခြုံတဲ့နေရာနော် သမီး. . ဘယ်သူမှ မရှိပ်မိနိုင်၊ မသိနိုင်တဲ့နေရာမျိုးမှာ သိမ်းပါ သမီး. . ရှင်းရှင်းပြောမယ်. . သမီးရဲ့အထိန်းတော်ကို ဒီအကြောင်းတွေ လုံးဝမဟာပါနဲ့'

Ivy လက်ထဲကိုရောက်လာတာက ဒီနိုင်ငံက ဘဏ်စာအုပ်တွေသာမက နိုင်ငံပေါင်းစုံက ဘဏ်စာအုပ်တွေ. .

ဒီလောက်များတဲ့ငွေပမာဏတွေက သေမင်းကို လက်ယပ်ပြီး ခေါ်သလိုဖြစ်နေသည်။

'ဒါတွေက. . သမီးတို့အတွက် အန္တရာယ်တွေလားဟင်. . ဘိုးဘိုး၊ သမီးကြောက်တယ်'

အဘိုးက Ivy ပခုံးလေးကို ဖက်ပြီး

'ဒီမှာကြည့်. . ဒါတွေ အဘိုးအခန်းထဲက တွေ့လာတာ Spy တွေ သုံးလေ့သုံးထရှိတဲ့ recorder အသေးစားလေး





တွေ. . video camera ပါတဲ့ ပစ္စည်းလေးတွေ၊ သုံး-လေး ခုထက်မနည်း အဘိုးလက်ထဲမှာတွေ့ရသည်။

'အဘိုးအခန်းထဲမှာ ဘယ်သူလာထားသွားတာလဲ'

Ivyက အထိတ်တလန့်မေးလျှင် အဘိုးက ခေါင်းကို အသာရမ်းရင်း

'အဘိုးလည်း သိချင်နေတာ. . ဒီပုံအတိုင်းဆို အတွင်းရန်ရှိနေပြီထင်တယ်'

'ရှင်'

တစ်သက်လုံး ဒီလူတွေနဲ့ပဲ နေခဲ့တာလေ. . Ivy ကတော့အားလုံးကိုယုံသည်။ 'တော်ဝင်သစ်ခွ'စံအိမ်ထဲမှာတော့ ရန်သူလုံးဝမရှိနိုင်။

'ဟုတ်တယ် သမီး. . အဘိုးတို့မှာ အန္တရာယ် အရမ်းများနေပြီ။ လာမယ့် စနေနေ့မှာ အဘိုးနဲ့သမီး နှစ်ယောက်တည်း Ivy Island ကို သွားကြတာပေါ့. . အဲဒီရောက်မှ အေးအေးဆေးဆေး စကားပြောကြမယ်လေ'

သံယောဇဉ်ကြီးတတ်တဲ့ Ivy လေးက

'တီထွေးကို ခေါ်ခဲ့ရမလားဟင်'

'မခေါ်နဲ့ သမီး'



www.burmeseclassic.com

www.burmeseclassic.com



အဘိုးဆီက ခွင့်ပြုမိန့်မရတော့ Ivy မျက်နှာလေးငယ်သွားသည်။ ဒါကိုသိတော့ မိုက်ကယ်ထူးက သူ့မြေးမလေးကို ပြန်ပြီးနှစ်သိမ့်သည်။

'ကဲပါ. . အဘိုးပြောလို့ ငါ့မြေးလေး စိတ်ရှုပ်နေပြီ ထင်တယ်. . ဘာမှလျှောက်တွေးမနေနဲ့ ကြားလား. . သတိသာ မလွတ်စေနဲ့. . သမီးလေးကို စိုးရိမ်လို့ပြောတာပါကွယ်. . အဘိုး မီးပိတ်ပေးမယ်. . အိပ်တော့နော်'

မိုက်ကယ်ထူးက မြေးမလေးရဲ့နဖူးကို အသာနမ်းပြီး

'Good Night သမီး. . အိပ်မက်လှလှမက်ပါစေ'

အပူအပင်မရှိ။ ကြောင့်ကြမှုကင်းတဲ့ ဘဝလေးမှာ တစ်သက်လုံး နေခဲ့ပြီးကာမှ Ivyရဲ့ ဦးနှောက်ထဲကို သောကတွေ၊ တွေးစရာတွေ ဒီညမှာ စတင်ပြီး ဝင်ရောက်လာခဲ့ပြီ။

Ivy က အဘိုးသိမ်းခိုင်းခဲ့တဲ့ ဘဏ်စာအုပ်တွေအားလုံးကို သူမ တစ်ယောက်တည်းသာ သိတဲ့ ရေချိုးခန်းbasinနဲ့ တွဲလျက်ရှိတဲ့ ဘဲဥပုံမှန်ပိုင်းလေးအနောက်မှာရှိတဲ့ နံရံကပ်အံဝှက်လေးထဲမှာ ထည့်ပြီး သိမ်းထားလိုက်သည်။

ဒါပေမယ့် စိတ်ထဲမှာတော့ သိပ်ပြီး မလုံလှပေ။ အဘိုးအခန်းထဲမှာလိုပဲ သူမအခန်းမှာလည်း CCTV (လျှို့ဝှက်ကင်မရာ)





တွေ တပ်မထားဘူးလို့ ဘယ်သိနိုင်ပါ့မလဲ။ အခန်းတစ်ခန်းလုံးပတ်ပြီး လိုက်ရှာကြည့်သည်။

ဘာမှတော့ ထွေထွေထူးထူးမတွေ့ရပေ။

စိတ်ရှုပ်စရာတွေကို ခေါင်းထဲက ခဏ ထုတ်ကြည့်လိုက်သည်။ ဒါဆို စိတ်ကျေနပ်စရာကောင်းတာက ဘာများရှိမလဲ. .

ဟိုကျွန်းလေးပေါ့. . Ivy Island ကို သွားရမည်မို့. . သူမ ရင်တွေခုန်နေသည်။ ဒီကျွန်းလေးကို နောင်နှစ်နှစ်ကျရင် Ivy ပိုင်ရတော့မည်။

Ivy လုပ်ချင်တဲ့ဆန္ဒတွေ၊ မဖြစ်ဖြစ်အောင်လုပ်မည့်အရာတွေကလည်း ခေါင်းထဲမှာ စီပြီးသားဖြစ်နေသည်။

တစ်ယောက်တည်း တွေးပြီး တဖြည်းဖြည်းနဲ့ သူမ အိပ်ပျော်သွားသည်။

အိပ်မက်ထဲမှာ Ivy Island ပေါ်ကို သူမ ရောက်နေသည်။

♦



www.burmeseclassic.com

www.burmeseclassic.com

# (၈)
# Ivy Island

ဒီကျွန်းလေးပေါ်မှာ သူ အခြေချခဲ့တာ ခုဆိုရင် နှစ်နှစ်ရှိပြီပေါ့။ လွန်ခဲ့တဲ့နှစ်နှစ် နွေဦးပေါက်တဲ့အချိန်မှာ သူ စ,ရောက်ခဲ့တာ။

အဲဒီတုန်းကတော့ ဒီကျွန်းဟာ လူသူအရောက်အပေါက်နည်းတဲ့၊ ဘာမှမထူးခြားတဲ့ သာမန်ကျွန်းကလေးတစ်ကျွန်းပါပဲ။

သူ့နာမည်က 'ဟုန်ကမ္ဘာ'

သူ့တာဝန်က ဒီကျွန်းကို အသက်ဝင်လာအောင် ဖန်တီးပေးဖို့။

ပေးအပ်လာတဲ့တာဝန်ကို အသက်စွန့်ပြီး ဦးလည်မသုံ ထမ်းရွက်ဖို့ သူသစ္စာခံထားတဲ့သူက သူဌေးကြီးဦးမိုက်ကယ်ထူး။

နှစ်နှစ်အတွင်းမှာ သူ့ရဲ့အစွမ်းအစနဲ့ ဒီကျွန်းကလေးဟာ





လုံးဝကို ပြောင်းလဲသွားခဲ့ပြီ။ ဘယ်လောက်တောင် ပြောင်းလဲသွားခဲ့သလဲဆိုတော့. . တခြားကျွန်းတစ်ကျွန်းကို ရောက်သွားသလိုကို ခံစားရသည်။

သူဌေးကြီးရဲ့တစ်ဦးတည်းသော မြေးမလေးအတွက် ကျွန်းရဲ့အလယ်မှာ ဆောက်လုပ်ထားတဲ့ စံအိမ်ကြီးက ခမ်းနားပြီး ထည်ဝါလွန်းသည်။

ခေတ်မီပြီး ပင်လယ်ပြင်ရှုခင်းကို အပေါ်စီးကနေ ကြည့်ရှုခံစားနိုင်အောင် မှန်ချပ်ကြီးတွေနဲ့ဆောက်ထားသည်။

ဒီကျွန်းမှာ ထူးခြားတာတစ်ခုက ရေတံခွန်တစ်ခု ရှိနေသည်။ သူမြင်ဖူးသမျှ ရေတံခွန်တွေထဲမှာ ဒီရေတံခွန်က အလှဆုံးလို့ထင်သည်။

ဟိုး. . အမြင့်ကြီးကနေ တဝေါဝေါနဲ့စီးကျနေတဲ့ ရေတွေအောက်မှာ မျက်လုံးကိုမှိတ်၊ စိတ်တွေကို relax လုပ်ပြီး ရေချိုးရတာကို ဟုန် အရမ်းနှစ်သက်သည်။

ဟုန်က သူ သက်လုံကောင်းအောင် ရေတံခွန်ကြီးနံဘေးမှာပဲ လေ့ကျင့်တတ်သည်။

သူဌေးရဲ့မြေးမလေးက -

၁။ ကိန်းကြီးခန်းကြီးနိုင်တာကို မကြိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



၂။ သူတစ်ပါးကို နိုင့်ထက်စီးနင်း မလုပ်တတ်ဘူး။

၃။ တစ်ကိုယ်ကောင်းမဆန်တတ်ဘူး။

ဒါဆို သူမလေး ကြိုက်တာတွေက -

၁။ Ivy (အိုင်ဗီသစ်ခွပန်း)

၂။ မြန်မာ့ရိုးရာအကျီလေးတွေ

၃။ ယိုးဒယားအစားအစာ

လောလောဆယ် သူ သိတာတွေက ဒီလောက်ပဲ ရှိသေး သည်။ နောက်ထပ်သိချင်တာတစ်ခုက. . ဒီကောင်မလေး အရွယ် ရောက်လာတဲ့အခါ ဘယ်လိုယောကျ်ားမျိုးကို ချစ်မှာလဲ?

ဒါက သူ့အတွက်တော့ အရမ်းကို အရေးကြီးသည်။ ဘာ ဖြစ်လို့လဲဆိုတော့. . .

'ဆရာ. . အိုင်ဗီသစ်ခွတွေရောက်ပြီ'

ရေစိုနေတဲ့ ဆံပင်တွေကို ဝဲကနဲ ခါလိုက်ပြီး ပခုံးမှာတင် ထားတဲ့ မျက်နှာသုတ်ပဝါဖြင့် ဆံပင်တွေကို သုတ်ရင်း သူ လှမ်း ပြောလိုက်သည်။

'ထားလိုက်. . အဲဒီပန်းတွေ ငါကိုယ်တိုင် အလှဆင်မယ်'

ဖြိုးဇော်က သူ့ဆရာကို နားမလည်သလိုအူကြောင်ကြောင် နဲ့ကြည့်နေသည်။





'ဟေ့ကောင်. . ဘာလဲ. . မင်းက ငါ့ကို နေတိုးအောက်မေ့ လို့ ကြည့်နေတာလား'

'ဆရာက နေတိုးလည်း သိတယ်. . ဟုတ်လား၊ ဒီကျွန်းပေါ် မှာ နေပြီးတော့လေ'

'ဟာ. . ဒီကောင်တော့ သေချင်ပြီထင်တယ်. . ဘာလဲ. . ငါ့ကို ကျွန်းသားဆိုပြီး အထင်သေးတာပေါ့. . ဟုတ်လား၊ နေတိုး မပြောနဲ့. . ဂျပ်စတင်ဘီဘာလည်း ငါ သိတယ်. . Psy ရဲ့ဂမ်းနန် စတိုင်(လ်)ရော ကပြရဦးမလား'

'ဟား. . ဟား. . တော်ပြီ ဆရာ. . ဒီလောက်ဆို ရပြီ. . ဂမ်းနန်စတိုင်(လ်)ကလို့ ဆရာ့ခါးက သဘက်ပိုင်းကြီးကျွတ်ကျသွား ရင် သားသား ရှက်ရှက်. . ဟီး. . ဟီး. .'

လူကို လာပြီးနောက်နေတယ်။ ဟုန်က မျက်နှာပိုးမသတ် ဘဲ စပ်ဖြီးဖြီးလုပ်နေတဲ့ သူ့တပည့်ကျော်ကို တင်းလာပြီး

'ငါ ဗိုက်ဆာပြီ၊ ဘာဟင်းတွေ ချက်ထားလဲ'

သူ့ဆရာရဲ့အထာကိုသိသူမို့ ဖြိုးဇော်က ချက်ချင်း မျက်နှာ ပိုးသတ်လိုက်သည်။

'ငါးလိပ်ကျောက်အကြီးကြီးတစ်ကောင် ရလို့. . ကင်ထား တယ် ဆရာ၊ ပြီးတော့. . ငါးပိရည်ဖျော်ထားတယ်. . ဟဲဟဲ. . တို့



www.burmeseclassic.com

www.burmeseclassic.com



စရာကတော့ ကျွန်းမှာတွေ့သမျှ အရွက်တွေ အကုန်ခူးထားလိုက်တယ်'

'အဲဒီအရွက်တွေ အကုန် မင်းပဲစား'

ဖြိုးဇော်က ထွက်သွားတဲ့ သူ့ဆရာရဲ့နောက်ကျောကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ တွေးမိသည်။

ခန္ဓာကိုယ်က တောင့်တောင့်၊ ရုပ်က ဖြောင့်ဖြောင့်၊ အရပ်က ရှည်ပြီး စိတ်က မရှည်တဲ့ ဆရာ။ ဆံပင်ရှည်ပြီး နားကွင်းတစ်ဖက်ကို အမြဲဝတ်ထားတတ်ပေမယ့် မျက်နှာက တည်သည်။ အရယ်အပြုံးနည်းသည်။ ဒါပေမယ့် သူဌေးနဲ့တော့ တော်တော်ရေစက်ပါပုံရသည်။ သူဌေးက သေဆိုသေ၊ ရှင်ဆိုရှင်မည့်လူမျိုး။

တစ်စုံတစ်ယောက်အတွက် သူ အသက်ရှင်နေတာလို့. . ဆရာက ပြောဖူးသည်။ အဲဒါ ဘယ်သူလဲလို့ မေးမကောင်းလို့ သူငြိမ်နေရသည်။ သိချင်သမှ တစ်ပိုင်းသေပြီး တစ်ကိုယ်လုံး လေဖြန်းမတတ်ပင်။

ဆရာက ထမင်းစားပြီးရင် အုန်းရည်သောက်နေကျဆိုတော့ ဖြိုးဇော်ခမျာ ကြာကြာစဉ်းစားချိန်မရလိုက်။ အုန်းပင်ပေါ်ပြေးတက်ပြီး အုန်းသီးခူးရဦးမည်။

◆





'ဆရာ. . တော်ပြီလား. . ထပ်ထည့်ဦးလေ'

ဟင်းလည်း ကောင်းရဲ့သားနဲ့ ဆရာ ဘာဖြစ်လို့ အစားနည်းတာလဲ မသိဘူး။

ထမင်းစားနေရင်းနဲ့လည်း ဘာတွေစဉ်းစားနေလဲ မသိဘူး. . ငူငူငေါင်ငေါင်နဲ့. .

'ဆရာ. . ထမင်းစား မကောင်းလို့လားဟင်။ လက်ဖက်စားမလား. . ကျွန်တော်သွားထည့်ပေးမယ်လေ'

ဟိုတစ်ခေါက်. . သူဌေး လာတုန်းက သူတို့အတွက်. . . အခြောက်အခြမ်းတွေ၊ ဆန်၊ ဆီ၊ ဆေး၊ လက်ဖက်နှင့်တာရှည်ခံမည့် စည်သွပ်ဗူးတွေ ယူလာပေးတာ နည်းမှမနည်းဘဲ။

သူဌေးတောင် နောက်တစ်ခေါက်ပြန်လာတော့မယ်။ ဟိုတစ်ခေါက်က ရိက္ခာတွေဆို စားလို့တောင် မကုန်သေးဘူး။ မုန့်ဟင်းခါးအခြောက်ထုပ်နဲ့ အုန်းနို့ခေါက်ဆွဲတွေလည်း ပါတယ်။

ဒီကျွန်းပေါ်မှာ. . အလုပ် လုပ်နေတဲ့သူတွေ အားလုံး. . အယောက် သုံးဆယ်ကျော်ရှိသည်။ သူတို့ကို ဦးစီးပြီး အုပ်ချုပ်နေတာက ဆရာဟုန်ကမ္ဘာ။

ကွယ်ရာမှာတော့ ဆရာ့ကို ကျွန်းသားလေးလို့ ချစ်စနိုးနဲ့ ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးရေငုပ်ကတော့ ဘာကျွမ်းသလဲ မမေးနဲ့။ တနသ်ာ ရီတိုင်းက ဆလုံလူမျိုးတွေက 'ဆရာ'ပြန်ခေါ်ရမည် ထင်သည်။

ကိုယ်ခံပညာကလည်း ထိပ်တန်း။ တော်ရုံလူဆို လက်တစ် ဖက်တည်းဖြင့် ဆွဲပြီး မွေ့ပစ်လိုက်လို့ရသည်။

ဖြိုးဇော် နားမလည်တာတစ်ခုက ဆရာဟာ ပညာတတ် ဘွဲ့ရတစ်ယောက်ဖြစ်ပြီး မြို့မှာမနေဘဲ လူသူမရောက်တဲ့ ဒီကျွန်း လေးကို စိတ်ရော ကိုယ်ပါ နှစ်ပြီး ပေးဆပ်နေတာကို ဖြစ်သည်။

သူသိတာက ဒီကျွန်းကို သူဌေးကြီးက သူ့ရဲ့တစ်ဦးတည်း သော မြေးမလေးအတွက် ဝယ်ပေးထားတာဆိုပဲ။

ကောင်မလေးကိုတော့ ဖြိုးဇော် မတွေ့ဖူးသေးပါ။ ဒီကျွန်း ပေါ် သူရောက်တဲ့ တစ်နှစ်အတွင်းမှာ ပြောတာပါ။ တွေ့ဖူးတဲ့သူ တွေကတော့ အဲဒီသူဌေးမလေးကို မင်းသမီးလေးလို့ ပြောကြသည်။

ဒီလိုတွေကြားထားတော့ ဖြိုးဇော်က သူဌေးကြီးရဲ့မြေးမ လေးကို အသေတွေ့ဖူးချင်နေတာ။

'ဖြိုးဇော်'

'ဗျာ. .'

'နေ့ခင်းကျရင် အလုပ်သမားတွေအားလုံးကို လက်ဖက် ရည်ဖျော်တိုက်လိုက်၊ မုန့်ပုံးထဲက မုန့်တွေပါ ချကျွေး. . ကြားလား'





'ဟုတ်ကဲ့'

'ဒါဆို ငါ့ကို Ivyသစ်ခွတွေ ယူခဲ့ပေး၊ တစ်အိမ်လုံးကို အလှ ဆင်မလို့'

ဖြိုးဇော်ပါးစပ်ကလည်း အငြိမ်မနေနိုင်။

'ဆရာ. . ခါတိုင်း သူဌေးလာရင် ဒီလိုတွေ မလုပ်ပါဘူး၊ ဒီတစ်ခေါက် နည်းနည်းများ ထူးဆန်းနေသလားလို့'

ဟုန်ကမ္ဘာရဲ့မျက်နှာမှာ တွေ့ရခဲတဲ့အပြုံးတစ်ခုကို တွေ့ လိုက်ရသည်။

ပြုံးတာတောင်မှ တွန့်တိုရသေးတယ်လို့။

'VIP ပါလာလို့'

'သူဌေးရဲ့မြေးမလေးလား'

'ရောက်လာရင် သိမှာပေါ့ကွာ'

ဟုန်က ပြောပြီး သူ့အလုပ် သူသွားလုပ်နေသည်။

အိမ်ခေါင်မိုးပေါ်ထိတက်ပြီး အိုင်ဗီသစ်ခွတွေကို နေရာ အနှံ့ အလှဆင်နေတာမှ စိတ်တိုင်းမကျမချင်း ပြန်ကို ဆင်းမလာ တော့။

ဖထီးနဲ့ဖြိုးဇော်က ဟုန်ရဲ့ထူးခြားမှုတွေကိုကြည့်ပြီး တိုးတိုး တိတ်တိတ် မှတ်ချက်တွေ ချနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အရမ်းအံ့ဩတာပဲ . . ဖထီးရေ၊ သူပြောသလို တကယ့် VIP ဧည့်သည်ပဲ ထင်တယ်ဗျ'

'ဒီလောက်တောင် အနုစိတ်ပြီး ပန်းချီဆန်နေပုံထောက်တော့ အဲဒီဧည့်သည်ကို ငါတောင် စိတ်ဝင်စားလာပြီဟ'

ဟုန်ရဲ့ချယ်မှုန်းမှုအောက်မှာ အိမ်ကြီးဟာ ဂန္တဝင်ဆန်ပြီး လက်ရာမြောက်တဲ့ပန်းချီကားတစ်ချပ်လို ပြီးပြည့်စုံသွားသည်။

အိမ်ရဲ့အမိုးမှာလည်း Ivy သစ်ခွတွေ၊ အိမ်ရဲ့မျက်နှာစာမှာလည်း Ivy သစ်ခွတွေနဲ့ တော်ဝင်ဆန်စွာ ခမ်းနားနေသည်။

ဟုန်က သူ့စိတ်တိုင်းကျ ဖန်တီးထားတဲ့ လက်ရာတွေကို အိမ်ရှေ့မျက်နှာစာမှာ ရပ်ပြီး သေသေချာချာကြည့်နေသည်။

ကျေနပ်ပြီဆိုတော့မှ တစ်ယောက်တည်းပြုံးနေမိသည်။

ပြုံးနေတဲ့ သူ့မျက်နှာကို . . ဖထီးက အနီးကပ် လာကြည့်ကာ -

'ဒီလိုဆိုတော့လည်း မင်းက ပြုံးတတ်သားပဲ . . ဟဲဟဲ'

ဖထီးအပြောကို သဘောကျလို့ သူက ဟက်ခနဲတစ်ချက် ရယ်ကာ -

'မပြုံးတတ်တဲ့လူ ရှိလို့လားဗျ . . ကလေးလေးတွေတောင် ပြုံးတတ်သေးတယ်'





'တွေ့ရခဲလို့ ပြောတာဝေ့ . . မိုးတောင် ချုပ်ပြီ၊ ဖထီး မီးတွေဖွင့်လို့ရပြီလား'

'ဖွင့်လိုက်တော့လေ'

လူသူဝေးတဲ့ ဒီလိုကျွန်းမှာ ဟုန်က ကိုယ်ပိုင်မီးရအောင် လုပ်နိုင်တယ်လို့ပြောရင် နည်းနည်းတော့ ထူးဆန်းနေပါလိမ့်မည်။

တကယ်လည်း သူ လုပ်နိုင်ခဲ့ပါသည်။ အဆက်မပြတ် စီးဆင်းနေတဲ့ ရေတံခွန်ကြီးရှိနေမှတော့ အင်ဂျင်နီယာတစ်ယောက်ဖြစ်တဲ့ ဟုန်က ကြိုးစားပြီး စမ်းသပ်ပါတော့သည်။

ခုတော့ . . ဒီကျွန်းတစ်ကျွန်းလုံးကို မီးပေးနိုင်တဲ့အပြင် ပိုလျှံလို့ပင် နေလေသည်။

'ဟုန် . . ထမင်းစားတော့မလား'

'ရာသီဥတုကောင်းနေတော့ တော်သေးတာပေါ့'

မေးတာက တခြား၊ သူ့ဟာသူ ကောင်းကင်နဲ့ ပင်လယ်ကြီးကိုကြည့်ပြီး ရာသီဥတုအကြောင်းတွေ ပြောနေသည်။

'ရာသီဥတုကောင်းလည်း . . ထမင်းတော့ စားမှ ဖြစ်မယ်လေ'

'မစားချင်သေးဘူး . . ကျွန်တော် ဒီအိမ်ကြီးကို ကြည့်ပြီး ခံစားလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဖထီးတော့ ဟုန်ကမ္ဘာကို တကယ် လက်မြှောက်သွားပုံရသည်။ ခေါင်းခါပြီး မီးဖွင့်ဖို့ ထွက်သွားသည်။

ဟုန်က အိမ်ကြီးကို တစိမ့်စိမ့်ကြည့်ပြီး

'မနက်ဖြန်. . မင်းရဲ့သခင်မလေး ရောက်လာတော့မှာပါ။ ငါ တာဝန်ကျေတယ် မဟုတ်လား. . ငါတတ်နိုင်သလောက်တော့ ပေးဆပ်ထားတာပဲ. . မင်းတို့သခင်မလေး ကြိုက်ပါစေလို့ပဲ. . ဆုတောင်းပေးပါကွာ'

ဒီည. . ကောင်းကင်မှာ ကြယ်တွေကြောင့် လင်းလက်နေသလို Ivy ကျွန်းလေးမှာတော့ သူကိုယ်တိုင် ထုတ်လုပ်ထားတဲ့ လျှပ်စစ်မီးတွေ တစ်ကျွန်းလုံးလင်းထိန်နေလေသည်။

သေချာပါတယ်. . ဒီညလည်း သူ အိပ်ရေးပျက်ဦးမှာပါ။

◆



(၉)

ဟုန်က အိမ်ကြီးပေါ်မှနေပြီး Telescope ဖြင့် ကြည့်နေသည်။

ပင်လယ်ပြင်ကြီးထဲမှာ ရွတ်တရက်ပေါ်လာတာက 'ရာစုသစ်' ဇိမ်ခံသင်္ဘောကြီး. . .

သေချာပါတယ်. . သူတို့ လာနေပြီ။

လှေကားပေါ်က ရုတ်တရက်ပြေးဆင်းလာတဲ့ ဟုန်ကြောင့် ဖထီးတောင် လန့်သွားသည်။

'လာနေပြီ. . မင်းတို့အားလုံး လိုလေသေးမရှိ ဧည့်ခံကြနော်'

ပြောပြီး သူက ထွက်သွားတော့ ဖြိုးဇော်က

'ဆရာ. . ဆရာက ဘယ်သွားမလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူဌေး မေးရင်. . ငါ တောင်ပေါ်မှာ ရှိတယ်လို့ ပြော ပေးကွာ'

ဘာတွေကို ဘယ်လိုကြောင့် လောနေမှန်းမသိပေမယ့်. . ဆရာက သူတို့ကိုလည်း စိတ်ချပုံမရပါ။

'ဖထီး. . ဒီကောင်တွေအားလုံးကို မျက်လုံးနဲ့ ပါးစပ်တွေ စည်းကမ်းရှိအောင် ထိန်းနော်. . သူဌေး စိတ်ပြိုငြင်သွားရင် ကျွန်တော် ခွင့်လွှတ်မှာမဟုတ်ဘူး'

ဒီစကားကို ဆရာ ဘာကြောင့်ပြောသွားမှန်း ရုတ်တရက်တော့ သဘောမပေါက်ပေမယ့် ဖထီးက လူကြီးပီပီ ပြုံးနေသည်။ ဖြိုးဇော်က ဖထီး ရယ်နေလေ ပိုပြီး သိချင်လေမို့. .

'ဖထီး. . ဆရာ ဘာတွေဖြစ်နေတာလဲဟင်'

'ကျိန်းသေပါတယ်. . ဒီတစ်ခေါက် သူဌေးရဲ့မြေးမလေး ပါလာပြီ'

'ဖထီးကို ဘယ်သူပြောလဲ'

'တုံး. . ဒါလေးတောင် မသိဘူးလား. . ငါတို့တစ်ကျွန်းလုံးမှာ အထီးတွေပဲရှိလို့ မှာသွားတာပေါ့'

'ဖထီး. . သူဌေးရဲ့မြေးမကလေးက တော်တော် လှလားဟင်. . '





'လွန်ခဲ့တဲ့ ငါးနှစ်လောက်က တစ်ခါ လာသေးတယ်. . ဟောဒီလောက်လေး'

ဖထီးက သူ့ခါးကျော်ကျော်. . ရင်ဘတ်နား မရောက်တရောက်အရပ်အမောင်းကို ပြောပြတော့ -

'ဟင်း. . ကလေးလေးပဲဟာကို ဆရာတို့က လုပ်ချလိုက်ပြန်ပြီ'

'ငါလည်း ငါမြင်ဖူးတာကို ပြောတာလေ. . သူဌေးလာမှ ဟုန်က ထွက်သွားတာ ထူးဆန်းမနေဘူးလား'

'ဒါတွေကို နောက်မှပြောရအောင်. . လောလောဆယ်. . သူဌေးကို အရင်သွားကြိုကြစို့'

ဖြိုးဇော်က ဖထီးကို အတင်းဆွဲခေါ်သွားသည်။

သင်္ဘောဆိုက်လာမည့် ဆိပ်ခံတံတားပေါ်တွင် ကျွန်းပေါ်ရှိလူတွေ (တစ်ယောက်သောသူမှလွဲ၍) တန်းစီရပ်ပြီး သူဌေးကို ကြိုနေကြသည်။

'ရာစုသစ်'သင်္ဘောကြီး ဆိုက်ကပ်လာပြီ။

သိပ်မကြာပါ။ သူဌေးကြီးမိုက်ကယ်ထူးသည် အင်မတန်မှ လှပပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ကို လက်ဆွဲပြီး ဆင်းလာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အားလုံးက တညီတညာတည်း နှုတ်ဆက်ကြသည်။

'မင်္ဂလာပါ သူဌေးကြီး'

မိုက်ကယ်ထူးက -

'မင်္ဂလာပါ. . ဘယ်လိုလဲ. . အားလုံး အဆင်ပြေကြတယ်မဟုတ်လား'

'ပြေပါတယ် သူဌေး'

Ivy က သာယာလွန်းတဲ့ ကျွန်းလေးကိုကြည့်ပြီး ကြည်နူးနေသည်။

ကြည့်စမ်းပါဦး. . .

သူများနိုင်ငံက ကမ်းခြေကို ပိုက်ဆံတွေ အကုန်ခံပြီး သွားလာရတာ. . Ivy Island လောက်တောင် မလှဘူး။ စိတ်ဝင်စားစရာလည်း မကောင်းဘူး။

တီထွေးကို ခေါ်ပြီး ပြချင်လိုက်တာ. . ဘိုးဘိုးက မခေါ်ရဘူးဆိုလို့သာ. .

'ဘိုးဘိုး. . သမီး လျှောက်ကြည့်လိုက်ဦးမယ်'

'နေပါဦး သမီးရယ်. . ဒီမှာ နေဦးမှာပဲဥစ္စာ. . နောက်မှကြည့်ပေါ့'





Ivy ငယ်ငယ်တုန်းက ဒီကျွန်းပေါ်မှာ အဆောက်အဦကြီးကြီးမားမားတွေ မရှိသေးပါ။ ဘန်ဂလိုသာသာအိမ်လေး တစ်လုံးမှာ နေခဲ့ရတာ မှတ်မိနေသေးသည်။

အဘိုးက -

'အိမ်ကြီးရှင်သခင်မလေးက ကိုယ့်အိမ်ကိုယ် မကြည့်ချင်တော့ဘူးလား'

'ကြည့်မှာပေါ့ ဘိုးဘိုးရယ်'

'ဟိုးမှာ တွေ့လား'

အဘိုးညွှန်ပြတဲ့နေရာကို ကြည့်ပြီး Ivy အံ့ဩသွားသည်။

တစ်သက်နဲ့တစ်ကိုယ် ဒီလောက် ကဗျာဆန်ပြီး လှပတဲ့အိမ်မျိုးကို မတွေ့ဖူးခဲ့ပါ။

အံ့ဩလွန်းလို့ Ivy ခမျာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

'ဘယ်လိုနေလဲ သမီး. . ကြိုက်ရဲ့လား'

'လှလိုက်တာ အဘိုးရယ်. . ဒီ. . ဒီပန်းတွေက. . '

အိမ်ရဲ့အဝင်ဝတံခါးပေါ်မှာ သစ်ခွပန်းတွေနဲ့ 'Ivy'လို့ ပုံဖော်ထားတာကိုတွေ့ပြီး မေးခြင်းဖြစ်သည်။

'အဲဒါက Ivy သစ်ခွတွေလေ. . ဘယ်လောက်လှပြီး အဖိုး



www.burmeseclassic.com

www.burmeseclassic.com



တန်တယ်. . ခမ်းနားပြီး ထည်ဝါတယ်ဆိုတာ သမီးတွေ့ပြီ မဟုတ်လား. . အဘိုးရဲ့ ဟောဒီက မြေးမလေးလိုပေါ့'

Ivy ပျော်နေသည်။ သိပ်ကို သဘောကျပြီး ပျော်နေတဲ့ပုံပါ။

ပန်းတွေနဲ့ အလှဆင်ထားတဲ့ အိမ်ကြီးကို သူမ ကြည့်လို့ မဝဖြစ်နေသည်။

ကြည့်လေ. . ကြည်နူးလေမို့ Ivy က မေးလာသည်။

'ဘိုးဘိုး. . ဒီပန်းတွေကို ဘယ်သူ. . အလှဆင်ပေးတာလဲဟင်'

'တစ်ယောက်ယောက်ဖြစ်မှာပေါ့လေ'

အဘိုးရဲ့အဖြေက မရေရာမသေချာ။

ဒီကျွန်းပေါ်မှာ လူတွေအများကြီးရှိနေတဲ့ဥစ္စာ. . အဘိုးလည်း ဘယ်သိနိုင်မှာလဲ. .

အိမ်ထဲဝင်ဖို့ အဘိုးက အတင်းဆွဲခေါ်လို့သာ. . . သူမအလိုဆို ဒီပန်းလေးတွေကို ဝအောင် ကြည့်ချင်သေးသည်။

မိုက်ကယ်ထူးရဲ့နောက်မှာ သူ့ရဲ့ သက်တော်စောင့်အဖွဲ့တွေ၊ ထမင်းချက်တွေ ပါလာသည်။

အလုပ်သမားတွေက သင်္ဘောပေါ်မှ ရိက္ခာတွေကို ချနေ





ကြပြီ။ သူဌေးက သဘောကောင်းပြီး ရက်ရောသူမို့. . အားလုံးက ချစ်ကြသည်။

တခြားသူတွေတော့ မသိဘူး. . ဖထီးနဲ့ ဖြိုးဇော်ကတော့ သူဌေးယူလာမည့် သုံးထပ်သားနဲ့ဝက်ပေါင်ခြောက်ကိုသာ တမ်းတနေကြသည်။

ဖြိုးဇော်က တိုးတိုးလေး ကပ်ပြီး ပြောသည်။

'ဖထီး. . သူဌေးက ဒီမှာ ပါတီပေးရင် သိပ်ကောင်းမှာပဲနော်'

သူဌေးရဲ့ပါတီပွဲက ကြီးကျယ်တယ်ဆိုတာ ကြားဖူးနားဝနဲ့ ပြောခြင်းဖြစ်ပေမယ့် သူကိုယ်တိုင်ကတော့ တစ်ခါမှ မကြုံဖူးသေးပေ။

'မင်းမလဲ. . ဒီပါတီပဲ အရူးထနေ၊ သွား. . ဟိုမှာ သူဌေး ဘာလိုအပ်သေးလဲလို့ ကြည့်ပြီး အလိုက်တသိနဲ့လုပ်ပေးချေ'

ဖထီး ဆူမှ ဖြိုးဇော်က အိမ်ကြီးဆီ ပြေးပြီးလိုက်သွားသည်။ မိုက်ကယ်ထူးက ပါလာတဲ့လူတွေအားလုံးကို အိမ်ကြီးဆီမှာ မထားဘဲ သီးခြားဘန်ဂလို့လေးတွေမှာ နေရာချပေးဖို့ ပြောလာသည်။

'ကောင်လေး. . သူတို့ကို ဘန်ဂလိုလေးတွေမှာ နေရာချပေးလိုက်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ သူဌေး'

ဖြိုးဇော်က သူဌေးကို ရိုကျိုးစွာဖြေပြီး သူဌေးရဲ့မြေးမလေးကို ခုမှပဲ အနီးကပ်တွေ့ဖူးတော့သည်။

လှလိုက်တာ. . မင်းသမီးလေးကျနေတာပဲ။

ဆရာ မှာထားတာပဲ. . ဆင်ခြင်စမ်း. .

မျက်လုံးလည်း စည်းကမ်းရှိရမယ်. . ပါးစပ်လည်း စည်းကမ်းရှိရမယ်. . တဲ့။

အဲဒီအဓိပ္ပာယ်ကို ခုမှပဲ ရေရေလည်လည်သဘောပေါက်တော့တယ်။

တစ်ခါတည်း ရှင်းရှင်းပြောသွားတာ မဟုတ်ဘူး၊ သူဌေးမြေးကို မပြစ်မှားနဲ့လို့. . .

ခုလည်း ဘာထူးလဲ၊ အိမ်တစ်အိမ်လုံးကို ပန်းချီကားတစ်ချပ်လို လှသွားအောင် ပြင်ဆင်ပြီး သူက ဘယ်မှာသွားပုန်းနေလဲ မသိဘူး. . တော်တော်ထူးဆန်းတဲ့ ဆရာ။

နောက်တစ်ခု ထူးတာက သူဌေး။

သူဌေး ဒီကိုရောက်ကတည်းက ဟုန်ကမ္ဘာလို့ တစ်ခွန်းမှကို မဟတာ။

ခါတိုင်းဆို သူဌေးလာတာနဲ့ တစ်ဟုန်တည်း ဟုန်နေတာ





ကေန္တ. . ဆရာဟုန်က အရမ်းဖြောင့်လို့ သူ့မြေးမလေးနဲ့ ခပ်ဝေးဝေးမှာ နေခိုင်းတာလား မသိဘူး။

အင်း. . ဖြစ်နိုင်တယ်။ ဒီလိုပဲ ဖြစ်မှာပဲ။

'ကောင်လေး. . သူတို့ကို ခေါ်သွားတော့လို့ ငါ ပြောနေတယ်လေ'

အတွေးတွေက တစ်ကြောင်းကျော်ပြီး လွန်နေတာ. . သေစမ်း. . ခုတော့ အဆူခံရပြီ။

'အစ်ကိုတို့အားလုံး ကျွန်တော့်နောက်ကို လိုက်ခဲ့ကြပါ'

ဖြိုးဇော်က မိုက်ကယ်ထူးရဲ့သက်တော်စောင့်တွေ၊ နောက်လိုက်တွေအားလုံးကို ခေါ်ပြီးထွက်သွားသည်။

Ivyကတော့ Ideaကောင်းကောင်းနဲ့ သူမစိတ်ကို ဆွဲဆောင်နိုင်လွန်းတဲ့ ဒီအိမ်လေးကို အရမ်းကို သဘောတွေကျနေသည်။

'ဘိုးဘိုး. . ဒီအိမ်ကြီးကို ဒီဇိုင်းဆွဲပေးတဲ့ Architect က ဘယ်သူလဲဟင်'

'ရော. . ငါ့မြေးမလေး ဒီကိုရောက်မှ ဘာဖြစ်လို့ question တွေ အရမ်းများနေရတာတုန်း'

'သိချင်လို့ပါဆို. . ဘာဖြစ်လို့ သူက သမီးအကြိုက်ကို သိနေရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်ထူးက ပြုံးပြုံးကြီးဖြေသည်။

'အကြားအမြင်ရနေလို့ဖြစ်မှာပေါ့'

'ဖြစ်နိုင်လား မဖြစ်နိုင်ဘူးလားလို့ ပြိုင်ပြီး မငြင်းချင်တော့ပါဘူး ဘိုးရယ်၊ ဒါပေမယ့် ဒီလူ တကယ်တော်တယ်နော်. . ဒီအိမ်ကြီးကို သမီး အရမ်းကြိုက်တယ် သိလား'

'ကြိုက်စေဗျား. . ဒီအိမ်က တစ်နေ့ သမီးပိုင်ဆိုင်ရမယ့်အိမ်ပဲ. . သမီး မကြိုက်မှာကိုပဲ စိုးရိမ်နေတာ'

Ivy သည် မှန်ချပ်များမှတစ်ဆင့် ရှင်းရှင်းကြီး မြင်နေရသော Sea View ကို တဝကြီးကြည့်နေမိသည်။

ပြာလွဲ့နေတဲ့ မိုးကောင်းကင်အောက်မှာ ပင်လယ်ကြီးကလည်း ပြာလို့. . ကမ်းစပ်မှာတော့ အဖြူရောင် လှိုင်းကြက်ခွပ်လေးတွေ ပြေးလွှားဆော့ကစားနေကြသည်။

'သမီး. . Ivy'

'ရှင်'

'ဒီမှာ လေးလေးမာတင် မေးနေတာ ကြာပြီ. . ဒီနေ့ ဘာဟင်းစားမလဲတဲ့'

Ivyက မိုက်ကယ်ထူးရှေ့မှာ မျက်နှာလေးကပ်ပြီး ချွဲချွဲပျစ်ပျစ်ပြောလာသည်။





'ဒီနေ့ သမီးကို ဦးစားမပေးပါနဲ့တော့ လေးလေးမာတင်၊ ဘိုးဘိုးကြိုက်တာသာ ချက်ပေးလိုက်ပါ OK'

'OK'

Chief Cook ကြီး ဦးမာတင်က လှည့်အထွက်မှာ Ivy က လှမ်းပြီး စ,သည်။

'လေးလေး. . ဒီကျွန်းမှာ လေးလေးနဲ့လိုက်မယ့် ကျွန်းသူလေးတစ်ယောက်လောက် သမီးရှာပေးရမလားဟင်'

ဦးမာတင်က ခေါင်းကိုနောက်ပြန်ငဲ့ကြည့်ပြီး လက်ကလေးနှစ်ဖက်ကို အနောက်မှာယှက်ကာ

'စိတ်မကောင်းပါဘူးကွယ်၊ သမီး ဘာမှမသိသေးဘူးနော်၊ သမီးဘိုးဘိုးတော့ သိတယ်. . မယုံရင် မေးကြည့်. . ဒီကျွန်းပေါ်မှာ အမဆိုလို့ လိပ်မတောင် မရှိဘူး. . အရမ်းကို အထီးကျန်ပြီး အားငယ်စရာကောင်းတဲ့ကျွန်းပါကွယ်'

'အဟင်း. . ဟင်း၊ လေးလေး ဝမ်းနည်းတာကြီးက ဟာသကားကြည့်နေရသလိုပဲ'

'ရယ်ပါ. . ရယ်ပါ. . '

ဦးမာတင်နဲ့Ivy တို့ကို ကြည့်ပြီး မိုက်ကယ်ထူးက အားရပါးရအော်ပြီးရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကျွန်းလေးမှာ နေရတာ ဘယ်လောက်လွတ်လပ်သလဲ။ အလုပ်အတွက်၊ ငွေအတွက်၊ မြေးမလေးအတွက် ဘာဆိုဘာမှ ရုန်းရိမ်စရာမရှိဘူးလေ. .

ဒီကျွန်းပေါ်က လူတွေအားလုံးကို သူယုံကြည်သည်။

အထူးသဖြင့် တစ်ယောက်သောသူကို ပိုပြီးတော့ ယုံသည်၊ အားကိုးသည်။

လက်ဖက်ရည်ခွက်တွေ ထည့်ထားတဲ့ ဗန်းလေးကိုကိုင်ပြီး ဖထီး ဝင်လာသည်။

'သူဌေး. . လက်ဖက်ရည်သုံးဆောင်ပါဦး'

'Thank you. Ivy ဖထီး ဖျော်တဲ့ လက်ဖက်ရည်ကိုသောက်ကြည့်စမ်း. . ကောင်းလွန်းလို့ တော်ကြာ အဘိုးကိုတောင် မေ့သွားနိုင်တယ်'

Ivy က သူ့အဘိုး ညွှန်းလွန်းလို့ လက်ဖက်ရည်ခွက်ကိုယူပြီး တစ်ငုံသောက်ကြည့်လိုက်သည်။ ပြီးတော့ ဖထီးဘက်ကိုလှည့်ကာ လက်မလေး ထောင်ပြပြီး-

'Good..Good..Very Good'

ဟု ပြုံးပြီး ကလေးလေးတစ်ယောက်လို ပြောလာသည်၊

သူဌေးရဲ့မြေးမလေးက ချစ်စရာကောင်းလိုက်တာ. .





ဟုန်. . မင်း ဘယ်ရောက်နေတာလဲကွာ. . . ဒီကောင်မလေးကို မြင်ဖူးတယ်ရှိအောင် လာကြည့်တာ မဟုတ်ဘူး. . ခမျာလူပျိုလေးဆိုတော့ ရှက်ပြီး ပြေးရှာပြီထင်ရဲ့။ ဖထီးက -

'သမီးလေး ပျင်းရင်ပြောနော်. . ကျွန်းရဲ့တောင်ဘက်မှာ ထူးဆန်းတဲ့အရာတွေ အများကြီး ရှိတယ်. . ဖထီး လိုက်ပြပေးမယ်လေ'

Ivyကလည်း ဖထီးရဲ့မျက်နှာပေါ်က ရိုးသားမှုကို မြင်တွေ့ပြီး တခဏအတွင်းမှာပင် ခင်မင်လိုစိတ်ပေါက်သွားသည်။

'တကယ်လား ဖထီး. . အဲဒီမှာ ဘာတွေရှိလို့လဲ. . '

'အင်္ဂလိပ်ပြတိုက်ရှိတယ်'

ဖထီးစကားကြောင့် မိုက်ကယ်ထူးပင် အံ့ဩသွားကာ-

'ဟ. . တယ်ဟုတ်ပါလား. . ငါ့ကောင်တွေ အလုပ်ကိုကြိုးကြိုးစားစားလုပ်ထားကြတာပဲ. . ညနေကျမှ လေညင်းခံရင်း သွားကြည့်ကြတာပေါ့'

'အဲဒီမှာ ကျောက်ပုစွန်တွေလည်း မွေးထားတယ် သူဌေး၊ နောက်ပြီးတော့ ကမာကောင်တွေလည်း ရှိတယ်၊ ဆရာလေးဟုန်က ပုလဲတွေကို များများထုတ်ပြီး၊ နောက်ဆို စီးပွားရေးအတွက် ဈေးကွက်ဝင်လာမယ်လို့ ပြောနေတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား. . ကောင်းတာပေါ့ကွာ၊ ဒါနဲ့ စာသင်ကျောင်း ဆောက်တာ ဘယ်အခြေအနေအထိရောက်နေပြီလဲ'

'ပြီးတော့မှာပါ သူဌေး။ နောက်နှစ်လလောက်ဆို အချော သတ်လို့ရပါပြီ'

သူဌေးက ဆရာဟုန်အကြောင်းပြောလို့ ရုတ်တရက်ကြီး စကားလမ်းလွှဲသွားတာကို ဖထီး သတိထားမိသွားသည်။ သူဌေးရဲ့ မြေးမလေးက -

'စာသင်ကျောင်း. . . ဟုတ်လား ဘိုးဘိုး။ ဘာအတွက်လဲ ဟင်'

'သမီးက ကလေး ချစ်တတ်တယ်လေ. . တစ်နေ့ ဘိုးဘိုး သမီးအနားမှာမရှိတော့ရင် ဒီနေရာမှာ မိဘမဲ့ကလေးလေးတွေကို ခေါ်ပြီး စာသင်ပေးရမယ်. . စောင့်ရှောက်ရမယ်'

'တကယ်. . တကယ်ပြောတာနော်. . အဲဒါကြောင့် ဘိုးဘိုး ကိုချစ်တာ'

လူသားဆန်တဲ့စိတ်ကလေးကို Ivy ဆိုတဲ့ ကလေးမလေးဆီ မှာတွေ့လိုက်ရသည်။

အတော် စိတ်ထားဖြူစင်တဲ့ ကောင်မလေးပဲ. . ဘာပဲဖြစ် ဖြစ် ပရဟိတဆန်တာက ကောင်းနေတာပဲ မဟုတ်လား. .





သူတို့လို မီလျံနာသူဌေးကြီးတွေဆီမှာ ဒီလိုစိတ်မျိုးရှိတာ ပိုပြီးတော့တောင် အသုံးဝင်သေးတယ်။

'သူဌေး ခိုင်းစရာမရှိရင် ခွင့်ပြုပါဦးခင်ဗျ. . ကလေးတွေ ကို ထမင်းပြင်ကျွေးရဦးမှာမို့ပါ'

ဖထီး ပြောတဲ့စကားကို Ivy က စာစ်မျိုးအဓိပ္ပာယ်ပေါက် သွားသည်။

'ကလေးလေးတွေ ရောက်နေပြီလားဟင်. . သမီးလည်း ကြည့်ချင်တယ်'

'ဩော်. . ဒီကလေးရှုးက တစ်မျိုး. . သူပြောတဲ့ ကလေး တွေက အသက်သုံးဆယ်ကျော်တွေ၊ နှစ်ဆယ်ကျော်တွေ. . ဖထီးက ဒီမှာ အသက်အကြီးဆုံးမို့လို့ ကလေးတွေလို့ပြောတာ'

'အဲသလိုကြီးလား. . Ivy မှမသိတာ. . သူတို့က ဘာဟင်း နဲ့ စားတာလဲဟင်'

ဘုရားသခင်. . ကယ်တော်မူပါ။ ဒီက အလုပ်သမားတွေ ဘာဟင်းနဲ့ စားသလဲလို့. . စိတ်ဝင်တစားရှိတာ ဒီသူဌေးမလေးတစ် ယောက်ပဲ ရှိမှာပါ။

'ဖထီး. . . သမီးလည်း လိုက်မယ်'

ပြောပြောဆိုဆိုပင် Ivy က ဖထီးနောက်ကို ပြေးပြီးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မြေးမလေး ဒီကျွန်းပေါ်မှာ ပျော်နေလိုက်တာ. . အမြဲ တမ်းပျော်နေစေချင်တာ. .

သမီးနှင်းသစ်ခွက သူ့ရဲ့ကိုယ်ပွားလေး တော်ဝင်သစ်ခွကို စိတ်ချလက်ချထားပြီး ဟိုးအဝေးကို ထွက်သွားခဲ့ပြီ။

စိတ်ချပါ သမီးရယ်. . . အဖေ တာဝန်ကျေအောင် ကြိုး စားသွားမှာပါ. .

တစ်ခုပဲ. . .

မြေးမလေးက အရမ်းကိုဖြူစင်တော့. . မသမာသူတွေရဲ့ လှည့်ကွက်ထဲမှာ ဒုက္ခရောက်မှာပဲ တွေးပြီးကြောက်နေတာ. .

တစ်နေ့နေ့မှာ. .

ဘာဖြစ်လာမလဲဆိုတာ အဖေ ဘယ်လိုလုပ်ပြီးသိနိုင်မှာ လဲကွယ်. .

♦



BURMESE CLASSIC .com

(၁၀)

'ဖထီး. . ပဲဟင်းပေးပါဦး'

'ဖထီး. . ငါးခြောက်ထောင်းကျော် ကုန်ပြီ'

'ဖထီး. . သရက်သီးသနပ် ထပ်ပေးဦး'

'ဖထီး. . ငရုတ်သီးစိမ်း'

'ဖထီး. . ထမင်းကုန်ပြီ'

သူတို့ကိုကြည့်ပြီး Ivy အရမ်းအံ့ဩနေသည်။

စာထဲမှာ သင်ရတဲ့ ဒေါင်းလန်းကြီး. . ဆိုတာကို သွားပြီး သတိရမိသည်။

အခု. . ဒီလူတွေကတော့ လင်ပန်းကြီးတစ်ချပ်မှာ လူ ငါး ယောက်စီ အလုအယက် အကြိတ်အနယ် အပီအပြင်ကို ဆွဲနေကြ တာ. .



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဟင်းက မယ်မယ်ရရရှိတာမဟုတ်. . အသား ဟင်းလည်း မပါ. . ဒီလိုဟင်းမျိုးနဲ့တောင်မှ မြိန်ရည်ယှက်ရည်စား နေကြတာဆိုတော့ ဟင်းကောင်းကောင်းနဲ့သာ ကျွေးရင် ကုသိုလ် တော်တော်ရမှာပဲ။

'ခွေးကောင်လေးတွေ. . လူလိုသူလို စားကြစမ်း. . တစ်ခါ တည်း ခွေးလိုဝက်လိုစားနေကြတယ်. . ဒီမှာ သူဌေးမလေး ပါလာ တယ်. . နှုတ်ဆက်လိုက်ကြဦး'

ဖထီး ဆူတော့မှ စားသောက်နေရာက ထပြီး ခေါင်းလေး တွေငုံ့ကာ နှုတ်ဆက်ကြသည်။ အရိုအသေပေးကြသည်။

တချို့ဆို. . ပါးစပ်မှာ ပဲဟင်းတွေပေလို့. . တချို့ကျတော့ ပါးမှာ ထမင်းစေ့တွေ ကပ်လို့. .

'မင်္ဂလာပါခင်ဗျာ'

Ivy က အားနာလာတော့

'ရပါတယ်. . ရှင်တို့ ထမင်းသာဆက်ပြီးစားကြပါ'

တစ်ဆက်တည်းပင် Ivy က ဖထီးဘက်ကိုလှည့်ပြီး ပြော သည်။

'ဖထီး. . . သမီးတို့ ထမင်းချက်ကြီးကို ခဏ ခေါ်ပေးပါ လား'



BURMESE CLASSIC .com



ဖထီး သွားခေါ်ပြီး တအောင့်ကြာတော့ လေးလေးမာတင် လိုက်လာသည်။

'Ivy ခေါ်တယ်ဆိုလို့'

'လေးလေး ဘာဟင်းတွေချက်ထားလဲဟင်'

'သူဌေးအတွက် အမဲသားရိုးစိ၊ အမေရိကန်ကြက်ကြော်'

ဦးမာတင် ရွှတ်ပြနေတဲ့ ဟင်းအမည်တွေကြားတာနဲ့တင် ရင်ထဲမှာ ပျို့ချင်လာသည်။ အားလုံးက အီလည်လည်ကြီးတွေ။

Ivyက အလုပ်သမားတွေ အလုအယက် နယ်ဖတ်ပြီး စား နေကြတဲ့ လင်ပန်းကြီးထဲက ထမင်းနဲ့ ဟင်းကို အထူးစိတ်ဝင်စား နေသည်။ ရပ်ကြည့်ရင်းနဲ့တောင်မှ သွားရည်က ကျချင်သည်။

'ဒီလိုလုပ်. . ဘိုးဘိုးအတွက် ဖယ်ပြီး သမီးကိုတာ သူတို့ တွေကို ကျွေးလိုက်. . သမီးကို ဒီနေ့ သူတို့စားသလိုမျိုး လင်ပန်းနဲ့ ပြင်ပေး. . သူတို့စားတဲ့ဟင်းနဲ့ပဲ စားမှာ'

ဦးမာတင်က ဒုတိယအကြိမ်မြောက် ဘုရားသခင်ကို တ, မိပြန်သည်။

Ivy လေး ဇီကွျှန်းပေါ်ရောက်မှ ဆေးစားမှားသွားသလား မသိပါဘူး။ သူဌေးသိရင်တော့ အဆူခံရတော့မှာပဲ. .

ဘယ့်နှယ် အလုပ်သမားတွေနဲ့အတူတူစားချင်ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ဦးမာတင် မျက်စိမျက်နှာပျက်နေသလို . . ဖထီးကလည်း စိတ်ပူနေသည်။

'သမီး ဒီမှာစားလို့ မဖြစ်ဘူးလေ. . ဟိုမှာက ဘိုးဘိုး တစ်ယောက်တည်း'

'ဘိုးဘိုးက သမီးသဘောပါ၊ မယုံရင် သွားမေးကြည့်လိုက်၊ အခုတောင် သမီးဗိုက်ဆာလို့ သေတော့မယ်. . မကျွေးကြသေးဘူးလား'

အာခေါင်ခြစ်ပြီး ကလေးဆိုးကြီးလို ကြုံးအော်နေလို့ ဖထီးက ကြောက်ပြီး လင်ပန်းနဲ့ ထမင်းပြင်ပေးရသည်။

အလုပ်သမားတွေက စားလက်စထမင်းကိုမေ့ပြီး သူဌေးမလေးကို တခြားကမ္ဘာက ကြွလာတဲ့လူလို ပြူးပြဲပြီးကြည့်ကြသည်။

Ivy ကတော့ အေးအေးဆေးဆေးပင်။

'ဖထီး. . သူတို့စားနေတဲ့ ငရုတ်သီးစိမ်း ကိုက်ချင်တယ်'

'သမီးက အစပ်စားနိုင်လို့လား'

'ကုလားအော်သီးတောင် လာထားပဲ'

ဖထီးကို Ivy က ဆွေမျိုးရင်းခြာလို ပြောဆို ဆက်ဆံနေသည်။ လေးလေးမာတင်က သူမကို ပြောလို့မရတော့ ဟင်းတွေ လာချပေးပြီး ပြန်ထွက်သွားသည်။





Ivy က ဟင်းခွက်တွေကို အလုပ်သမားတွေ စားနေတဲ့ လင်ပန်းတွေထဲ အညီအမျှခွဲဝေပြီး ကိုယ်တိုင်လိုက်ထည့်ပေးသည်။

အားလုံးက တအံ့တဩနဲ့ သူဌေးမလေးကို ကြောင်ငေးပြီး ကြည့်နေကြသည်။

'စည်းကမ်း. . ဆရာပြောတဲ့ စည်းကမ်းကို သတိရကြပါ၊ မျက်လုံးနဲ့ပါးစပ်လေ. . .'

ဖြိုးဇော်ဆီက ထွက်လာတဲ့အသံပါ။

'ဟေ့ကောင်. . ခုမှ ဘယ်က ပေါ်လာတာလဲ'

'ထမင်းသွားပို့နေတာ. . xxx. . . xxx. . .'

ဖြိုးဇော်က ဖထီးနားနား ကပ်ပြီး ဘာတွေပြောနေမှန်း မသိ။

Ivyက ခွက်ထဲမှာကျန်တဲ့ ဟင်းတွေကို ဖထီးကို လာပေးရင်း -

'သူတို့လင်ပန်းမှာ လူက ငါးယောက်တောင် သမီးကျတော့ တစ်ယောက်တည်းစားရမယ်ဆိုတော့. . Fair မဖြစ်သလိုပဲ. . အဲဒီတော့ ကိုဖြိုးဇော်နဲ့ဖထီးပါ ဝင်ပြီးစားစေသတည်း'

ဖထီးရော ဖြိုးဇော်ပါ လန့်ပြီး နောက်ကို တစ်လှမ်းစီဆုတ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါနဲ့ သမီးရယ်. . သူဌေးမြင်ရင် ဆူနေဦးမယ်'

'ဟုတ်ပါတယ်. . မမလေးပဲ စားလိုက်ပါ. . ရော့. . ဒီမှာ ရေခွက်. . ငရုတ်သီးစပ်ရင် သောက်ဖို့'

ဖြိုးဇော်က အလိုက်သိစွာ Ivy စားမည့် လင်ပန်းနံဘေးမှာ ရေခွက်ကို ချပေးပြီး ယပ်ခတ်ပေးနေသည်။

Ivy က ထမင်းစားဆောင်ထဲက ကြမ်းခင်းပေါ်မှာ ကျကျနနထိုင်ကာ အင်္ကျီလက်ကို တံတောင်ဆစ်အထက်ရောက်အောင် ပင့်တင်လိုက်ပြီး လက်ဆေးဇလုံထဲတွင် လက်ကိုထိုးပြီး ဆေးကာ-

'ဒါဆို. . Ivy စားပြီနော်'

ဆိုပြီး. . ခေါင်းမဖော်တမ်း မြိန်ရေရှက်ရေ စားနေတော့သည်။

ကျန်တဲ့လူ အားလုံးက ဒီကျွန်းပေါ်မှာ ဗီဒီယိုဇာတ်ကား လာရိုက်နေသလို ဝိုင်းအုံပြီး သူမကို ပြုံးပြုံးကြည့်နေကြသည်။

'အဟမ်း. . အဟမ်း. .'

ချောင်းဟန့်သံနှင့်အတူ မိုက်ကယ်ထူးနှင့်ဦးမာတင်က Ivy အနောက်မှာ ရပ်လိုက်တယ်ဆိုရင်ပဲ အားလုံးက မတ်တတ်ရပ်ပြီး အရိုအသေပေးကြသည်။

'ဘိုးဘိုး. . သူတို့ စားလို့မပြီးသေးဘူး'





Ivyက အဘိုးကို လှည့်၍ပင် မကြည့်ဘဲ ပြောသည်။

သဘောက အလုပ်သမားတွေ အေးအေးဆေးဆေးစားပါစေပေါ့လေ. .

'ကဲ. . ကဲ. . စားကြပါ။ မင်းတို့စားတာကို ငါ့မြေးက တော်တော်သဘောကျနေပုံရတယ်. . စားနေတာမှ အားရပါးရပဲ'

'ဘိုးဘိုးလည်း ဝင်စားပါလား၊ သူတို့ဆီက ပဲဟင်းက လျှာတောင် ကျွမ်းပြန်သွားမယ်'

သမီးလေး နေချင်နေတာက ဒီလိုဘဝမျိုးလား။

အားလုံးနဲ့၊ ပတ်ဝန်းကျင်နဲ့ အပေးအယူမျှမျှတတ သဟဇာတဖြစ်စွာ နေလိုပုံရသည်။

ခုတော့. . မြေးမလေးက သူဌေး ဆိုတဲ့ ခေါင်းစဉ်အောက်မှာ- အခွင့်ထူးခံလူတန်းစားတစ်ရပ်လို. . တသီးတသန့်ကြီးနေနေရတာ. . တွေးကြည့်လိုက်တိုင်း သူ စိတ်မကောင်းဖြစ်ရသည်။

'ငါ့မြေး ဒီလိုစားတာ အဘိုး မမြင်ဖူးလို့လာကြည့်တာ'

ဒီလိုသူဌေးမျိုးက ရှာမှရှားပါပဲ။ သူဌေးမလေးကလည်း ထူးဆန်းနေသည်မို့ ထိုနေ့က အလုပ်သမားတွေ သူတို့အကြောင်း ပြောလို့ကို မဆုံးတော့ပါ။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ညရဲ့. . .

အမှောင်ထုထဲမှာ. . .

ပင်လယ်ကြီးက အိပ်မောကျနေသည်။ ကျွန်းပေါ်မှာတော့ မီးရောင်တွေ ထိန်လင်းနေပေမယ့် အရာအားလုံးက တိတ်ဆိတ်နေသည်။ ငြိမ်သက်နေသည်။

သို့သော် ကျွန်းရဲ့တစ်နေရာမှာတော့ လူတစ်ယောက်ဟာ ညအမှောင်ကို အံတုပြီး ပင်လယ်ဘက်ကိုသာ တစ်ချိန်လုံး စောင့်ကြည့်နေသည်။

သူရှိနေတဲ့နေရာဟာ ပင်လယ်တစ်ခုလုံးကို ရှင်းရှင်းလင်းလင်းတွေ့နိုင်တဲ့ တောင်ပေါ်ရှိ သစ်လုံးအိမ်ကလေးဖြစ်ပြီး သူက လွဲလို့ ဘယ်သူမှမသိနိုင်တဲ့နေရာလည်း ဖြစ်ပါတယ်။





ဒီညက သူ့အတွက် ပိုပြီးတာဝန်ကြီးနေသည်။

ဒီကျွန်းပေါ်မှာ သူဌေး ရောက်နေခဲ့ပြီ။ အဲဒီအတွက် သူ့မှာ လုံးဝကို တာဝန်ကြီးနေသည်။

အိပ်စက်အနားယူဖို့ကို ခေါင်းထဲက ထုတ်ထားပြီး ပင်လယ်ကြီးကို မှန်ပြောင်းဖြင့် နောက်တစ်ကြိမ်ထပ်ပြီး ကြည့်မိသည်။

အမှောင်ထဲမှာ တရွေ့ရွေ့ နီးကပ်လာနေတဲ့ မည်းမည်း အရာတစ်ခုကိုတွေ့လိုက်ရသည်။

ထိုအရာသည် ကျွန်းဘက်ကို ဦးတည်ပြီး လာနေတာ သေချာသလို မြင်ကွင်းထဲမှာ တဖြည်းဖြည်း ထင်ရှားလာတာက စက်လှေတစ်စင်း ဖြစ်နေသည်။

'ပင်လယ်ဓားပြတွေ လာနေပြီ'

သူ့နှုတ်မှတီးတိုးရေရွတ်ပြီး အရေးပေါ်အချက်ပေးခလုတ်ကို ပြေးပြီး နှိပ်လိုက်သည်။ ကျွန်းပေါ်ရှိ အဆောက်အဦးတိုင်းတွင် အချက်ပေးခေါင်းလောင်းသံတွေ ညံစီသွားသည်။

သူဌေးကြီးမိုက်ကယ်ထူးနှင့် သူ့မြေးမလေးလည်း နိုးလာကြသည်။ အလုပ်သမားတွေအားလုံးလည်း နိုးလာကြသည်။ အိပ်မှုံစုံမွှားဖြင့် အထိတ်တလန့်ဖြစ်နေကြသည်။

'ဘာဖြစ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူးဗျ. . အချက်ပေးခေါင်းလောင်းသံကြားလို့'

'ဟာ. . ဒါဆို ပင်လယ်ဓားပြတွေ လာပြီထင်တယ်'

'လူစုထားကြ'

အောင်မြင်ပြီး ဩဇာရှိသောအသံနှင့်အတူ အဝေးမှ လူတစ်ယောက် ပြေးလာနေသည်။

ထိုလူကိုမြင်ပြီး သူတို့အားလုံး အားတက်သွားကြသည်။

'ဆရာဟုန်ကမ္ဘာ'

'ဖထီး. . သူဌေးရဲ့သက်တော်စောင့်တွေကိုသွားပြော၊ နှစ်ယောက်စလုံးကို နေရာရွှေ့ထားပြီး ကာကွယ်ပေးပါလို့. . ဖြိုးဇော်က ရွှေ့ရမယ့်နေရာကို လိုက်ပြပေးလိုက်၊ သူဌေးမလေးကို သီချင်းနားထောင်ခိုင်းထား. . ကြားလား'

ဟုန်က အမောတကောပြောပြီး အရေးကြုံလာရင် ကာကွယ်ဖို့ အသင့်ဆောင်ထားသည့် သေနတ်ကိုထုတ်ကာ သူ့တပည့်တွေကို အမိန့်ပေးသည်။

'ငါ့နောက်က ဆယ်ယောက်လောက်လိုက်ခဲ့ကြ'

ဟုန်ရဲ့နောက်မှာ တပည့်တွေက နေရာယူထားကြသည်။ ကမ်းစပ်ရှိ အုန်းပင်တန်းများကို အကာအကွယ် ယူကာ ဟုန်က အခြေအနေကို စောင့်ကြည့်နေသည်။ ကျန်လူတချို့က ချုံပုတ်တွေ





ထဲမှာ ဝပ်နေကြသည်။ လှေက ကျွန်းနှင့်တော်တော်လေးကို နီးလာခဲ့ပြီ။ ဟုန်က သူ့တပည့်တွေကို လှမ်းပြောသည်။

'သူတို့အခြေအနေကို ကြည့်ပြီး လှုပ်ရှားကြမယ်. . . ဟိုဘက်မှာ သေနတ်တွေ ပါလာနိုင်တယ် သတိထားကြ'

ကျွန်းပေါ်မှာ လူရှိတာကို အတိအကျသိထားပုံရသော. . ပင်လယ်ဓားပြများသည် ကျွန်းအနီးသို့ တကယ့်ပင် ချဉ်းကပ်လာခဲ့ပြီ။ လူအင်အား ဘယ်လောက်ပါလာနိုင်သလဲဆိုတာကို သိဖို့ထက်ကျွန်းပေါ်ကလူတွေ ထိခိုက်မှုမရှိဖို့က ပိုပြီး အရေးကြီးလာပြီ။

လှေက ကမ်းကပ်ပြီးနောက် လှေပေါ်မှ လူဆယ်ယောက်ခန့် ဆင်းလာကြသည်။ သူတို့အားလုံးရဲ့လက်ထဲမှာ လက်နက်တွေပါလာတာတွေ့ရသည်။

အလုပ်သမားတစ်ယောက်က

'ဆရာ. . ဘယ်လိုလုပ်ကြမလဲ. . လာနေကြပြီ'

'ငြိမ်ငြိမ်နေစမ်း'

ဟုန်က တိုးတိုးလေး လှမ်းပြောပြီး ပစ်မှတ်ကို ချိန်လိုက်သည်။ ပစ်ကွင်းထဲကို တည့်တည့်ကြီးဝင်လာတာက ခေါင်းဆောင်ဖြစ်ဟန်တူသည်။

ခလုတ်ကိုဆွဲလိုက်တာနှင့် ထိုလူ နောက်ပြန်လန်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အသက်တစ်ချောင်းကို အလကား မဖြုန်းလိုတာမို့ ဟုန်က ခြေထောက်ကို ပစ်လိုက်တာဖြစ်သည်။

'ရန်သူ. . ပစ်ကြစမ်း'

ခေါင်းဆောင်ရဲ့အမိန့်ကြောင့် ကျန်တဲ့သူတွေက ထင်ရာ မြင်ရာ ရမ်းပြီးပစ်ကြတော့သည်။

ကမ်းခြေမှာ ပစ်ခတ်မှုတွေ ဖြစ်ပွားနေတာ အချိန်အားဖြင့် ဆယ့်ငါးမိနစ်ခန့်ကြာသည်။ လက်ဖြောင့်သေနတ်သမား ဟုန်ကမှာ ကြောင့် ဓားပြတွေဘက်မှာ ထိခိုက်ဒဏ်ရာရသူတွေ များလာသည်။

'ဒိုင်း'

'ဒိုင်း. . . ဒိုင်း. . .'

တစ်ဘက်မှာ အကျနာနေချိန်မို့ ဟုန်က သူ့တပည့်တွေကို ညာသံပေးခိုင်းလိုက်သည်။

'ဝေး. . ဟေး. . တစ်ယောက်မှအလွတ်မပေးနဲ့ အားလုံး ကို သတ်. . ဝေး. .'

မသိလျှင် လူလေးငါးဆယ်လောက် အဝေးက ပြေးလာပြီး ရန်မူမလားထင်ရသည်။

ဒါတွေက ဟုန်ရဲ့ဖြတ်ထိုးဉာဏ်နဲ့ စနစ်တကျသင်ပေးထား မှုတွေကြောင့် ဖြစ်သည်။





ရုတ်တရက်ဆိုတော့ ကြောင်ပြီး ဓားပြတွေ တပ်ဆုတ်သွား ကြသည်။

အချိန်အားဖြင့် နာရီဝက်မျှသာ ကြာသည်။

နောက်ဆုံးမှာတော့ သူတို့ အနိုင်ရလိုက်ကြပြီ။ ဒီအချိန်ဆို Ivyလေး သီချင်းနားထောင်ပြီး အိပ်နေလောက်ပြီ။

ကမ်းခြေမှာ ရန့်ရင်းဆန်ခတ်နဲ့ပစ်ခတ်မှုတွေကို သူမလေး မသိစေချင်ပါ။ သိဖို့လည်း မလိုအပ်ပါ။

'ဟား. . ဟား. . ဟား. . ဟား. . ဓားပြတွေ ကြောက်ချီး ပါပြီး ပြေးသွားပြီ'

'ခွေးပြေးဝက်ပြေးဆိုတာ ဒါမျိုးကိုပြောတာ'

'ဝါး. . တို့ဆရာက အရမ်းမိုက်တယ်ကွ. . တစ်ယောက် တည်းနဲ့ဖိုက်တာ. . မသိရင် ရုပ်ရှင်ရိုက်နေသလိုပဲ'

တစ်ယောက်တစ်ပေါက်ပြောပြီး အန္တရာယ်ကင်းသွားပြီမို့ ပျော်နေကြသည်။ ခါတိုင်းဆို သွေးအေးတတ်တဲ့ ဟုန်က. . ဒီတစ်ခါ တော့ ဒေါသတွေကြီးပြီး သူတို့ကို အော်သည်။

'ဘာမှလာမြှောက်မနေနဲ့၊ အဲဒါ လုံခြုံရေးတာဝန်ယူထား တဲ့ ကင်းစောင့်အဖွဲ့တွေ ပေါ့ဆတာ. . ဘာလဲဗျာ. . ဒီနေ့ သူဌေး ရောက်နေမှ ဒီလိုဖြစ်ရတာ လုံးဝကို အမိပ္ပာယ်မရှိဘူး. . တောက်'



www.burmeseclassic.com

www.burmeseclassic.com



သူ တကယ်ဒေါသထွက်နေမှန်းသိတော့ အားလုံး ပါးစပ်လေးတွေပိတ်ပြီး ငြိမ်သက်သွားကြသည်။

ဆရာပြောလည်း ပြောချင်စရာပင်။ ဒီကျွန်းပေါ်ကို အရင်တုန်းက ဘယ်ဓားပြမှမလာခဲ့ဖူးပါ။ သူတို့နေလာတဲ့ သုံးနှစ်အတွင်း ညတိုင်း အိပ်ရေးဝဝအိပ်ခဲ့ရသည်ချည်းပင်။ ခုတော့ နည်းနည်းထူးဆန်းသလိုရှိသည်။

'နောက်နေ့ကစပြီး နေ့ ည ဂျူတီချိန်းပြီး စောင့်ကြ.. ကြားလား'

ဟုနက ပြောပြီး လှည့်ထွက်သွားလို့ သစ်မင်းက

'ဆရာ. . ဘယ်သွားမလို့လဲဟင်'

'တောင်ပေါ်တက်မလို့. . ဟိုမှာ လုပ်လက်စအလုပ်လေးတွေ မပြတ်သေးဘူး'

ပြောပြီး ဆရာက ထွက်သွားပေမယ့် သူတို့မှာသာ ထင်ရာမြင်ရာတွေပြောပြီး ပြန်အိပ်လို့မရတော့ပါ။

သိပ်မကြာတော့တဲ့အချိန်မှာ ရောင်နီတွေ ပျို့လာတော့မည်။

♦



## (၁၂)

အဘိုးက ညတုန်းကအကြောင်းတွေကို ဘာမှ အစမဖော်ဘဲ ထမင်းကြော်စားပြီး ကော်ဖီသောက်နေတာမို့ Ivy လည်း ဘယ်ကစပြီး မေးရမှန်းမသိဖြစ်နေသည်။

'အဟမ်း. . အဟမ်း. . ထမင်းကြော် မစားဘဲ. . ဘာတွေစဉ်းစားနေတာလဲ မြေးရဲ့'

အဘိုးက စကားစလာတော့ ကွက်တိဖြစ်သွားသည်။

'ဘိုးဘိုး. . ညတုန်းက ဘာတွေဖြစ်ကြတာလဲဟင်'

မိုက်ကယ်ထူးက ပြုံးပြီး

'သမီး သီချင်းနားထောင်နေတယ် မဟုတ်လား'

'ဟုတ်တယ်လေ. . အဲဒီမတိုင်ခင်တုန်းက ဦးစိုးတို့ရောက်လာပြီး ဘာလို့နေရာပြောင်းခိုင်းတာလဲဟင်. . ပြီးတော့ သမီးကို



www.burmeseclassic.com

www.burmeseclassic.com



အတင်းပဲ သီချင်းနားထောင်ခိုင်းတယ်. . အဲဒီနောက်ပိုင်းမှာ ဘာ တွေဆက်ဖြစ်မှန်း သမီးလည်း မသိတော့ဘူး'

'ဘာမှမဟုတ်ပါဘူး သမီးရယ်. . . ကျွန်းပေါ်က အလုပ် သမား ကောင်လေးနှစ်ယောက် အရက်မူးပြီး စကားများကြလို့ပါ'

ဒါကို Ivy လေးက အလွယ်တကူယုံပုံမရပါ။

'မနေ့က ထမင်းစားနေကြတာ အားလုံး အေးအေးဆေး ဆေးပါပဲ ဘိုးဘိုးရဲ့. . သူတို့ရန်ဖြစ်တာ ဖြစ်နိုင်ပါ့မလားဟင်'

မြေးဖြစ်သူရဲ့တန်ပြန်မေးခွန်းကြောင့် မိုက်ကယ်ထူးက

'ဒါတွေကို အရေးစိုက်မနေနဲ့သမီး. . ရောက်တုန်းရောက် ခိုက် ပျော်အောင်သာနေ'

'ဒါဆို သမီး စားပြီးတာနဲ့ ကျွန်းတစ်ပတ် ပတ်ကြည့်မယ် နော်'

'ကြည့်စေဗျား'

အဘိုး ခွင့်မပြုလည်း Ivy က သွားကြည့်ဖို့ စိတ်ကူးထား ပြီးသားပါ။ ဒါပေမယ့်. . အဘိုး ဆက်ပြောလာတဲ့ စကားတစ်ခွန်း ကြောင့် Ivy စိတ်ထဲမှာ ထူးဆန်းသွားသည်။

'သမီးလေး. . ဒီနေ့ အဲဒီကောင်လေးတွေနဲ့ ထမင်း အတူ တူ မစားရဘူးနော်'





ဒီစကားဟာ တားမြစ်ပိတ်ပင်ခဲ့တဲ့ အဘိုးရဲ့အမိန့်မို့ သူမ စောဒကမတက်လိုတော့ပါ။

ကျွန်းရဲ့ တောင်ဘက်စူးစူးကို သူမ တစ်ယောက်တည်း လျှောက်လာခဲ့သည်။

နွေရာသီမှာ အပူမကဲဘဲ ကျွန်းရဲ့နံနက်ခင်းလေက သူမ ရဲ့ဆံနွယ်နှင့်ဂါဝန်စလေးတွေကို ပွတ်သပ်ကျီစယ်နေသည်။

ပိုပြီး သတိထားမိသွားတာက ကျွန်းပေါ်မှာ နေရာအများ အပြားစိုက်ပျိုးထားတဲ့ ပန်းရောင်စုံလေးတွေ. .

ပန်းရနံ့တွေက စိတ်ကို တိမ်းမူးစေသည်။

ယောက်ျားလေးတွေပဲ ရှိတဲ့ ကျွန်းမှာ ဒီလို မျက်စိပသာဒ ဖြစ်စရာ ပန်းပင်အမြောက်အမြားကို စိုက်ပျိုးထားနိုင်တာကိုတော့ စိတ်ထဲက မချီးကျူးဘဲ မနေနိုင်ပါ။

တချို့ပန်းတွေဆို Ivy တို့ ရန်ကုန်က 'တော်ဝင်သစ်ခွ'ခြံ ကြီးထဲမှာပင် မရှိပါ။

ဒါ. . ဘယ်သူ့လက်ရာလဲလို့ ကြုံမှ ဖထီးကို မေးကြည့်ရပါ ဦးမည်။

ကျွန်းပေါ်မှာ Ivyရဲ့လှုပ်ရှားမှုတွေကို. . တစ်ချိန်လုံး သူ စောင့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ရှိတဲ့အတိုင်း. . ပြုမူနေထိုင်တဲ့ ကောင်မလေးရဲ့လုပ်ရပ်တိုင်းက သူ့ကို စိတ်လှုပ်ရှားစေသည်။

သူကြိုက်တဲ့ပန်းဆို. . အနားနား ကပ်ပြီး ချစ်သူရည်းစားတစ်ယောက်ကို နမ်းသလို ရမ္မက် မပါဘဲ ညင်သာစွာ နမ်းရှိုက်တတ်သည်။ အရမ်းလှတဲ့ပန်းဆို. . မျက်လုံးစူးစူးလေးနဲ့ တရှိုက်မက်မက် တမေ့တမောကြည့်နေတတ်သည်။

ဘာတွေ ဘယ်လိုပဲဖြစ်နေပါစေ. . ဒီကလေးမလေး အန္တရာယ်ကင်းဖို့က သူ့တာဝန်။

Ivy က ကမ်းစပ်က သဲသောင်ပြင်ပေါ်မှာ ကလေးတစ်ယောက်လို လွတ်လပ်စွာ ပြေးနေသည်။ အဲဒီနောက်မှာတော့ သူ မျက်လုံးပြူးစေမည့် အပြုအမူတစ်ရပ်ကို သူမက လုပ်ဆောင်ခဲ့လေသည်။

ကျောက်ဆောင်တစ်ခုပေါ်ကို အပြေးတက်သွားပြီး လက်လေးနှစ်ဖက်ကို ဆန့်တန်းကာ မျက်လုံးတွေ မှိတ်ပြီး ငြိမ်သက်နေသည်။

ပင်လယ်လေက အပျိုမလေးရဲ့ ခန္ဓာအနံ့ကို ပွတ်တိုက်သွားသည်။

ဆံနွယ်ရှည်ရှည်လေးတွေ လေထဲမှာ ဝဲလွင့်နေသလို သူမ





ရဲ့ဂါဝန်လေးကလည်း လေတိုက်လိုက်တိုင်း အလိုက်သင့် လွင့်ပါနေကြသည်။

Ivy ဆိုတဲ့ကောင်မလေးက အပြင်မှာ ထပ်ပြီးဝတ်ထားတဲ့ ဂါဝန်ရှည်ကို ဆွဲချွတ်ပြီး ကျောက်ဆောင်ပေါ်မှာပုံထားခဲ့ကာ လူကတော့ ရေထဲကို ဒိုင်ဗင်ထိုးပြီး ဆင်းချသွားသည်။

ရုတ်တရက်ဆိုတော့ သူလည်း မှင်တက်နေမိသည်။ ဒီလို ဆယ်ကျော်သက်အရွယ် သူဌေးမလေးက သူစိတ်ထင်ရာကို ဒီလိုပဲ ဇွတ်တရွတ်လုပ်တတ်ပါသလား. .

'သူ. . ဒါဘာလုပ်တာလဲ. .'ရေဆင်းကူးတာလား. . ဟို သက်တော်စောင့်တွေကလည်း သုံးစားလို့ကို မရဘူး. . ကောင်မလေးကို တစ်ယောက်တည်း လွှတ်လိုက်တယ်. . ဟာ. . လိုက်လာလို့လည်း မဖြစ်သေးပါဘူး. . ဒီလိုပုံနဲ့တွေ့သွားလို့ကို မဖြစ်ဘူး. . ဟူး. . .'

ကမ်းစပ်မှာ ဟုန်တစ်ယောက်တည်း ဂဏှာမငြိမ် ဖြစ်နေသည်။ ရေဆင်းကူးတဲ့ မမက ရေပေါ်လည်း ပြန်ပေါ်မလာ. . ရေထဲဆင်းသွားတာ ဆယ်မိနစ်ကျော်နေပြီ။

သူ. . ဘာလုပ်ရမလဲ. .

အဖေကြီးဆီ သွားအကြောင်းကြားရင် ကောင်းမလား. .



www.burmeseclassic.com

www.burmeseclassic.com



ဟုန်ကမ္ဘာရဲ့မျက်လုံးတွေက ရေပြင်ကိုသာ မျက်တောင်မခတ်တမ်းကြည့်နေသည်။

ညတုန်းကလည်း ပင်လယ်ဓားပြတွေနဲ့တစ်ပွဲနွှဲရပြီးပြီ။ ခုလည်း ဘာရယ်မဟုတ်။

အင်္ဂလိပ်ပြတိုက်ကို ခဏဝင်မလို့ ဆင်းလာတုန်းမှာ Ivy ကို တစ်ယောက်တည်း တွေ့လိုက်လို့ စိတ်မချဖြစ်ပြီး သူ လိုက်လာကြည့်ခြင်း ဖြစ်သည်။

ထင်သည့်အတိုင်းပင်. . မမလေးက သူ့ကို ပိုပြီးစိတ်မချဖြစ်အောင် လုပ်သွားသည်။

'မိနစ် နှစ်ဆယ်ရှိပြီ. . မဖြစ်တော့ဘူး. . ငါ ဆင်းကြည့်မှဖြစ်မယ်'

ဟုန်က သူဝတ်လာတဲ့ တီရှပ်ကိုချွတ်ပြီး ကွာတားဘောင်းဘီတိုနှင့် ရေထဲကို ခုန်ချပြီး ရေငုပ်ကာ Ivy ကို လိုက်ရှာသည်။

အဲဒီအချိန်မှာပဲ Ivyရဲ့ခေါင်းလေး ရေပေါ်ကို ပြန်ပြီးပေါ်လာသည်။

သူမ ဘယ်လောက်ကြာကြာ ရေငုပ်နိုင်သလဲ ဆိုတာ. . ကိုယ့်ဘာသာကိုယ် ပြန်စမ်းကြည့်ခြင်းဖြစ်သည်။

မဆိုးဘူး. . . ဒီတစ်ခေါက် တော်တော်ကြာကြာကြီး ငုပ်





လိုက်နိုင်သည်မို့ ကမ်းစပ်ပေါ် ပြန်ပြီး တက်လာသည်။ ကျောက်ဆောင်ပေါ်က အကျႌကို ပြန်ဝတ်အပြီးမှာ နောက်ထပ် ယောကျ်ားဝတ်အကျႌတစ်ထည်ကို တွေ့လိုက်ရလို့ သူမ အံ့ဩသွားသည်။

'ငါဆင်းသွားတုန်းက ဒီမှာ ဘယ်သူမှမရှိပါဘူး. . ဒီအကျႌက ဘယ်သူ့ဟာလဲ မသိဘူး'

ဒါကို ရေထဲမှာရှိတဲ့ ဟုန်က ရေပေါ် ခေါင်းအမော့မှာတွေ့လိုက်ရပြီး ဖျတ်ဆို ရေပြန်ငုပ်ပြီး နေလိုက်ရသည်။

ခုချိန်မှာ. . သူ့ကို ဒီကောင်မလေး တွေ့သွားလို့ မဖြစ်ဘူး။

Ivy က ငါးမိနစ်လောက် အကဲခတ်နေပြီးမှပြန်သွားသည်။ ကျွန်းပေါ်က အလုပ်သမားတစ်ယောက်ယောက် အဝတ်နေပူလာလှန်းထားတာလည်း ဖြစ်နိုင်တာပဲလေ. :

ဘာပဲပြောပြော. . ဒီကျွန်းပေါ်မှာ သူမ ပျော်ရသည်။ ဒီထက်ပိုတဲ့ ခံစားချက်ကိုပြောရရင် ဘဝမှာ ဒီအချိန်တွေက လေပြည်လေညင်းလေးတွေ တသုန်သုန်တိုက်နေတဲ့ ဘဝရဲ့ပျော်ရွှင်ဖွယ်ရာ နေ့ရက်တွေလို့ တင်စားချင်သည်။

မထင်မှတ်ဘဲ အကုန်လဲပြိုခဲ့တဲ့ အတိတ်က နေ့ရက်ဆိုးတွေကိုလည်း ခဏမေ့ထားလိုက်နိုင်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

မှုပိုင်နှင်းဆီ - ၁၁၈

ဘဝမှာ မိဘတွေကို ဆုံးရှုံးရတဲ့ အရှုံးကို အမြဲသတိရနေခဲ့တာလေ..

ကံကြမ္မာအနာဂတ်က ဘယ်လိုစိန်ခေါ်လာဦးမလဲ?

ဘာပဲလာလာ..ဒီတစ်ကြိမ်တော့ လုံးဝ အရှုံးမပေးနိုင်တော့ဘူး...

ဘာမဆို ရင်ဆိုင်နိုင်ဖို့ အားမွေးထားသည်။

♦



(၁၃)

Ivy မပြန်ခင်ညမှာ မိုးတွေရွာလာသည်။ နှုတ်ဆက်မိုးလို့ပြောရမည်ထင်သည်။

အိမ်ကြီးရဲ့အောက်ထပ်မှာ မိုက်ကယ်ထူးက အလုပ်သမားတွေအားလုံးကိုဖိတ်ပြီး ပါတီပေးသည်။ အားလုံးပျော်နေကြသည်။

ဂုဏ်သရေရှိသူဌေးကြီးနဲ့မြေးမလေးတို့ တည်ခင်းဧည့်ခံတဲ့ပါတီပွဲမှာ တက်ရောက်ခွင့်ရတဲ့အတွက်ရော၊ စားကောင်းသောက်ဖွယ်တွေနဲ့ တည်ခင်းတဲ့အတွက်ပါ အလုပ်သမားတွေက ဂုဏ်ယူနေကြသည်။

ဒီနေ့ညမှာ Ivy လေး အရမ်းကိုလှနေသည်။

ပေါင်လယ်လောက်ရှိမည့် အနက်ရောင် တစ်ဆက်တည်းဂါဝန်တိုကလေးမှာ ပြိုးပြက်နေသည့် Crystal များ၊ ဘော်ကြယ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် စိန်ချောင်းလေးတွေက သူမအလှကို ပိုပြီး ပံ့ပိုးပေးသလို ရှိသည်။

ဖထီးကတော့ ဒီလိုအချိန်မှာ ဟုန်ကမ္ဘာကို ပိုပြီး သတိရသည်။ ဘာဖြစ်လို့လဲဆိုတော့ ဟုန်က ဒီကျွန်းကြီး သက်ဝင်လှုပ်ရှားလာအောင် ဖန်တီးခဲ့တဲ့သူပဲ။

ခုတော့. . သူက တောင်ပေါ်မှာပဲ နေသည်။ ဖြိုးဇော်က တော့ သူ့ဆရာကို သိတတ်သူပီပီ ဒီအတောအတွင်းမှာ တောင်ပေါ်ကို နေ့တိုင်း ထမင်းသွားပို့ပေးသည်။

ဟုန်က တပည့်တွေနဲ့ တစ်သားတည်းနေတတ်သူပါ. . ခုမှ တစ်ယောက်တည်း အထီးကျန်ခံပြီး နေနေတာ ဘာသဘောပါလဲ။

သန့်နိုင်က ပြေးလာပြီး -

'ဖထီး. . မြန်မြန်လာ. . ဟိုမှာ သူဌေးက ဘောက်ဆူးပေးမလို့ ခေါ်ခိုင်းနေတယ်'

ကျွန်းပေါ်က အလုပ်သမားတွေအားလုံး ဝမ်းသာနေကြသည်။ သူဌေးက အဆင့်အတန်း မခွဲဘဲ. . ရက်ရောတဲ့နေရာမှာ နာမည်ကြီးနေတာပဲလေ. .

သူဌေးကြီးမိုက်ကယ်ထူးက ဩဇာအာဏာအပြည့်ရှိသောအသံဖြင့် ဖထီးကို အရင်ဆုံးလှမ်းခေါ်လေသည်။

အောင်းညပြာသိစာပေ



'ဖထီး. . လာပါဦးဗျ၊ ခင်ဗျားက ဒီကျွန်းပေါ်မှာ အသက်အကြီးဆုံးဆိုတော့ ဦးဆုံးမုန့်ဖိုးရတာပေါ့. . ရော့. . ငါးသိန်း'

'ခင်ဗျာ. .'

ဖထီး အံ့အားသင့်နေသည်။

ဒီကျွန်းမှာ အလုပ်လာလုပ်ကတည်းက လုပ်အားခ ဆိုပြီး ထိုက်ထိုက်တန်တန်ပေးသည်။ နောက်ပြီး နေစရာ၊ စားစရာ ဘာဆိုဘာမှမပူခဲ့ရ။ ရွာမှာရှိတဲ့ မိသားစုကွေဆီကို အသားတင်ပို့ပေးနိုင်သည်။

သူ့လိုပဲ ကျန်တဲ့ကလေးတွေအားလုံးကလည်း ဒီကျွန်းပေါ်မှာ အလုပ်လုပ်ရတာ ပျော်နေကြသည်။ ဆရာဟုန် ကောင်းတာကြောင့်လည်း ပါလေသည်။

သူဌေးကြီးက တပည့်တွေအားလုံးကို မခွဲခြားဘဲ တန်းတူပေးသွားသည်။

အဲဒီမှာ ဖြိုးဇော်က အရဲစွန့်ပြီး သူဌေးကို မေးကြည့်လိုက်သည်။

မေးမယ့်သာ မေးရတာပါ. . သူဌေး စိတ်ဆိုးလည်း သူခံရမှာပါပဲ. .

'သူဌေး'

အောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ပြော'

'ဟို. . ဟိုလေ. . ဆရာဟုန်'

'ဩော်. . သူ့အတွက်လား'

Ivy က နားစွင့်နေသည်။

အဘိုး ဘာဆက်ပြောမလို့လဲ? ဆရာဟုန်ဆိုတာ ဘယ်သူ များလဲ?

'နောက်မှပေါ့. . . စိတ်မပူနဲ့။ ဟုတ်ပြီလား. . . မင်းဆရာ အတွက် သီးသန့်စီစဉ်ပေးမှာပါကွာ'

ဖြိုးဇော်က ကျေနပ်သွားပေမယ့် အရာရာကို မှုတမှုကြိုက် တဲ့ Ivy က ချက်ချင်းပင် မေးခွန်းထုတ်သည်။

'ဘိုးဘိုး. . ပေးဖို့ တစ်ယောက်ကျန်သွားလို့လား၊ ဘာဖြစ် လို့ မပေးတာလဲဟင်'

'သူနဲ့အဘိုးရဲ့ကြားမှာ ငွေကြေးက အဓိကမဟုတ်ဘူးလေ မြေးလေး မသိပါဘူးကွယ်. . တချို့ကိစ္စတွေက ငွေနဲ့တန်ဖိုးဖြတ်လို့ ရတာ မဟုတ်ဘူး'

အဘိုးဖြစ်သူရဲ့စကားကို Ivy လေးက ကျေနပ်ချင်ပုံမရ

'ဒါတော့ ဘိုးဘိုးလုပ်တာ fairမဖြစ်ဘူးလို့ ထင်တာပဲ၊ အဲ ဒီလူက ဘယ်သူလဲ ဘိုးဘိုး'





မိုက်ကယ်ထူးက မကြားဟန်ပြုပြီး စားသောက်နေကြတဲ့ တပည့်တွေနားကို ထပြီးထွက်သွားသည်။

'မမလေး. . ဒီ ခရုလည်ဆွဲလေးကို လက်ဆောင်ပေးပါရ စေ. .'

မဝံ့မရဲလေသံလေးနဲ့ပြောလာပေမယ့် သူ့မျက်နှာကိုကြည့် လိုက်တာနဲ့တင် သူ့စေတနာကို တန်းပြီး မြင်နေရသည်။ Ivy က တန်ဖိုးကြီးလက်ဆောင်တစ်ခုကို ရလိုက်သလို အရမ်းကို ဝမ်းသာ သွားပြီး -

'Thank you...ဒီလည်ဆွဲလေး Ivy အရမ်းကြိုက်တာပဲ'

တစ်ယောက်ပေးတာကို လက်ခံလိုက်တော့ နောက်တစ် ယောက်ကပါ -

'ကျွန်တော့်မှာလည်း လက်ဆောင်ပါတယ်. . မမလေးကို ပေးရမှာ သိမ်ငယ်နေလို့. . တကယ်လို့များ မမလေးသာ ကျွန်တော့် လက်ဆောင်ကို ကြိုက်တယ်ဆိုရင် အတိုင်းမသိဝမ်းသာမိမှာပဲ'

သူ လှမ်းပေးလာတဲ့ လက်ဆောင်က ခရုဦးထုပ်လေးတစ် လုံး. . . သေသပ်ပြီး လှပသည်။ ခေတ်မီပြီး အမြင်လည်းရှိသည်။

'အိုး. . ဒီလောက်လှတဲ့ ဦးထုပ်လေး Ivy ဆောင်းမှာပေါ့'

ဒီလိုနဲ့ပဲ သူတို့ဆီက လက်ဆောင်တွေ Ivy တော်တော်ရ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မေတ္တာခြံ့ရင် လုံတယ်လို့ကြားဖူးတာ မှန်များနေမလား ပဲ. . . ဒီနေ့ည စိတ်တွေ ကြည်လင်နေသည်။

အမှန်တော့ Ivy က ပြန်ချင်သေးတာ မဟုတ်ဘူး။ ဘိုးဘိုး က ပြန်မယ်ဆိုလို့သာ. .

ဒီကျွန်းပေါ်မှာ Ivy တော်တော်ကြီးကို ပျော်တာ. .

'ရှင်တို့အားလုံးကို ကျေးဇူးတင်ပါတယ်. . အဲဒီစကားကို ဒီကျွန်းပေါ်ရောက်တဲ့နေ့ကတည်းက ပြောချင်နေတာ. . နောက် တစ်ခါလာလို့ရှိရင် Ivy သစ်ခွတွေနဲ့ကြိုပေးပါဦးလို့'

အလုပ်သမားတွေက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

'Ivy ရန်ကုန်ပြန်ရောက်ရင် သစ်ခွတွေနဲ့အလှဆင်ထားတဲ့ အိမ်ကြီးကို လွမ်းနေတော့မှာပဲ'

ဒီစကားလေး ကြားရတာ ဖြိုးဇော်က ဆရာ့ကိုယ်စား ပီတိ ဖြာရသလို တစ်ဖက်မှာလည်း စိတ်မကောင်းဖြစ်ရလေသည်။

◆





ကျွန်းပေါ်မှာ လူတွေအားလုံး အိပ်မောကျနေကြပြီ။

သူဌေးနဲ့ သူ့မြေးမလေး နှစ်ယောက်တည်း သီးသန့်နေတဲ့ အိမ်ကြီးရဲ့အတွင်းခန်းတစ်ခန်းမှာတော့ မိုက်ကယ်ထူးက လူတစ်ယောက်နဲ့ အတွင်းရေးကိစ္စတွေကို တိုင်ပင်နေသည်။

'အဖေကြီး. . ဒီတစ်ခေါက်လာတာ သိပ်ပြီး မလန်းသလို ပဲ. . နေများ မကောင်းလို့လား'

'ဒီလိုပါပဲကွာ. . တစ်နေ့ညက မင်း ငါတို့ကိုကယ်လိုက်တာ ကျေးဇူးတင်ပါတယ်. . ငါ့စိတ်ထဲမှာ တစ်ခုခုကိုသိနေသလိုပဲကွ. . အန္တရာယ်တွေက ငါ့အနားမှာ ဝိုင်းနေပြီ. . ဒီတော့ကွာ သားကို အဖေကြီး မှာတာတွေ မမေ့ပါနဲ့. . နောက်ပိုင်းကိစ္စတွေအားလုံးကို ဦးလူရနဲ့ဆက်သွယ်ပါ. . မြေးမလေးကို ကာကွယ်ပေးပါ၊ အဲဒီကတိ တော့ သားဆီက တောင်းချင်တယ်'

'စိတ်ချပါ. . အဖေကြီးက ကျွန်တော့်ရဲ့ကျေးဇူးရှင်ပါ. . ကျွန်တော့်အသက်နဲ့ လဲပြီး သူဌေးမလေးကို စောင့်ရှောက်ပေးပါ့ မယ်'

'အေးကွာ. . ငါ့မလဲ အားကိုးစရာဆိုလို့ မင်းပဲ ရှိတာ. . ငါယုံကြည်တဲ့လူကလည်း မင်းပဲ ဟုတ်၊ အကြောင်းထူးရင် ဦးလူရ မင်းဆီ ဆက်သွယ်လာလိမ့်မယ်. . အချိန်ကျရင် သား စတင်ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျလို့တော့ မဖြစ်ဘူးနော်. . ခြေတစ်လှမ်းနောက်ကျတာနဲ့ ခံသွားရမယ်. . အခု ကြိုးကိုင်ပြီး စီစဉ်နေတဲ့သူက အင်မတန်မှ ဉာဏ်ပြေးတဲ့လူလို့ ငါထင်တယ်. . အကွက်ချွေ့လည်း တော်တယ်၊ ဒီကစားပွဲမှာ ဘယ်သူရှုံးမလဲတော့ မသိဘူး'

'သေချာတယ်. . ကျွန်တော် မရှုံးနိုင်ဘူး အဖေကြီး'

ယုံကြည်မှုအပြည့်နဲ့ဖြေတဲ့စကားကြောင့် မိုက်ကယ်ထူးက ပြုံးသည်။

'ငါလည်း တစ်ခါမှမရှုံးခဲ့သေးဘူး. . ဒါပေမယ့် မနက်ဖြန် ဆိုတာ ဘယ်သူက ကြိုသိနိုင်မလဲ'

အဖေကြီးစကားကြောင့်. . ဟုန်ရဲ့စိတ်တွေ လေးပင်သွားသည်။ အမြဲတမ်း တက်ကြွပြီး ထက်သန်တဲ့စိတ်ရှိသူက ဘယ်လိုဖြစ်ပြီး အားလျော့တဲ့စကားတွေ ပြောနေတာလဲ။

'ဘာပဲဖြစ်ဖြစ် သားကိုကျေးဇူးတင်တယ် ဟုန်၊ မြေးမလေးက ဒီကျွန်းပေါ်မှာ အရမ်းကို ပျော်နေတာ. . သားရဲ့ လုပ်ဆောင်ချက်တွေကြောင့်ထင်ရဲ့'

'အဖေကြီး စိတ်ကို ရှင်းအောင်ထားပါ၊ ကျွန်တော် အကဲခတ်ရသလောက် အဖေကြီးမှာ စိတ်ရှုပ်စရာတွေ ရှိနေပုံရတယ်. . ကျွန်တော့်ကို လိုအပ်ရင် အချိန်မရွေးပြောပါ အဖေကြီး'





ပြောပြီး. . ဟုန်ကမ္ဘာက ကျွန်းပါကေးပေါ်မှာ ဆောင့်ကြောင့်ထိုင်ချကာ သူ့ရဲ့ကျေးဇူးရှင် သူဌေးကြီးကို ထိခြင်းငါးပါးဖြင့် ကန်တော့သည်။

မိုက်ကယ်ထူးက ဟုန်ရဲ့ခေါင်းလေးကို အသာကိုင်ကာ. . ဆုတွေ ပေးသည်။ အားရကျေနပ်တဲ့စကားတွေ ပြောသည်။

'မင်းကို ငါကယ်တင်ရကျိုးနပ်တယ် ဟုန်. . ကြောက်သွေးမပါတဲ့ အတွက်လည်း ကျေနပ်ပါတယ်. . ထပ်ပြီး မှာချင်တယ်. . သူက အရမ်းဖျူတယ် ဟုန်. . အပွန်းပဲ့မခံနိုင်ဘူး'

'ကျွန်တော့်အသက်နဲ့ လောင်းကြေးထပ်ပါတယ်'

'တစ်ခါတလေကျတော့လည်း ငါကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်ဘူးကွ. . ငါ့ဘဝရဲ့အချိန်အတော်များများကို ပစ္စည်းဥစ္စာနောက်ပဲ လိုက်ခဲ့မိတယ်. . ဒါတွေဟာ ခုချိန်မှာ မှားလားမှန်လားဆိုတာ ခုထိ တွေဝေနေတုန်းပဲ'

ဟုန်က ထိုင်ရာကထပြီး ပင်လယ်ဘက်ကိုမျက်နှာမူကာ လေးနက်သောစကားကို ဆိုသည်။

သူ့မျက်နှာဟာလည်း ကုန်လွန်ခဲ့သောအတိတ်နေ့တွေဆီကို ပြန်ပြီး မျှောလွင့်သွားဟန်တူသည်။

'အဖေကြီး ကျွန်တော့်ကို တနင်္ဂနွေမရှိရိုးမထဲမှာ တွေ့တုန်း



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်အသက် ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်. . အဲဒီအချိန် ကျွန်တော့်မှာ တကယ် အနာဂတ်ပျောက်နေတာ. . အမေနဲ့က သေကွဲ. . အဖေနဲ့လည်း ရှင်ကွဲကွဲနေတဲ့ဘဝ၊ ထမင်းတစ်လုတ်အတွက် ရေငုပ်. . ပုလဲရှာနဲ့ အရွယ်နဲ့မမျှအောင် ဘဝက ကြမ်းတမ်းနေတဲ့ အချိန်. . ကျွန်တော် ကောင်းကောင်းမှတ်မိနေတယ်. . အဖေကြီး ကျွန်တော့်ကို ကယ်တင်ခဲ့တယ်. . ကပ်ဆိုက်နေတဲ့ ဘဝဆိုးထဲက အဖေကြီး ဆွဲထုတ်ပေးခဲ့တာပါ'

မိုက်ကယ်ထူးက ရီးသားသောမျက်နှာလေးနဲ့ လူတကာရဲ့ ခိုင်းဖတ် အနှိမ်ခံ အရိုးပေါ် အရေတင် ကောင်လေးတစ်ယောက်ကို မျက်လုံးထဲမှာ ပြန်ပြီး မြင်ယောင်လာသည်။ သူ့ကို စတွေ့တဲ့ အချိန်မှာ ခံစားရတဲ့ စိတ်မကောင်းခြင်းတွေဟာလည်း ခုနေ ပြန်တွေးရင်တောင် စိတ်မကောင်းဖြစ်ရတုန်းပဲ. . .

လုပ်ကွက်တစ်ခုအတွက် တနင်္သာရီရိုးမရဲ့ ရွာငယ်ကလေးတစ်ရွာကို သူလာကြည့်တဲ့အချိန်. . အဲဒီရွာလေးမှာ ရှိတာမှ အိမ်ခြေ သုံးလေးဆယ်ပဲ ရှိသည်။

ဒါပေမယ့် အိမ်ကြီးအိမ်ကောင်းတွေတော့ မဟုတ်ပါ။ ဓနိမိုး၊ တိုင်ထူပြီး အကာအရံပင် မရှိတဲ့ မြေစိုက် တဲအိမ်လေးတွေသာ ရှိသည်။





တစ်နေ့. .

သူ ရွာထဲကိုအလာ ဝက်တွေ မွေးထားတဲ့ ဝက်ခြံနားမှာ ကလေးလေးတစ်ယောက်ကို အသက် သုံးဆယ်ကျော် ယောကျ်ား တစ်ယောက်က သူ့ခြေထောက်ကြီးနဲ့ မညှာမတာ ဆောင့်ဆောင့်ပြီး ကန်နေသည်။

'သူခိုး. . ငါ့ဝက်ခြံထဲ လာပြီး အတင့်ရဲလိုက်တာ. . တယ်လေ. . ငါ လုပ်လိုက်ရ သေတော့မယ်'

သူက အားနဲ့ လုပ်တော့. . ကလေးက နာလို့ ငယ်သံပါအောင် အသံနက်ကြီးဖြင့် အော်သည်။

'အား. . ကြောက်ပါပြီဗျ. . နောက် မစားတော့ပါဘူး. . တောင်းပန်ပါတယ် ဦးရယ်. . သားကို သနားပါ. . သား ဗိုက်ဆာလို့ စားမိတာပါ'

ဒီမြင်ကွင်းကိုကြည့်ပြီး သူဘယ်လိုမှ မနေနိုင်တော့ပါ။

'ဒီမယ်. .'

သူ့ကိုမြင်တော့. . ခြေထောက်နဲ့ကန်နေတဲ့လူက ပျာပျာသလဲဖြစ်သွားကာ

'ဟာ. . သူဌေး. . ဘာခိုင်းစရာရှိလို့လဲ ခင်ဗျ. . ခေါ်ခိုင်းလိုက်ပြီးရောဗျာ. . ဒီကို ကိုယ်တိုင်လာရတယ်လို့'



www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ်ကွာ၊ မင်းအားရင် ငါ့ကို လမ်းပြလုပ်ပေးမလား'

'လုပ်ပေးမှာပေါ့ဗျ. . သူဌေး သွားချင်တဲ့ဆီသာသွား'

မြေကြီးပေါ်မှာ ဒူးလေးထောက်ပြီး သူ့ကို သနားစဖွယ် လှမ်းကြည့်နေတဲ့ ကလေးလေးကို အတွေ့မှာ တစ်စုံတစ်ခုနဲ့ချည်နှောင်လိုက်သလို ခံစားရသည်။

'ဒီကလေးက. .'

'မပြောချင်ပါဘူး သူဌေးရယ်. . ဝက်ခြံထဲက ကျွန်တော့် ဝက်စာတွေ လာခိုးစားနေလို့ ဆုံးမနေရတာ'

မိုက်ကယ်ထူး အရမ်းကိုအံ့သြသွားသည်။

ဒီကလေးလေးက ဒီလောက်ညစ်ပတ်နံစော်နေတဲ့ ဝက်စာကို စားသတဲ့။ သူ ဘယ်လောက်တောင် ဗိုက်ဆာနေလို့လဲ။

ကြည့်ပါဦး. . ပါးစပ်မှာလည်း ပေပွနေလိုက်တာ. . လက်နှစ်ဖက်နဲ့ခပ်စားထားလို့ ထင်ပါတယ်. . လက်တွေမှာလည်း ပေလို့။

ဒီလောက်ဆိုးတဲ့ဘဝမျိုးတွေ တကယ်ရှိနေသေးပါလား. . ဒီကလေးကိုကြည့်ပြီး ရင်ထဲမှာတောင် ဆို့လာသည်။ မနှိုင်းကောင်း နှိုင်းကောင်း မြေးမလေးထက် ငါးနှစ်လောက်ပဲ ကြီးမည်ထင်သည်။

'ကလေး. . ထပါဦးကွ'

ကလေးက မဝံ့မရဲဖြင့် ထလာသည်။





ခြေထောက်က နာနေလို့ ထင်သည်။ ကောင်းကောင်းတောင် မရပ်နိုင်။

'သား ဗိုက်ဆာလို့လား. . ဘာဖြစ်လို့ ဝက်စာတွေ စားရတာလဲကွာ'

သူမေးလိုက်မှ ကလေးက ရှိုက်ရှိုက်ပြီး ငိုသည်။ မျက်ရည်တွေက မြင်ရက်စရာပင် မရှိပေ။

'ပြောလေ သား. . ဗိုက်ဆာရင် ဘဘ ကျွေးမှာပေါ့'

'သား. . ထမင်းမစားရတာ သုံးရက်ရှိသွားပြီ ဘဘ၊ ဗိုက်အရမ်းဆာလို့ ယူစားမိတာပါ၊ နောက်ထပ်ခါဆို မစားတော့ပါဘူး'

'သားမိဘတွေကကော'

ကလေးမျက်နှာလေး ပိုပြီး ညှိုးသွားသည်။

'သူ့အမေက သေပြီ၊ အဖေကလည်း မယားငယ် ယူပြီး တောထဲမှာ သစ်ခုတ်ပြီးနေတာ'

ကြားရတာ သူ့နားထဲမှာ တကယ်ကို မချမ်းသာလိုက်တာ။

'သား. . လာ. . ဘဘနဲ့လိုက်ခဲ့'

ဒီကလေးကို သူတည်းနေတဲ့အိမ်ဆီ ခေါ်လာခဲ့သည်။

ကိုယ့်ဘဝနှင့်နှိုင်းပြီး ကိုယ်ချင်းစာပါသည်။ သူ ငယ်ငယ်တုန်းကလည်း ဒီလိုပဲ ဘဝကြမ်းခဲ့တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင် ဖိုးစနေကို ငါးရာတန်နှစ်ရွက် ထုတ်ပေးကာ. . အဝတ်အစား နှစ်စုံသွားဝယ်ခိုင်းသည်။

ပြီးတော့မှ ကလေးကို ရေမိုးချိုးစေပြီး အဝတ်အစားသစ် တွေ လဲစေခဲ့သည်။

'သား ကျောင်းရော နေလား'

'နေပါတယ် ဘဘ'

'ဘယ်နှတန်းရောက်ပြီလဲ သား'

'ခုနစ်တန်းပါ'

ကျောင်းစာတော့ ထူးချွန်ပုံရသည်။ တစ်နှစ်တစ်တန်း မှန် မှန်အောင်ပုံပင်။

ဖိုးစနေက ထမင်းပွဲပြင်ပေးရင်း ဝင်ပြောသည်။

'ဒီရွာမှာက ရှစ်တန်းထိပဲ ရှိတာ ဆရာ. . ဒီကလေးက မိဘကံမကောင်းပေမယ့် ပညာတော့ ပါရမီပါပုံရတယ်. . တစ်နှစ် တစ်တန်း မှန်မှန်အောင်ပြီး ကျောင်းမှာ စာတော်တယ်လို့ နာမည် ကြီးတယ်'

'ဖိုးစနေ. . ထမင်းက တစ်ပန်းကန်တည်းလား. . ငါလည်း စားမယ်လေကွာ'

'ဗျာ. . ဆရာက သူနဲ့အတူတူစားမယ်. .'





ဖိုးစနေပုံစံက အလွန်အမင်းအံ့အားသင့်နေပုံပင်။

'အေးလေ. . ဘာဖြစ်လို့လဲ. . သူက ငါ့ရဲ့အထူးဧည့်သည် ပဲ ဥစ္စာ. . သွား. . သွား. . ထမင်းသွားခူးချေ'

အဲဒီနေ့က ထမင်းပွဲကို ဒီနေ့ထိ သူမှတ်မိနေသေးသည်။ ကလေးငယ်က ထမင်းပန်းကန်လေးကိုကိုင်ပြီး

'ဘဘ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရာကျော် ရှည်ပါစေ'တဲ့။

ဒီလောက် ဗိုက်ဆာနေတဲ့ကြားက ထမင်းကျွေးတဲ့ကျေးဇူး ကို သိတတ်သေးသည်။ သူများတွေဆို 'ပလုတ်ပလောင်းနဲ့ ခေါင်း မဖော်တမ်းစားမှာပေါ့။

ခုလည်း ထမင်းပန်းကန်လေးကိုင်ပြီး စောင့်နေသည်။

'စားလေ. . သား. . ရော့. . ကြက်သားတောချက်လေး'

ကလေးရဲ့ထမင်းပန်းကန်ထဲကို သူက ဟင်းတွေခပ်ထည့် ပေးတော့ -

'ဘဘ အရင်စားပြီးမှ သားစားပါ့မယ်. . အမေက မှာခဲ့ တယ်. . လူကြီးစားပြီးမှ စားရမယ်တဲ့'

အင်မတန်မှ လိမ္မာရေးခြားရှိတဲ့ကလေးလေး. . မျက်နှာ လေးကလည်း သနားစရာလေး. .



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . ကဲ. . ဒါဆို ဘဘ အရင်စားပြီနော်'

သူ စပြီးစားတော့မှ ကလေးက လိုက်ပြီးစားသည်။

'သားနာမည် ဘယ်လိုခေါ်သလဲ'

'ဟုန်ကမ္ဘာ'

'အားပါး. . တယ်လှတဲ့နာမည်ပါလားကွ. . ဘယ်သူ ပေးခဲ့တာလဲ'

'သားမေမေပါ'

ငယ်ငယ်ရွယ်ရွယ်နဲ့ အမိမဲ့နေတာ မြေးမလေးIvy နဲ့ ဘာထူးလို့လဲ. . သနားစိတ်တွေက ရင်ထဲမှာ တဖွားဖွားပေါ်လာသည်။

'သားက စာတော်တယ်ဆို. . ဒီရွာမှာက ရှစ်တန်းအထိပဲရှိတာဆိုတော့ နောက်နှစ်ပြီးရင် ဘယ်မှာဆက်တက်မှာလဲ'

ကလေးက ခေါင်းခါပြသည်။

'ဒီနှစ်ပြီးရင် သား ကျောင်းထွက်ရတော့မှာ. . . ရှစ်တန်းမတက်ရတော့ဘူး ဘဘ'

'ဘာဖြစ်လို့လဲကွ'

'အဖေက ထွက်ခိုင်းတာ. . သူနဲ့အတူတူ သစ်လိုက်ခုတ်ရမယ်လို့ ပြောပါတယ်၊ မိထွေးကလည်း သားကို အလကား မကျွေးနိုင်ဘူးတဲ့'





ဖိုးစနေကပါ ဝင်ပြီး ထောက်ခံသည်။

'အဲဒါတော့ အဟုတ်ပဲ ဆရာရေ. . သူ့မိထွေးက အင်မတန် အပေါက်ဆိုးတာ. . သူ့ဆိုလည်း အသေနိုင်တာဗျ. . ကလေးက နေ့တိုင်း အရိုက်ခံနေရတာ'

သူ တစ်ထိုင်တည်းဆုံးဖြတ်လိုက်သည်။ ဒီကလေးဘဝကို သူကယ်တင်မည်။ ပျိုးထောင်မည်။

'ဖိုးစနေ. . သူ့အဖေကိုသွားမေးစမ်း. . ဒီကလေး ငါ့ကို ပေးမလားလို့'

'ဗျာ. .'

အရေးထဲ ဖိုးစနေက အံ့ဩနေသေးသည်။ မိုက်ကယ်ထူး ဘယ်လောက်ချမ်းသာသလဲဆိုတာ သူသိနေတာပဲ။

ဟုန်တော့ သိန်းထီဆုကြီးပေါက်ပြီပေါ့။

'အခုသွားမေးရမှာလား ဆရာ'

'ဟုတ်တယ်. . ခုချက်ချင်းသွားမေး'

ဟုန်နဲ့သူ ရေစက်ပါပုံက အဲဒီကနေ စခဲ့တာဖြစ်သည်။

ဒုက္ခရောက်နေတဲ့ ကလေးငယ်လေးတစ်ယောက်ကို ခေါ်လာခဲ့ပြီး စနစ်တကျ သူပျိုးထောင်ပေးခဲ့သည်။

ပြင်ဦးလွင်က ဘော်ဒါတစ်ခုမှာ ဟုန်ကမ္ဘာဆိုတဲ့ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဆယ်တန်းအောင်တဲ့အထိ သူ ထားပေးခဲ့သည်။ ဟုန်က စာတော်ပြီး ကြိုးစားသူမို့ ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနဲ့အောင်ပြီး စက်မှုတက္ကသိုလ်ဆက်တက်ကာ B.E. ဘွဲ့ရ အင်ဂျင်နီယာတစ်ယောက်လည်း ဖြစ်ခဲ့သည်။

ဟုန်ကမ္ဘာဟာ မိုက်ကယ်ထူးက သူလိုသလို ထုဆစ်ခဲ့တဲ့ အရုပ်ကလေးတစ်ရုပ်ဆိုလည်း မမှားပါဘူး။

ခုတော့. . အဲဒီအရုပ်ကလေး အသက်ဝင်ခဲ့ပြီ။

ထူးခြားတာတစ်ခုက မိုက်ကယ်ထူးသည် ဟုန်နှင့် ပတ်သက်ပြီး လျှို့ဝှက်ထားသည်။ သိပ်ပြီး လူသိမခံခဲ့။

ဟုန်ကမ္ဘာဟာ ကျောင်းပိတ်ရက်တွေတိုင်းမှာ. . ကိုယ်ခံပညာနှင့်ပတ်သက်ပြီး သင်ယူခဲ့ရသည်။ သေနတ်ပစ်လည်း ကျွမ်းကျင်အောင် လေ့ကျင့်ခဲ့ရသည်။ ဒီနေ့ ဒီအချိန်မှာတော့ ဟုန်ဟာ အဘက်ဘက်က ပြီးပြည့်စုံစွာ ပွဲတိုင်းမှာ အစမ်းသပ်ခံနိုင်ခဲ့ပြီ။

'အဖေကြီး ကံကောင်းပါစေ. . Good Luck'

နှုတ်ဆက်စကားဆိုပြီး သူထွက်လာခဲ့သည်။ Ivy ရဲ့အခန်းလေးကတော့ မီးရောင်တွေပျောက်ပြီး ဆိတ်ငြိမ်နေခဲ့ပြီ။

ကောင်မလေး အိပ်မောကျနေရောပေါ့။

◆



## (၁၄)

Ivy က လွဲလို့ 'တော်ဝင်သံစ်ခွ'တစ်ခြံလုံး ပွက်လောရိုက်နေသည်။

သူတို့ ကျွန်းပေါ်က ပြန်ရောက်တာမှ ဆယ်ရက်တောင် မပြည့်တတ်သေး။

ဒေါ်လှိုင်းဖြူက အိမ်ပေါ်တက်တဲ့ လှေကားပေါ် တဒိုင်းဒိုင်း ပြေးတက်လာရင်း ပါးစပ်မှလည်း တတွတ်တွတ်အော်နေသည်။

'ဒုက္ခတော့ ရောက်ပြီ. . သူဌေး လေယာဉ်ပျက်ကျလို့ ဆုံးပြီတဲ့'

ကြားတဲ့သူတွေက ကြားပြီး မယုံကြ။

မနေ့ညနေကတင် သူဌေး ဒီနေရာ၊ ဒီအိမ်ကြီးမှာ ရှိနေခဲ့သေးတာ. .



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူပြောတာလဲ ဒေါ်လှိုင်းဖြူ'

'ဟုတ်ရဲ့လား'

'ဖြစ်မှမဖြစ်နိုင်တာ'

'မနေ့က ထွက်သွားတော့ လေယာဉ်က အကောင်းကြီးပါ'

တစ်ယောက်တစ်ပေါက် ထင်မြင်ချက်တွေ ပေးနေလို့. . ဒေါ်လှိုင်းဖြူက ကြားဖြတ်ပြီး အပေါ်ထပ်မှအော်လိုက်သည်။

'ဒါ အမှန်ပဲ. . မယုံလည်း မတတ်နိုင်ဘူး. . သူဌေးနဲ့အတူ သူ့လူယုံတွေပါ ဆုံးသွားတာ'

'ဘုရား. . ဘုရား. . ဒါဆို စိုးဘည္ထွန့်တို့ ဆုံးပြီပေါ့'

တစ်အိမ်တည်းမှာ အလုပ်အတူတူလုပ်လာတော့ သံယောဇဉ်တွယ်နေကြပြီ။

ပိုပြီးဆိုးတာက သူဌေးကြီး မရှိတော့ဘူးတဲ့။ နားခိုစရာ အရိပ်တစ်ခု ကွယ်ပျောက်ခဲ့ရပြီမို့ သူတို့တောင် ဒီလောက်ခံစားနေရရင် Ivy လေး ဘယ်လိုလုပ်မလဲ။

ငိုတဲ့သူက ငိုနေကြပြီ။

'နင်တို့က ဒီလိုဖြစ်နေရင် ငါ့သမီးလေးIvy ပိုပြီးဆိုးတော့မှာပေါ့. . သူ့ကို ငါဘယ်လိုပြောရမလဲ'

သူဌေးကြီး မိုက်ကယ်ထူးက မနေ့ကမှ ကိုယ်ပိုင်လေယာဉ်





ဖြင့် မြစ်ကြီးနားသို့ ထွက်သွားခဲ့ခြင်းဖြစ်သည်။ သူဌေးရဲ့မန်နေဂျာ ဦးမြင့်သူရက အလောင်းသွားသယ်ဖို့ ပြင်ဆင်နေသည်။ လူစုနေသည်။

အဲဒီအချိန်မှာ Ivy နိုးလာခဲ့သည်။

အချိန်က မနက် ရှစ်နာရီ ဆယ်မိနစ်။ သူမ အခန်းတံခါးလေး ပွင့်လာသည်။

'ဘာဖြစ်နေကြတာလဲဟင်. . စောစောစီးစီး တစ်အိမ်လုံး ဆူနေတာပဲ'

ဒေါ်လှိုင်းဖြူက Ivy အနား ပြေးသွားပြီး

'သမီး. . သမီးလေး. . စိတ်ခိုင်ခိုင်ထားနော်. . သူဌေး ဆုံးပြီ'

'တီထွေး. . ဘာပြောလိုက်တာလဲ. . ဘိုးဘိုး ဆုံးပြီ ဟုတ်လား. . . ဘာလို့လဲ. . ဘာဖြစ်လို့လဲ'

Ivy ဘယ်လိုမှမယုံနိုင်ပါ။ ကြားရတဲ့သတင်းကိုလည်း လက်မခံနိုင်ပါ။

ဒါကြောင့် အထပ်ထပ်ပြန်မေးမိနေသည်။

'လက်ခံလိုက်ပါ သမီးရယ်. . လေယာဉ်ပျက်ကျလို့ လေယာဉ်ပေါ်ပါလာတဲ့လူတွေအားလုံး ဆုံးသွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်ဘူး၊ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ ဒါ သက်သက်လုပ်ကြံတာ'

အလောင်းသွားသယ်ဖို့ စီစဉ်နေတဲ့ မန်နေဂျာဦးမြင့်သူရက သတင်းတစ်ခုကို လာပို့သည်။ ဒါပေမယ့် သတင်းကောင်းတော့ မဟုတ်ခဲ့။

'မီးလောင်လို့ ဘယ်သူ့အလောင်းဆိုတာ ခွဲဖို့ခက်နေပြီတဲ့ တချို့ကျတော့လည်း တစ်စစီဖြစ်နေတယ်လို့ပြောတယ်. . ဟိုမှာပဲ သဂြိုလ်ရဖို့ များနေတယ်. . သမီးလေးIvy နဲ့ မလှိုင်းဖြူတို့ လိုက်ခဲ့ရင် ပိုပြီးအဆင်ပြေမယ်ထင်တယ်'

ဘယ်လိုတွေ ဖြစ်ကုန်တာလဲ. . သဂြိုလ်စရာ အလောင်းတောင် အပြည့်အစုံမရှိတော့ဘူးလား. .

အဖြစ်ဆိုးလိုက်တာ ဘိုးဘိုးရယ်. .

အသက်မဲ့ကျောက်ရုပ်တစ်ရုပ်လို နေရာမှာ ကြောင်ငေးပြီးရပ်နေတဲ့ သူမကို ဒေါ်လှိုင်းဖြူက စိတ်ပူပြီး

'ဒါတော့ မဖြစ်ဘူး မန်နေဂျာကြီးရယ်. . ရှင်ပဲ သင့်တော်သလိုစီစဉ်လိုက်ပါ. . ကျွန်မသမီးလေး ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး၊ သူ အခုတောင် တော်တော်ခံစားနေရပြီ'

Ivy က လက်သင့်မခံပါ။





'ဟင့်အင်း. . ဘိုးဘိုးရဲ့နောက်ဆုံးခရီးကို သမီးဖြစ်အောင် လိုက်ပို့မယ်. . သမီး အဝတ်အစားသွားသိမ်းလိုက်ဦးမယ်. . ခဏစောင့်'

Ivy က အခန်းထဲပြေးဝင်ပြီး တံခါးကို lock ချထားလိုက်သည်။ တီထွေး ဝင်လာပြီး တားလို့မရအောင်ပါ။

အဘိုးမှာခဲ့တဲ့ စကားတွေ. . သိမ်းခိုင်းထားတဲ့ ဘဏ်စာအုပ်တွေကိုလည်း သတိရလာသည်။

လောလောဆယ်မှာတော့ ဒီထက်လုံခြုံတဲ့နေရာမရှိသေးတာမို့ ခဏထားထားလိုက်ဦးမည်ဟု တွေးမိသည်။

ခရီးဆောင်သေတ္တာထဲ အဝတ်တွေကို ပြီးပြီးရော ခေါက်ထည့်နေစဉ် ဖုန်းသံမြည်လာသည်။

Ivy က ဖုန်းကိုင်လိုက်ပြီး

'ဟယ်လို'

'Ivy လား သမီး'

'ဟုတ်ပါတယ်ရှင်'

'ဦးက ရွှေနေဦးလူရပါ'

'ဘိုးဘိုး ဆုံးသွားပြီ ဦးဦး'

'ဦးသိတယ် သမီး. . အခု အရေးကြီးလို့ဆက်တာ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားလို့ မဖြစ်ဘူးနော်. . အဘိုးက လုပ်ကြံခံလိုက်ရတာ၊ သမီး ကိုလည်း အချိန်မရွေး အန္တရာယ်ပြုနိုင်တယ်ဆိုတာ သိထားရမယ်၊ သမီးအဘိုးက ဒါတွေကိုကြိုသိထားလို့ အားလုံးအစီအစဉ်ဆွဲခဲ့ပြီး သား. . သမီး ခုချိန်မှာ ဘယ်သူ့ကိုမှမယုံလိုက်နဲ့. . သမီးကို ကာ ကွယ်ပေးဖို့ သူဌေးကြီး တာဝန်ပေးခဲ့တဲ့လူတစ်ယောက်ရှိတယ်. . သူ သိပ်မကြာခင် သမီးအနားကိုရောက်လာမှာပါ. . ဒါပေမဲ့. . ဒီ အကြောင်းတွေကို ဘယ်သူ့မှမပြောမိစေနဲ့နော် သမီး. . ကိုယ့်သေ တွင်း ကိုယ်တူးမိသလိုဖြစ်နေမှာစိုးလို့'

'သမီး နားလည်ပါပြီ ဦးဦး'

'သမီးစိတ်ကိုလျှော့ပြီး အနားယူလိုက်တော့၊ သတိတော့ ရှိပစေနော်'

'ဟုတ်ကဲ့. . ကျေးဇူးတင်ပါတယ်'

ဦးလူရ ဖုန်းချသွားပြီး သိပ်မကြာမီ တီထွေးက တံခါးလာ ခေါက်သည်။ Ivy က တံခါး ဖွင့်ပေးပြီး သူမ မလိုက်ချင်တော့တဲ့ အကြောင်းပြောပြသည်။

'ဘယ်လိုဖြစ်လို့လဲ. . သမီး နေရောကောင်းရဲ့လားကွယ်၊ ဆေးသောက်ထားမလား'

'မသောက်တော့ပါဘူး တီထွေးရယ်. . ဒီစည်းစိမ်ဥစ္စာတွေ





က သမီးအတွက် ဘာမှအသုံးမဝင်ပါဘူး၊ သေမင်းက သိပ်ရက်စက် တာပဲ. . သမီးချစ်တဲ့သူတွေကို သမီးအနားကနေ အမြဲဆွဲခေါ်သွား တယ်'

'သမီး ဦးသူရကို ဘာမှာချင်သေးလဲ. . သူသွားဖို့ အသင့် ဖြစ်နေပြီ'

Ivy က ငိုနေတဲ့ကြားက အားတင်းပြီး

'အဘိုးရဲ့ဈာပနကို ခမ်းခမ်းနားနားလုပ်ပေးချင်တယ် တီ ထွေး. . ဖြစ်နိုင်ရင် အဘိုးရဲ့အရိုးပြာအိုးကို ပြန်ပြီး ယူလာစေချင် တယ်'

'ဒါဆို တီထွေး သွားပြောလိုက်ဦးမယ်'

ထိုနေ့က Ivy ထမင်းမစားလို့ တီထွေးက နွားနို့ပူပူလေးနဲ့ ခေါက်ဆွဲချဉ်စပ်ပြုတ်ပြီး ကျွေးသည်။ ပါးစပ်ထဲမှာတော့ ဘာမှအရ သာ မရှိ။

အဘိုးရဲ့ပုံရိပ်တွေကိုပဲ မြင်နေသည်။ အဘိုးကိုပဲ သတိရ နေသည်။

ငယ်ငယ်လေးကတည်းက မိဘမဲ့ခဲ့လို့. . အဘိုးပဲ အရိပ် တကြည့်ကြည့်နဲ့ မေတ္တာတွေ ပေးခဲ့တာ. .

ခုတော့. .



www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက်တည်း ဘယ်သူ့ကို အားကိုးရမလဲ. . .

ဘယ်သူ့ကိုယုံရမှာလဲ. .

သမီး ကြောက်လာပြီ။ ချောက်ချားနေပြီ ဘိုးဘိုးရယ်. .

မနေ့ညနေက မိုးတွေ ရွာနေတုန်း. . အဘိုး ထွက်သွားခဲ့တယ်. . .

ဒီနေ့ နေသာနေတယ်. .

ဒါပေမယ့်. . .

အဘိုးက ပြန်မလာတော့ဘူး. . .

♦



(၁၅)

မှောင်မည်းနေတဲ့ မိုးကောင်းကင်မှာ လျှပ်စီးတွေ လက်ပြီး မိုးခြိမ်းသံတွေ ကြားနေရသည်။

သိပ်မကြာခင် မိုးတွေရွာတော့မည်. . သို့ပေမယ့် Ivyရဲ့ ရင်ထဲမှာတော့ နွေကန္တာရလို ခြောက်သွေ့နေသည်။

အဘိုးရဲ့လုပ်ငန်းတွေကို မျက်နှာလွှဲထားလို့မရဘူးဆိုတာကို သူမ သိသည်။

ခက်နေတာက. . တီထွေး။

တီထွေးက Ivy အလုပ်လုပ်မည်ကို မလိုလားပေ။ ငယ်သေးလို့ စိတ်မချဘူးဆိုပြီး သူမကိုယ်စား တီထွေးက ဦးမြင့်သူရဲနှင့်တွဲကာ အလုပ်ကိစ္စတွေကို ဝင်ပြီးလုပ်ပေးနေသည်။

အပြင်အဆင်လည်း ပြောင်းလဲလာသည်ဟု ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးကြီးအဝတ်အစားတွေ ဝတ်ပြီး စတိုင်လ်ပြောင်းလာတဲ့ တီ ထွေးကို အိမ်မှာရှိတဲ့ အလုပ်သမားတွေအားလုံးကပါ ရှိသေလေး စားနေလိုက်ကြတာ. .

အနေအထားတွေအားလုံး ပြောင်းလဲကုန်သည်ဟု ထင်ရ သည်။

အဘိုးရှိစဉ်တုန်းက Ivy လေး ဘာစားမလဲ၊ ဘာလုပ်မလဲ လို့ တစ်ချိန်လုံးမေးနေတဲ့သူတွေက ခုချိန်မှာတော့ တီထွေးအနား မှာ အခစားဝင်နေကြပြီ။

ရုတ်တရက်ပြောင်းလဲလာတဲ့အနေအထားကို သူမ လက်ခံ လို့မရသေးပါ။

တီထွေးက ဘာဖြစ်ချင်နေတာလဲ. . .

ထိုင်နေကျဒန်းလေးပေါ်မှာ ထိုင်ပြီး. . Ivyစဉ်းစားနေမိ သည်။

လောကကြီးအကြောင်း၊ လူတွေရဲ့အကြောင်း၊ နောက်ပြီး . . သူမ ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့ကျရင် ဆက်ခံရမည့်အမွေကိစ္စတွေ . . အရာအားလုံးက ရှုပ်ထွေးနေသည်။

'ဝုတ်. . ဝုတ်. . ဝုတ်'

ဒုံရီက သူမဂါဝန်စလေးကို လာဆွဲပြီး ဟောင်နေသည်။





ဒါဟာ ခြံထဲမှာ လူရောက်နေပြီဆိုတာ အချက်ပြခြင်းမို့ 'ဘယ်သူလာတာလဲ မသိဘူး'

Ivy က တမျှော်တခေါ်ကြီးကျယ်ဝန်းလှတဲ့ ခြံကြီးထဲကို လှည့်ပတ်ပြီး ကြည့်နေစဉ်

'သမီးလေး. . ဦးလူရပါ'

'ဟယ်. . ဦးဦးလာတယ်. . သမီး ဦးဦးကိုမျှော်နေတာ. . အိမ်မှာက အခြေအနေတွေ တစ်မျိုးပြောင်းနေသလိုပဲ. . သမီး ဘာ ဆက်လုပ်ရမလဲ မသိဘူးဖြစ်နေတာ'

ဦးလူရကို Ivy က အားကိုးတကြီးပြောပြနေမိသည်။

တကယ်လည်း Ivy အားငယ်နေတာပဲလေ. .

'သိတယ်. . ဦး အားလုံးသိတယ်. . မြင့်သူရကို ကုမ္ပဏီ အတွက် အရေးကြီးတဲ့အစည်းအဝေးခေါ်ဖို့ ဦး ပြောထားတယ်. . အဲဒီနေ့ကျရင်သာ သမီးဖြစ်အောင်တက်ဖို့ ပြင်ထား၊ ဘာမှကြောက် စရာမရှိဘူး. . ကြားလား'

ကြောက်စရာမရှိဘူး ဆိုပေမယ့် Ivy တုန်လှုပ်မိပါသည်။

ခုမှ ဆယ်တန်းဖြေပြီးကာစ ချာတိတ်မလေးတစ်ယောက် ကို မိုက်ကယ်ထူးရဲ့အမွေဆက်ခံသူလို့ ဘယ်လိုပဲပြောပြော. . ကုမ္ပ ဏီရဲ့ဒါရိုက်တာအဖွဲ့ဝင်တွေက နေရာပေးပါ့မလား. .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ လျော့နည်းနေသည်။ တစ်ယောက်ယောက်ကို အားကိုးချင်စိတ်တွေ၊ တိုင်ပင်ချင်စိတ်တွေ တဖွားဖွားပေါ်နေသည်။

Ivy က ဦးလူရမျက်နှာကို အကဲခတ်ကြည့်ပြီး

'ဦးဦး ဖုန်းထဲမှာ ပြောခဲ့တယ်လေ. . ဘိုးဘိုးတာဝန်ပေးခဲ့တဲ့လူတစ်ယောက်ဆိုတာ. . ဘယ်သူလဲဟင်. . သူက ဘာလို့ သမီးအနားကို ရောက်မလာသေးတာလဲ. .'

'သူ သမီးအနားမှာ တစ်ချိန်လုံးရှိနေပါတယ်. . သမီး မသိလို့ပါ. . သန်ဘက်ခါ အစည်းအဝေးစတက်မဲ့နေ့မှာ သူ သမီးအနားကို တရားဝင်ရောက်လာတော့မှာပါ. . သမီးရဲ့အဘိုးနဲ့ သူ့ရဲ့ ပတ်သက်မှုက သိပ်ကိုနက်ရှိုင်းတယ်. . နောက်ပြီး သူ့ဒေးက သူ့ကိုပဲ ယုံတယ်လို့ ဦးကို တဖွဖွပြောခဲ့တယ် သမီး'

Ivy အရမ်းဝမ်းနည်းသွားသည်။

အဘိုးက သူ မရှိတဲ့နောက်မှာတောင် မြေးမလေးကို ကာကွယ်ပေးဖို့ စိတ်ချရတဲ့လူတစ်ယောက်ကို ကိုယ်စားထားခဲ့ပေးသေးသည်။

အဘိုးရဲ့မေတ္တာတွေကို ဒီတစ်သက် ဘယ်တော့မှ ပြန်ရတော့မှာ မဟုတ်မှန်းသိသိကြီးနဲ့ ပိုခံစားရသည်။





'သူ့နာမည်က ဘယ်သူလဲ ဦး'

'ဟုန်ကမ္ဘာ'

ဟုန်ကမ္ဘာ. . .

ဒီနာမည်နဲ့ သိပ်ပြီး မရင်းနှီးသေးသလိုပဲ။ အဘိုးဆီကလည်း တစ်ခါမှမကြားဖူးဘူး။

ဆန်းတော့ ဆန်းသား. . .

ဘာပဲဖြစ်ဖြစ်. . ဒီလူ့ကို Ivy အရမ်းကို တွေ့ချင်နေပြီ။

◆



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့က Ivy ကုမ္ပဏီအစည်းအဝေးကို ပထမဆုံး တက်ရမည့်နေ့ဆိုတော့ ဝီရိယပိုစွာ မနက် ခုနစ်နာရီကတည်းက ထပြီး ရေမိုးချိုးကာ စိတ်တိုင်းကျပြင်ဆင်နေမိသည်။

ခါတိုင်းဆို Ivy အဝတ်အစားလဲချိန် အနားမှာ ဝိုင်းဝိုင်းလည်နေတဲ့ အိစိုး၊ ကြာဖြူနဲ့ နီထွေးတို့ အလိုက်တသိနဲ့ရောက်မလာလို့ Ivy က အင်တာကွန်းမှတစ်ဆင့် လှမ်းပြီးခေါ်ယူရသည်။

ရောက်လာတော့လည်း မချောတွေက စိတ်မပါလက်မပါနဲ့ ဝတ်ကျေတန်းကျေသာ။

'မမလေး. . ဒီမှာ အကျီ'

အိစိုး ယူလာပေးတဲ့အကျီကိုကြည့်ပြီး Ivy ဒေါသထွက်လာသည်။

'ဒီမယ်. . နင်တို့နားလည်အောင်ပြောရရင် ငါက ဒီနေ့ ကုမ္ပဏီကို အဘိုးရဲ့ဆက်ခံသူအနေနဲ့သွားရမှာ၊ လူကြီးတစ်ယောက်လို ရင့်ကျက်ပြီး smart ကျတဲ့ ဝတ်စုံမျိုးဖြစ်ရမှာပေါ့. . ဒီလို ခါးပေါ်လည်ဟိုက်တွေ ဝတ်ရမဲ့နေရာမှမဟုတ်တာ'

'သိပါပြီ. . ပြန်လဲပေးမယ်'

အိစိုးပုံစံက ဒီနေ့တစ်မျိုးပဲ. . ဆောင့်အောင့်ပြီး လုပ်ပေးနေပုံရသည်။ ပါးစပ်ကလည်း ပွစိပွစိနဲ့ရွတ်နေသည်။





'ရော့. . ဒီအကျီက ဘာမှမပေါ်ဘူး. . လုံလုံခြုံခြုံပဲ'

ကြည့်လိုက်တော့ အရှေ့မှာ ဇစ်နဲ့ပိတ်ပြီးဝတ်ရတဲ့ အနွေးထည်ဒီဇိုင်းကြီး. . ဒါ သက်သက်ရွဲ့နေတာ. .

'သွားတော့. . ထွက်သွား. . ငါ့ဘာသာငါပဲ ရွေးတော့မယ်'

Ivy ဒေါသထွက်ပြီး မောင်းထုတ်တော့ အားလုံးထွက်သွားကြသည်။

Ivy က နီထွေးကို လှမ်းပြီးမေးလိုက်သည်။

'တီထွေးကို လွှတ်လိုက်. . သူ ဘယ်မှာလဲ'

'မရှိဘူး မမလေး. . အပြင်ထွက်သွားတယ်'

'ဘယ်သူနဲ့လဲ. . ဦးသူရနဲ့ပဲလား'

'ဟုတ်ကဲ့'

'နေစမ်းပါဦး. . အခု သူတို့နှစ်ယောက်က ဘာလဲ တရားဝင်တွဲနေကြတာလား'

'နီထွေး မသိဘူး မမလေး'

'သွားတော့. . တစ်ယောက်မှ အသုံးမကျဘူး'

အဘိုးဆုံးပြီးမှ အားလုံးပြောင်းလဲနေကြသည်။

သူမကို သမီးရင်းနှင့်မခြား စောင့်ရှောက်ခဲ့တဲ့တီထွေးလို လူကတောင် ခုကျတော့ သိပ်ပြီး ဂရုမစိုက်ချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာသူတို့ ဘယ်လိုပဲဖြစ်နေပါစေ. . လူဆိုတာ ကိုယ့်ဘဝကိုယ်တော့ ကောင်းကောင်းရှင်သန်ရမှာပဲ မဟုတ်လား. . အဲဒီတော့ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်တာက အကောင်းဆုံးပါပဲ။

ကျွန်းကနုတ်တွေနဲ့ဘောင်ခတ်ထားတဲ့ အသည်းပုံမှန်ကြီးထဲမှာ သူမရုပ်သွင်လေးက ကျက်သရေရှိစွာ ပေါ်လွင်နေသည်။

နုဖတ်နေတဲ့ မျက်နှာလေးက မိတ်ကပ်ကူထားတော့ ပန်းနုရောင်သမ်းပြီး ကြည်လင်နေသည်။ နဂိုရှည်တဲ့ မျက်တောင်လေးတွေက mascara နဲ့ ကော့ထားတော့ မိန်းမဆန်တဲ့အလှကို ပိုပြီးပေါ်လွင်စေသည်။ ပန်းနုရောင် Lip gloss လေး တင်ထားတော့နှုတ်ခမ်းဖူးဖူးလေးက ရွဲရွဲစိုပြီး အရမ်းကိုလှနေသည်။

ဆံပင်ကိုတော့ ကိုးရီးယားမလေးတွေထုံးသလို အပေါ်မှာမြင့်မြင့်လေးထုံးပြီး ဝတ်မဲ့အကျီနဲ့လိုက်အောင် ပုလဲကြိုးကလေးကို အထပ်ထပ်ခွေပြီး ပတ်ထားလိုက်သည်။

ဇာတွေနဲ့ရောချုပ်ထားတဲ့ အသားရောင်ကုတ်အကျီလှလှလေးကို အသားရောင်မီနီစကတ်လေးနဲ့တွဲဝတ်ပြီး အနက်ရောင်အသားကပ်ခြေအိတ်ကို ဝတ်ကာ အနက်ရောင်လေဒီရှူးလေး စီးလိုက်သည်။

အဆုံးသတ်အနေနဲ့ အသားရောင်နဲ့အနက်ရောင်ရောစပ်





ထားတဲ့ ပဝါလှလှလေးကို လည်ပင်းမှာပတ်ပြီး ကျောဘက်ကို ချလိုက်သည်။

ပြီးတော့ သူမ အနှစ်သက်ဆုံး နာမည်ကြီး brand တစ်ခုဖြစ်တဲ့ Co.co chanel ရေမွှေးလေးကိုဆွတ်လိုက်သည်။ 'coach' တံဆိပ် အိတ်လှလှလေးကို ကိုင်ပြီးချိန်မှာတော့ အစည်းအဝေးတက်ဖို့ အားလုံးရယ်ဒီဖြစ်နေပြီ။

ခွေးကလေး ဒုံရီနဲ့ ဆော့ကစားတတ်တဲ့ ကလေးသာသာကောင်မလေးနဲ့ကွဲပြားစွာ တခြားတစ်ယောက်အလား ထင်ရလေသည်။

'မမလေး. . အောက်မှာ ကားတစ်စီးနဲ့ လူတစ်ယောက်စောင့်နေတယ်'

ကြာဖြူက သတင်းလာပို့သည်။

'ဘယ်သူလဲ'

'ဟုန်ကမ္ဘာလို့ပြောပါတယ်'

ဟုန်ကမ္ဘာ. . .

'သူရောက်လာပြီလား'

'အရပ်ကြီးက အမြင့်ကြီး. . ထောင်ထောင်မောင်းမောင်းနဲ့ အရမ်းချောတာပဲ မမလေး၊ သူက ဘယ်သူလဲဟင်'



www.burmeseclassic.com

www.burmeseclassic.com



'သူလား. . သူက ငါ့ရဲ့သက်တော်စောင့်'

ကြာဖြူက ထပ်မေးသည်။

'အသစ်ခန့်လိုက်တာလားဟင်'

'ဒါပေါ့. . အရင်သက်တော်စောင့်တွေက သုံးစားလို့မှမရတာ. . သူတို့သာ တော်နေရင် ငါ့အဘိုး ခုလိုမျိုးသေရမှာ မဟုတ်ဘူး. . ကဲ. . ကဲ. . ငါ သွားပြီ၊ အစည်းအဝေး နောက်ကျနေတော့မယ်'

Ivy ဆင်းလာတော့ ကားတံခါးအဆင်သင့်ဖွင့်ထားပြီး လူတစ်ယောက်က သူမကို ဆီးကြိုနေသည်။

'မင်္ဂလာပါ မမလေး'

သူ နှုတ်ဆက်တဲ့အသံက ဩပြီး ချိုနေသည်။ ကြည်ပြီး ဩဇာရှိသည်။ ကြာဖြူပြောသလိုပဲ အရပ်က တော်တော်ရှည်သည်။ သူမထက် ခေါင်းတစ်လုံးမက ပိုပြီးမြင့်နေသည်။

အရေးထဲမှာ အရပ်ချင်း တိုင်းမိနေလို့ ရယ်ချင်စိတ်ကို ထိန်းထားရသည်။

'ရှင်က ဟုန်ကမ္ဘာလား'

'ဟုတ်ပါတယ်. . ခုချိန်က စပြီး မမလေး အနားမှာ ကျွန်တော်က စောင့်ရှောက်ပေးမှာပါ'





'ကောင်းပြီလေ. . ရှင် တာဝန်ကျေဖို့တော့ လိုတယ်နော်၊ ကျွန်မက တာဝန်မကျေတဲ့သူဆို အမုန်းဆုံးပဲ၊ ခွင့်လွှတ်မှာမဟုတ်ဘူး'

'မမလေး စိတ်မပျက်စေရပါဘူး. . နောက်ပြီး သူဌေးရဲ့ဆန္ဒအရ မမလေးမှာ ကျွန်တော့်ကို အလုပ်ထုတ်ပိုင်ခွင့်မရှိပါဘူး'

'ဘာပြောတယ်'

အံ့ဩစရာလူပဲ။ ဒီလူ စကားပြောတာ အကြောက်အလန့်ကို မရှိဘူး။

'မမလေး ကားပေါ်တက်ပါ. . အစည်းအဝေးစ,ဖို့ နာရီဝက်ပဲ လိုတော့တယ်'

Ivy က ကားထဲကို ဝင်ထိုင်တော့ သူက အလိုက်သိစွာပင် ကားတံခါးပိတ်ပေးပြီး ကားကို သူကိုယ်တိုင်မောင်းကာ ခြံထဲမှထွက်လာခဲ့သည်။

လမ်းတစ်လျှောက်လုံး သူက အစည်းအဝေးမှာ ဘယ်လိုပြောရမယ်၊ ဘယ်လိုနေရမယ်ဆိုတာတွေ သင်ပေးလာသည်။

'ဒီနေ့က မမလေးအတွက် ဦးဆုံးနေ့ဆိုတော့ ခက်ခဲနေမှာသိပါတယ်. . ဒါပေမယ့် စိတ်ကို ပေါ့ပေါ့ပါးပါးပဲထားပြီး သူတို့နဲ့ဆွေးနွေးမယ့်အကြောင်းအရာတွေကို ပိုင်ပိုင်နိုင်နိုင်နဲ့ချက်ကျလက်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးနွေးဖို့လိုတယ်၊ လိုအပ်ရင် ကတ်သီးကတ်သတ်မေးခွန်းတွေနဲ့ တစ်တစ်ခွခွပြောတတ်ဖို့လည်း အရေးကြီးတယ်. . ဘယ်လိုပဲခက်ခဲနေပစေ. . မျက်နှာကိုတော့ အပြုံးမပျက်စေနဲ့နော် မမလေး၊ ကိုယ့်အတွက် အရမ်းခက်ခဲစေမယ့်မေးခွန်းမျိုးဆိုရင် အချိန်တစ်ခုယူလိုက်. . လောလောဆယ် အဖြေမပေးနိုင်သေးဘူးလို့ ယဉ်ယဉ်ကျေးကျေးလေးသာ ပြောလိုက်'

သူက နောက်ကြည့်မှန်ထဲမှ Ivy မျက်နှာကိုကြည့်ကြည့်ပြီး ပြောနေသည်။ Ivy က သူ့ကို ထူးဆန်းတဲ့အကြည့်တစ်မျိုးနဲ့ စိုက်ကြည့်နေတာတွေ့ရသည်။

'မမလေး ကျွန်တော် ပြောတာ ကြားလား'

'ကြားသားပဲ. . ဒါနဲ့ ဒီနေ့ သူတို့ ကျွန်မကို ဆွေးနွေးမှာက ဘာအကြောင်းအရာဖြစ်နိုင်မလဲ၊ အိုး. . ရှင် ဘယ်သိနိုင်မလဲနော်'

'ကျွန်တော် သိပါတယ်၊ Green Forest ဂေါက်ကွင်းပရောဂျက်နဲ့ Construction အပိုင်းတွေဖြစ်လိမ့်မယ်'

ဘုရားရေ. . ဒါတွေ သူ အကုန်သိနေပါလား။ တကယ်ပဲ သူက အဘိုးရဲ့လူယုံလား. . .

'အဲဒီအပိုင်းတွေ ကျွန်မ သေသေချာချာနားမလည်ဘူး၊ မဟုတ်ဘူး. . ဘာမှကို မသိတာ'





ပွင့်ပွင့်လင်းလင်းပြောလာတဲ့ စကားသံလေးက သူမ အားငယ်နေတာကို ဖော်ပြနေသည်။ ဟုန်က လွန့်လွန့်ကလေးပြုံးလိုက်ပြီး -

'တကယ်တော့ ဂေါက်ရိုက်တယ်ဆိုတာ တေးသွားတစ်ခုကို သံစဉ်ညှိတာပါပဲ. . ကွင်းရဲ့အနေအထားကိုလည်း အဲဒီတေးသွားအတိုင်း ပုံဖော်ပြီး ဖန်တီးယူရမှာပဲ'

'ရှင့်စကားတွေက အဆန်းတကျယ်ပဲနော်'

'ကျွန်တော်ဖတ်ဖူးတဲ့စာအုပ်တွေထဲမှာပါလို့ မှတ်ထားတာပါ. . ကျွန်တော်ပြောတာ မဟုတ်ပါဘူး'

'ခုတော့ ဝန်ခံရပြီပေါ့. . ဟုတ်လား. . အဟင်း. . ဟင်း'

Ivy က ရယ်ပြီး သဘောတွေကျနေသည်။ သူမရယ်နေတာလေးက လွတ်လပ်ပြီး ပေါ့ပါးနေသည်။

တဖြည်းဖြည်းနဲ့ သူတို့နှစ်ယောက် ပိုပြီးရင်းနှီးလာသည်ဟု ခံစားရသည်။

ဒီလူ့ကို ခုမှစတွေ့ဖူးပေမယ့် သူ့ပြောပုံဆိုပုံတွေက သူစိမ်းဆန်မနေတာက ထူးဆန်းသည်။ အစ်ကိုတစ်ယောက်က ညီမလေးကို သင်ပြပေးနေတာနှင့်တူနေသည်။

'နောက်တစ်ခုက ချောင်ပိတ်ပြီး မေးမယ့်မေးခွန်းမျိုးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ-မမလေးဆီမှာ ဆွဲထားတဲ့ ပရော့ဂျက်အသစ်ရှိ မရှိ မေးလာနိုင်သေးတယ်'

'ဟင့်အင်း. . ဘာမှမရှိသေးဘူးလေ၊ အဲဒီလို မေးလာရင် ကျွန်မက ဘယ်လိုဖြေရမှာလဲ'

'ဆွဲနေတယ်လို့ဖြေပေါ့. . အားလုံးပြီးသွားရင် ချပြမယ်လို့သာပြော. . တကယ်လည်း အဲဒီပရော့ဂျက်ကို မမလေး ဆွဲနိုင်ပါတယ်'

'ကျွန်မ လုပ်နိုင်လို့လား'

'ကျိန်းသေ လုပ်နိုင်တာပေါ့ဗျာ. . တန်ဖိုးနည်းအိမ်ရာတွေ ဆောက်မယ့်စီမံကိန်းပေါ့. . အခုရန်ကုန်မြို့ကြီးမှာ လူဦးရေတွေ တိုးလာပေမယ့် နေရာနဲ့လူဦးရေက မမျှတော့ ဝန်ထမ်းတွေ ဒုက္ခရောက်တာပေါ့. . အဲဒီအတွက် စေတနာထားပြီး ခုနကပြောတဲ့ တန်ဖိုးနည်းအိမ်ရာတွေကို မဆောက်မဖြစ် ဆောက်ကို ဆောက်ပေးရမှာ. . ပြီးတော့ ကုမ္ပဏီအနေနဲ့ ကုသိုလ်ဖြစ်ဆေးခန်းတွေ ဖွင့်သင့်တယ်'

သူချပြတဲ့အချက်တွေကို Ivy လက်ခံသည်။

ဒီလူ စိတ်ထားကောင်းပုံရသည်။ လူနည်းစုအတွက်မဟုတ်ဘဲ အများအတွက် စဉ်းစားပေးဖော်ရသည်။





'ရှင်ပြောတာတွေကို ကျွန်မ မှတ်ထားပါ့မယ်'

'ရဲရဲသာ ပြောပါ မမလေး. . ခုချိန်မှာတော့ ကျွန်တော်က မမလေးရဲ့သက်တော်စောင့်ပေါ့၊ ကုမ္ပဏီရောက်ရင် ကျွန်တော်က ဒါရိုက်တာဟုန်ကမ္ဘာပဲနော်. . မမေ့နဲ့'

'ရှင်. . '

Ivy က အံ့သြနေပေမယ့် သူကတော့ ရယ်နေသည်။

'ဘာလဲ. . ထူးဆန်းနေလို့လား. . မမလေး ပိုပြီး အားရှိအောင်လေ. . ဒါမှ သူများတွေ ကန့်ကွက်ရင် ကျွန်တော်က ထောက်ခံပေးလို့ရမှာလေ'

သူ့စကားကြောင့် Ivy အားတက်သွားသည်။ရင်ထဲမှာ နွေးထွေးလာသည်။ လုံခြုံလာသလိုခံစားရသည်။

ဒါတွေအားလုံးဟာ သူ့ကြောင့်ဖြစ်မှာပါ။

♦



www.burmeseclassic.com

www.burmeseclassic.com

## [၁၆]

ထင်တဲ့အတိုင်းပင်. . ကုမ္ပဏီရဲ့ဒါရိုက်တာအဖွဲ့ဝင်တွေ
က သူမကို နွေးထွေးစွာ မကြိုဆိုခဲ့ပါ။

အစည်းအဝေး စတာနဲ့ ဝိုင်းပြီး ထိုးနှက်ကြသည်။ ဖိအား
တွေ ပေးကြသည်။ တချို့စကားလုံးတွေဆို ဒီခန်းမကြီးထဲက ထွက်
ပြေးချင်စိတ်တောင် ပေါက်သည်။

'ခုမှ ဆယ်တန်းဖြေထားတဲ့ ချာတိတ်မလေးကို ဒီကုမ္ပဏီ
ဆက်ခံခွင့်ပေးဖို့ မသင့်သေးဘူး'

ဆိုတာမျိုးတွေပေါ့. . ဒါရိုက်တာအဖွဲ့ဝင်တွေထဲမှာ ဟုန်
ကမ္ဘာလည်း ရှိနေတော့ Ivy က အားတင်းပြီး ဆက်ပြောသည်။

'မှန်ပါတယ်. . အခုချိန်မှာတော့. . ကျွန်မ အသက် ငယ်





ကောင်း ငယ်နေမယ်. . သိတာလည်း ဘာမှသိပ်မရှိသေးဘူး. . .
ဒါပေမယ့် ကျွန်မ သင်ယူမှာပါ. . အကောင်းဆုံးလုပ်နိုင်မယ်လို့
လည်း ယုံကြည်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက မိုက်ကယ်
ထူးရဲ့မြေး တော်ဝင်သစ်ခွဖြစ်နေလို့ပါပဲ'

'ဖြောင်း. . ဖြောင်း. . ဖြောင်း'

တစ်ယောက်သောသူဆီမှ လက်ခုပ်သံတွေထွက်လာသည်။
Ivy လှမ်းကြည့်လိုက်တော့ သူမရဲ့သက်တော်စောင့် ဟုန်ကမ္ဘာဖြစ်
နေသည်။

ဒီလူက သူမကိုကြည့်ပြီး နှစ်လိုဖွယ်ကောင်းအောင် ပြုံးပြ
နေသည်။ Ivy လည်း အားရှိပြီး ပြောရတာ အရှိန်တွေ တက်လာ
သည်။ တစ်နာရီလောက်ကြာတော့မှ. . အစည်းအဝေးက ပြီးသွား
သည်။

ဟုန်ကမ္ဘာက သူမနဲ့ ဘေးချင်းယှဉ်ကာ လျှောက်လာပြီး
'ပင်ပန်းနေပြီလား'ဟု မေးသည်။

'ဒီနေ့အတွက် ကျေးဇူးပဲ. . ရှင်ပြောပြထားလို့သာ ကျွန်မ
အဆင်ပြေပြေလေး ပြောနိုင်တာပါ'

'ရပါတယ်. . တကယ်တော့ ကျွန်တော်လည်း ဒါရိုက်တာ
အဖွဲ့ဝင်လို့သာ ပြောတာပါ။ အစည်းအဝေးတက်တာ ဒါပထမဆုံးပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကျွန်မနဲ့အတူတူပေါ့'

'ဒါပေါ့'

တိုင်ပင်မထားပါဘဲ နှစ်ယောက်လုံး . . ပြိုင်တူရယ်မိကြ သည်။

ကုမ္ပဏီက ပြန်ထွက်လာပြီး . . ကားပေါ်မှာ သူက ခွင့် တောင်းလာသည်။

'မမလေးကို စောင့်ရှောက်ဖို့ တော်ဝင်သစ်ခွခြံထဲမှာ ကျွန် တော် လာနေမယ် . . ခွင့်ပြုမလား'

'အိုး . . လာနေရမှာပေါ့၊ ရှင်က ကျွန်မရဲ့သက်တော်စောင့် ပဲဟာ'

'ကောင်းပါပြီ . . ကျွန်တော့်ကို မမလေးနဲ့ ဘေးချင်းကပ် အခန်းမှာ စီစဉ်ပေးပါ . . အရေးအကြောင်းဆို ချက်ချင်း ပြေးလာ နိုင်တာပေါ့'

'ကောင်းပြီလေ . . ဒီလိုပဲ လုပ်ကြတာပေါ့'

အိမ်ရောက်တော့ တီထွေးက ဟုန်ကမ္ဘာကို သူမဘေးက အခန်းမှာ ထားဖို့ ကန့်ကွက်သည်။

'မနေ့တစ်နေ့ကမှ ပေါ်လာတဲ့လူကို သမီးဘေးက အခန်း မှာ မထားနိုင်ပါဘူး၊ လူကောင်းမှန်းမသိ လူဆိုးမှန်းမသိ သမီးရယ်၊





သူ့ကို . . အရင်သက်တော်စောင့်တွေ အိပ်တဲ့နေရာမှာပဲ ပေးအိပ် လိုက်လေ'

ဒီတစ်ခါတော့ Ivy က အလျှော့မပေးတော့ဘဲ ခေါင်းမာ စွာဖြင့် -

'ဒီအိမ်မှာ သမီးစိတ်ကြိုက်စီမံခွင့် ရှိပါသေးတယ် တီထွေး'

ဒေါ်လှိုင်းဖြူမျက်နှာကြီး မည်းခနဲဖြစ်သွားသည်။ လေသံ ကတော့ ခါတိုင်းလိုပဲ နူးညံ့ဆဲ . . ပျော့ပျောင်းဆဲ . .

'တီထွေးက သမီးအတွက် စိုးရိမ်လို့ပါ သမီးရယ် . . ကဲ . . ကဲ . . စိတ်မဆိုးနဲ့တော့နော် . . သူ့ကိုအခန်းစီစဉ်ပေးလိုက်ပါ့မယ်'

'ဘေးက အခန်းမှာနော်'

'အင်းပါ . .'

ဒီကောင်မလေး ဘာတွေဖြစ်နေတာလဲ။

သူ့အဘိုးဆုံးပြီးမှ အိမ်ထဲကို လူစိမ်းတစ်ယောက် မပြော မဆိုနဲ့ ခေါ်လာသည်။ သူ့သက်တော်စောင့်ဆိုတဲ့ ကောင်ကလည်း သိပ်ပြီး အချိုးပြေပုံမရ။

မဖြစ်သေးပါဘူး . . ကိုသူရနဲ့တိုင်ပင်ဦးမှပါ။

နာရီဝက်လောက်နေတော့ Ivy က အင်တာကွန်းမှ တစ် ဆင့် တစ်ဖက်ခန်းသို့ ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင်ရောက်ပြီလား'

'ရောက်ပြီ. . အရေးအကြောင်းရှိရင် ကျွန်တော့်ကို ခေါ် လိုက်ပါ မမလေး'

'ကောင်းပြီလေ. . ဒါနဲ့. . ရှင် ဗိုက်ဆာတဲ့အချိန် အိမ်က ကောင်မလေးတွေကိုပြောပြီး စားလိုက်နော်. . ကျွန်မက အဘိုးမရှိ ကတည်းက အခန်းထဲမှာပဲ စားဖြစ်တာ များတယ်'

'မမလေးကို နောက်နေ့တွေကစပြီး ကျွန်တော်ပဲ ထမင်း ပို့ပေးပါရစေ။ ခုချိန်မှာ ဘယ်သူ့ကိုမှ မယုံပါနဲ့'

'ရှင့်သဘောပါပဲ'

ထူးထူးဆန်းဆန်းပင်။ ထိုနေ့ညက Ivy နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ အရင်နေ့တွေကလို လန့်နိုးတာမျိုး၊ ပြန်အိပ် လို့မရတာမျိုးတွေလည်း မရှိတော့။

ဟုန်ကတော့ သူ့မမလေးနှင့်ဆန့်ကျင်စွာပင် တစ်ညလုံး မအိပ်ဘဲ စောင့်နေသည်။

ထူးခြားမှုတစ်စုံတစ်ရာကိုပေါ့. . .

◆



(၁၇)

အိပ်ရေးဝ,ထားတော့ ပိုပြီးကြည်လင်နေသည်။ သွားတိုက်၊ မျက်နှာသစ်ပြီးချိန်မှာ ဟုန်က တံခါးလာခေါက်ကာ

'မမလေး မနက်စာ စားလို့ရပါပြီ'

Ivy က တံခါးဖွင့်ပေးတော့ သူဝင်လာသည်။ ဗန်းထဲမှာ ဆီထမင်းပန်းကန်၊ ငါးရံ့ခြောက်ကို မီးဖုတ်ပြီး ဆီဆမ်းထားတာက တစ်ပန်းကန်၊ ပြီးတော့ လက်ဖက်ရည်တစ်ခွက်၊ နံပြားထောပတ် သုတ်ပန်းကန်လည်း ပါသေးသည်။

ဒါတွေအားလုံးကို သူက စားပွဲပေါ်မှာနေရာချပေးရင်း

'အပြောင်းအလဲလေးဖြစ်သွားအောင်လို့ စားကြည့်ပါလား မမလေး'

'ဟုတ်တယ်. . ရှင်ပြင်လာတဲ့ breakfast က မြန်မာ့ရိုးရာ



www.burmeseclassic.com

www.burmeseclassic.com



အငွေ့အသက်တွေ များတယ်. . စားချင်စရာတော့ ကောင်းသား ရှင်ရော. . စားပြီးပြီလား'

'မမလေး စားပြီးမှစားမယ်၊ ကျွန်တော် သွားလိုက်ဦးမယ်'

ဟုန်ထွက်ခါနီးမှာ တီထွေးက ဝင်လာသည်။ သူ့လက်ထဲမှာလည်း စားစရာဇွန်းက ပါလာပြန်သည်။

တီထွေးက ဟုန့်ကို

'နေဦး. . နင့်ကို ပြောထားရဦးမယ်. . ဟိုးအရင်ကတည်းက ငါ့သမီးလေး စားဖို့ ငါပဲ စီစဉ်ပေးခဲ့တာ. . အခု မင်းယူလာတာတွေက သူ့အကြိုက်မှမဟုတ်တာ'

တီထွေး ယူလာတာက မြောင်းမြမုန့်ဟင်းခါးနဲ့ ကော်ဖီ၊ ပေါင်မုန့်ကြက်ဥကြော်။

'သမီး. . မုန့်ဟင်းခါးတွေ မပူခင် မြန်မြန်စားလိုက်. . ဒါတွေ တီထွေး ပြန်သိမ်းသွားလိုက်မယ်'

ဟုန်က တီထွေးမျက်နှာကို စိုက်ကြည့်ပြီး

'ဒီနေ့ကစပြီး Ivy အတွက် ကျွန်တော် တာဝန်ယူထားတယ်၊ အစားအသောက်ကအစ ကျွန်တော် ကျွေးတာပဲ သူစားရတော့မှာ'

'ကြည့်စမ်း. . ကြည့်စမ်း၊ စကားပြောတာကအစ လူပါးဝလိုက်တာ'





တင်းမာနေတဲ့ သူတို့နှစ်ယောက်ကြားကို Ivy မဝင်လို့မရတော့. .

'တီထွေးလည်း စိတ်လျှော့လိုက်တော့၊ သူက သူများထက်ထူးတဲ့ သက်တော်စောင့်ပဲ။ အစားအသောက်တာဝန် သူ့ကိုပဲ လွှဲလိုက်ပါတော့ တီထွေးရယ်'

ဒေါ်လှိုင်းဖြူက နည်းနည်းမှကျေနပ်ပုံမပေါ်ပါ။ အိမ်ဖော်ကောင်မလေးတစ်ယောက် ပြေးတက်လာပြီး

'မမလေး. . မမလေးခွေးလေး ခြံထဲမှာ သေနေတယ်'

'ဘာ. . ဒုံရီ သေပြီဟုတ်လား'

လေ့ကားထစ်တွေကို ဘယ်လိုနင်းပြီး ဆင်းပြေးခဲ့မှန်းမသိ။ ကံကြမ္မာက ဘာလို့များ သူမ သံယောဇဉ်ရှိတဲ့သူတွေနဲ့ဝေးအောင် လုပ်နေရတာလဲ. . . နားမလည်နိုင်တော့ပါ။

ခြံရဲ့ထောင့် ငုပင်အောက်မှာ ဒုံရီလေး သေနေသည်။

Ivy နဲ့ ဒုံရီ ဆော့နေကျနေရာလေးမှာ. .

'ဒုံရီ. . ဒုံရီ. . ဘယ်လိုဖြစ်တာလဲ၊ မနေ့ကတင် အကောင်းကြီးရှိသေးတာ. . နေမကောင်းတောင် မဖြစ်ဘဲနဲ့ သူ ဘာလို့သေသွားတာလဲ'

Ivy က ဒုံရီ့ကိုပွေ့ပြီး ငိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'သူ အစာအဆိပ်မိသွားတာ. . သေချာတယ်'

ဟုန်က မှတ်ချက်ချသည်။

'ဒါဆို ဒီခြံထဲမှာ သူ့ကို အဆိပ်ခတ်တဲ့သူရှိတယ်ပေါ့. . ဘယ်သူလဲ. . ဒိုရီ့ကို ဘယ်သူသတ်လိုက်တာလဲ'

အော်ဟစ်ပြီးငိုနေတဲ့ သူမကျောကို သပ်ပေးပြီး တီထွေးက -

'မငိုပါနဲ့တော့ သမီးရယ်. . သတ္တဝါတစ်ခု ကံတစ်ခုပေါ့လေ. . ခြေနှစ်ချောင်းဝင်လာလို့ ခြေလေးချောင်းထွက်သွားတယ်လို့ပဲ မှတ်လိုက်ပါ'

အနှောင့်အသွားမလွတ်တဲ့စကားကို Ivy က သတိမထားမိပေမယ့် ဟုန်က ကောင်းကောင်းမှတ်မိလိုက်သည်။

'မမလေး. . ထတော့ အခန်းထဲပြန်မယ်'

သံယောဇဉ်ကြီးတဲ့ ကောင်မလေးက. . သူမ ခွေးလေးကို ကြည့်ပြီး ငိုလို့မဆုံးတော့။

ဟုန်က သူမကို ထပ်ပြီး မနာကျင်စေချင်တော့ အတင်းဆွဲပြီး ပြန်ခေါ်လာသည်။ ရေခဲသေတ္တာထဲက ရေဘူးကိုထုတ်ကာ ဖန်ခွက်ထဲ လောင်းထည့်ရင်း

'ဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့ မမလေး၊ အဘိုးကို





တောင် ဆုံးရှုံးရသေးတာပဲ၊ ဒီခွေးလေးလည်း လုပ်ကြံခံရပြန်ပြီ. . ဒါပေမဲ့ တရားခံကို ကျွန်တော်သိပါတယ်'

'ဘယ်သူလဲ. . ဘယ်သူလဲဟင်'

'အချိန်မတန်သေးဘူး၊ နောက်ဆို မမလေး သိလာမှာပါ'

'ကျွန်မ ဘာမှနားမလည်တော့ဘူး၊ တကယ်ဆို. . ဒိုရီ့မှာ ဘာအပြစ်ရှိလို့လဲ'

ဟုန်က အခန်းထောင့်မှာရှိတဲ့ ကျွန်းထိုင်ခုံကြီးမှာ ဝင်ထိုင်လိုက်ပြီး

'သူက မမလေးရဲ့အသည်းနှလုံးဖြစ်နေတာကိုး'

'တရားခံက ဘယ်သူမှန်းမသိပေမယ့် တော်တော်ကြီးကိုလွန်နေပြီ၊ ဘိုးဘိုးဆုံးရတဲ့အကြောင်းရင်းအမှန်ကိုလည်း ခုထိမသိရသေးဘူး'

'မမလေး တစ်ခုခုတော့ ဝင်အောင်စားလိုက်ပါ၊ မုန့်ဟင်းခါးနဲ့ကော်ဖီ ကျွန်တော် ပြန်သိမ်းသွားလိုက်မယ်. . စားပြီးရင် ရေချိုးတော့နော်. . ဒီနေ့ ကျောင်းကိစ္စ form သွားတင်ရမယ် သိလား၊ ဝမ်းနည်းစရာတွေ ခေါင်းထဲက ထုတ်လိုက်တော့၊ ကျွန်တော် အပြင်မှာစောင့်နေမယ်'

သူက ဆရာကြီးလား. .



www.burmeseclassic.com

www.burmeseclassic.com



ဘာမဆိုသိနေပြီး အရာရာ Ivyရှေ့က ဦးဆောင်နေသည်။

တစ်ခုတော့လည်း ကောင်းပါသည်။ သူမအတွက် နှစ်သိမ့်ဖော် တိုင်ပင်ဖက် အစ်ကိုတစ်ယောက်ရလိုက်သလိုပေါ့. .

အိမ်ကြီးထဲမှာ အမျက်သိုပြီး. . မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးများစွာက Ivy တို့နှစ်ယောက်ကို အမြဲစောင့်ကြည့်နေကြသည်။

ဒါကို ဟုန်က လွဲပြီး Ivy လေး မသိနိုင်ပါ။

♦



(၁၈)

ဒေါ်လှိုင်းဖြူက Ivy အခန်းထဲကို ဝင်လာသည်။

လက်ဖက်သုပ်ပန်းကန်လေးပါ ပါလာတော့ Ivy လည်း [illegible]မ်းသာသွားတာပေါ့။

ဒုံရီလေး သေသွားလို့ ညအိပ်မပျော်ဘဲ မျက်စိတွေ ကြောင်[illegible]နေတာနဲ့ အတော်ပဲ။

'သမီးလေး. . စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေတာ တီထွေး[illegible]ကြည့်ရက်ဘူးကွယ်. . ခုလည်း အိမ်ထဲကို ဘယ်ကလေကဝ အုတ်[illegible]ြွားမြွက်ပေါက်ဝင်လာသလဲ မသိပါဘူး. . တီထွေးထင်နေတယ်၊ [illegible]ရှိသေတာ သူ့ပယောဂပဲ ဖြစ်ရမယ်. . ခွေးဆိုတာမျိုးက လူစိမ်း[illegible]တွေအတွက် အန္တရာယ်ပဲလေ. . သူ ဘာလုပ်လုပ် သိနေမှာကိုး. . [illegible]ကြောင့် အဆိပ်ခတ်ပြီး သတ်ပစ်လိုက်တာ. . သမီးကို တီထွေး



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တယ်ကွယ်. . ဒီကောင်လေးနဲ့ သိပ်ပြီး နီးနီးကပ်ကပ်မနေပါ နဲ့. . နေ့ခင်းက နှစ်ယောက်တည်း ဘယ်သွားကြတာလဲ'

တီထွေးပြောတာကြားမှ Ivy လည်း စိတ်တွေရှုပ်လာသည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် ဟုန်ကမ္ဘာဆိုတဲ့လူကို အကဲခတ်ရဦးမည်။

'ကျောင်းကိစ္စသွားတာပါ တီထွေးရယ်. . ဩော်. . ဒါနဲ့. . ပြောရဦးမယ်. . ဒီလူက ခေသူမဟုတ်ဘူးနော် တီထွေး၊ B.E(civil) နဲ့ ကျောင်းပြီးထားတာ သိလား'

ဒေါ်လှိုင်းဖြူက မသိချင်ယောင်ဆောင်ပြီး

'သမီးကို ဒီကောင်လေး ဘယ်သူခေါ်လာပေးလဲ'

အဘိုးစီစဉ်ခဲ့တာလို့ Ivy မပြောလိုပါ။

ဒါကြောင့်ပဲ အလိမ္မာသုံးပြီး

'ဦးလူရ ခေါ်ပေးတာပါ တီထွေးရယ်'

'ဟင်း'

တီထွေးက သက်ပြင်းချသည်။

'သူက ဘာပြောသေးလဲ. . သမီး ဆယ့်ရှစ်နှစ် ပြည့်ရင် အကုန်လွှဲပေးမယ်တဲ့လား'

'သူ လွှဲပေးလာခဲ့ရင်လည်း. . သမီးက အားလုံးကို လှူမှာ တီထွေး. . ဒီစည်းစိမ်တွေက အားလုံးမျှပြီးသုံးမှ တန်ဖိုးရှိမှာ. . .





လူနည်းစုအတွက်ပဲ သုံးရင် အဆိပ်ဖြစ်လိမ့်မယ်. . သေတွင်းဝကို တွန်းပို့နေတဲ့လက်နက် ဖြစ်သွားလိမ့်မယ် တီထွေး'

Ivy က ယတိပြတ်ပြောလာတော့ ဒေါ်လှိုင်းဖြူ မျက်နှာ သိပ်ပြီး မကောင်းလှ။

'ကဲ. . ကဲ. . လက်ဖက်သုပ်လေး စားလိုက်ဦး သမီး'

လက်ဖက်သုပ်ပန်းကန်ထဲက ဇွန်းကိုယူပြီး ခပ်စားမလို့ပြင် စဉ် ဖုန်းထဲကို message ဝင်လာကြောင်း တီးလုံးသံလေး ပေါ်လာ သည်။

'message ဝင်လာလို့ တီထွေး. . ပြီးမှပဲ စားတော့မယ်'

သူမဖုန်းထဲက messageကိုဖတ်တော့ တီထွေးကပါ လိုက် ဖတ်မလို့ပြင်သည်။ Ivy က ဖုန်းကို လက်နဲ့ကာလိုက်ပြီး

'သမီးသူငယ်ချင်းဆီကပါ. . ကျူရှင်တက်မလားလို့ မေး တာ'

တီထွေးက ဘာမှမပြောတော့ဘဲ ထွက်သွားသည်။ အမှန် ဒီ message က ဟုန်ပို့လိုက်တာ။ လက်ဖက်သုပ်မစားနဲ့တဲ့. .

ဒီလူနဲ့တော့ ဒုက္ခပါပဲ။ ခါတိုင်းလည်း တီထွေးသုပ်ကျွေး တာ စားနေကျပဲ ဥစ္စာ။ ဒါနဲ့ အခန်းထဲမှာ လက်ဖက်စားမလို့လုပ် နေတာ သူဘယ်လိုလုပ်ပြီး သိသွားပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဧကန္တတော့. . ဒီလူ အခန်းထဲမှာ လျှို့ဝှက်ကင်မရာမျာ
လာတပ်ထားတာလား။ ချက်ချင်းပဲ Ivy က သူ့ဆီ ဖုန်းပြန်ခေါ်ပြ
မေးသည်။

'ဒီမယ်. . သက်တော်စောင့်ကြီး၊ ကျွန်မအခန်းထဲမှာ ဘ
တွေတပ်ထားတာလဲ. . ဘာလို့ အကုန်လုံးသိနေရတာလဲ'

ဟုန်ကမ္ဘာကလည်း ပြတ်သားသည်။

'တပ်တော့ ဘာဖြစ်လဲ၊ သိတော့ရော ဘာဖြစ်လဲ မမလေ
ပြောပါဦး၊ ဒါ. . ကျွန်တော့်တာဝန်ပဲလေ. . ဘာဖြစ်လို့လဲလို့ မေ
ဦးမှာလား. . ကျွန်တော်က Ivy ရဲ့သက်တော်စောင့်မို့လို့ပဲ'

အဘိုးနှယ် ဘယ်လိုလူမျိုးကိုရှာပေးခဲ့တာလဲ မသိပါဘူ
Ivy က စိတ်ဆိုးပြီး ဖုန်းချသွားသည်။

အရှက်အကြောက်ကြီးတဲ့ အပျိုဖြန်းမလေးရဲ့ပုံစံကို မျက်
လုံးထဲမှာ မြင်ကြည့်ပြီး ဟုန် ရယ်ချင်လာသည်။

တကယ်လည်း Ivy က သူမအခန်းထဲမှာ မအိပ်ဘဲ က
မရာတပ်ထားနိုင်တဲ့နေရာမှန်သမျှကို လိုက်ရှာနေမိသည်။ ဒါပေ
မယ့် ဘယ်မှာမှ မတွေ့ရ။

ထိုအခါ လူက ပိုပြီးဒေါသထွက်လာသည်။ လက်ဖက်ဒ
လေး စားချင်ပြန်တော့လည်း မစားရဘူးဆိုပဲ။

*ဆောင်းညပြာသိစာလေ*



ဒီလူ တော်တော်တရားလွန်နေပြီ။

ဗိုက်ကလည်း ဆာနေပြီ။ အိပ်လို့လည်း မပျော်တော့ Ivy
ခြံထဲ ဆင်းလာခဲ့သည်။ လေကောင်းလေသန့်လေး ရှူလိုက်ရတော့
လူက နည်းနည်းလန်းသွားသည်။

ခါတိုင်းဆို Ivy ခြံထဲဆင်းလာရင် ဒုံရီလေးက ချက်ချင်း
အနားရောက်လာပြီး လိုက်တမ်းပြေးတမ်းဆော့နေကျ။

ဒုံရီဆုံးသွားတဲ့ သစ်ပင်အောက်က နေရာလေးကိုတွေ့ပြီး
Ivy ဝမ်းနည်းလာသည်။ ကံကြမ္မာက ဒဏ်ခတ်တာ သူမအတွက်
တော့ အရမ်းကို ရက်စက်လွန်းပါသည်။ ချစ်ခင်နှစ်သက်သောသူ
တွေနဲ့ အမြဲပဲ သေကွဲကွဲခဲ့ရသည်။

အဘိုးကိုလည်း သတိရသည်။ အဘိုး မရှိတဲ့အချိန်ကစပြီး
ဒီခြံကြီးထဲမှာ ခြောက်သွေ့ပြီး စိတ်ချောက်ချားစရာကောင်းနေ
သည်။ ဘယ်သူ့ကိုယုံပြီး ဘယ်သူ့ကို မယုံရမှာလဲ?

အရာအားလုံးက ရှုပ်ထွေးနေပြီ။အဘိုးဆုံးရတဲ့အကြောင်း
ရင်းကို ဖော်ထုတ်ရဦးမည်။

ညလေလေး တစ်ချက်အဝှေ့မှာ မြေသင်းနံ့လေးကို ရလိုက်
သည်။ ဒါဆို သိပ်မကြာခင်မှာ မိုးရွာတော့မှာပေါ့။ ဒီလောကကြီး
ထဲမှာ Ivy ရဲ့သွေးသားရင်းချာဆွေမျိုးတွေ မရှိကြတော့ဘူး. .

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



အထိးကျန်လိုက်တာ. .

တွေးရင်း. . တွေးရင်း. . သူမမျက်ဝန်းမှာ မျက်ရည်တွေ စို့လာသည်။ စီးကျလာတဲ့ မျက်ရည်တွေကို သူမလက်ဖမိုးနဲ့ ပွတ်သပ်ဖယ်ရှားပစ်နေသည်။

ပထမတော့ ဒီအတိုင်းပဲ စောင့်ကြည့်နေဦးမလို့ပါ။ ဒါပေမယ့် ကောင်မလေးငိုနေတာ သူ့ရင်ကို နာကျင်စေသည်။ဒီမြင်ကွင်းကို သူ ဆက်ပြီးကြည့်ဖို့ အင်အားမရှိတော့ သူမအနားကို ရောက်လာခဲ့ရသည်။

'မိုးရွာတော့မယ် မမလေး. . အိမ်ထဲဝင်ရအောင်'

'ကျွန်မ မဝင်ချင်သေးဘူး'

သူမလေသံက ခပ်ဆတ်ဆတ်လေးဖြစ်နေသည်။

'ဘာလဲ. . စိတ်ဆိုးနေတာလား၊ လိုအပ်လို့ လုပ်ထားတာလေ. . ဒါပေမယ့် မင်းအိပ်နေရင် ကိုယ်ဘယ်တော့မှမကြည့်ဘူး'

'လာမပြောနဲ့. . ဒါဆို ရှင်က ကျွန်မအဝတ်အစားလဲရင်တော့ ခိုးကြည့်မှာပေါ့. . ဟုတ်လား'

'စကားပြောရင် ဆင်ခြင်ပြီးပြောကွာ၊ ငါတဏှာရူး မဟုတ်ဘူး'

ဒီလူ တော်တော်အထိနာသွားပုံပင်။ မထွက်စဖူး ဒေါသ





တွေတောင် ထွက်လို့. . သူတို့နှစ်ယောက် စကားအခြေအတင်ပြောနေတုန်း ကောင်းကင်မှာ လျှပ်စီးတွေ လက်လာသည်။ အလင်းနဲ့အတူ မိုးခြိမ်းသံအကျယ်ကြီးက လိုက်လာတော့

'ဂျိန်း. . ဂျလိန်း'

'အို. . အမေ့'

ရင်ခွင်နှစ်ခု ပူးကပ်သွားသည်။ Ivy က ကြောက်ပြီး ဟုန့်ရင်ခွင်ထဲ တိုးဝင်ကာ တင်းကြပ်စွာ ဖက်ထားမိသည်။ ဟုန့်ရဲ့လက်တွေက သူမတစ်ကိုယ်လုံးကို သိမ်းကြုံးပြီးဖက်ထားမိသည်။

အပြင်မှာက မိုးပဲ ချုန်းတာ. . သူ့ရင်ထဲမှာတော့ မိုးကြိုးတွေ အလုံးလိုက်ပစ်နေတာ လူမသိသူမသိ။ သူပဲ သိသည်။

ဒီကောင်မလေးနဲ့ကျမှ သူ့ရင်တွေ ဖြောင်းဆန်နေသည်။ တစ်သက်လုံးသတိထားပြီး စောင့်ထိန်းလာတဲ့နှလုံးသားက သူမနဲ့တွေ့မှပဲ နမော်နမဲ့နိုင်ပြီး ခလုတ်တိုက်ကုန်ကြပြီ။

သူ့စိတ်ထဲမှာ သတိဝင်လာတာနဲ့ Ivyရဲ့ကိုယ်လေးကို ရင်ခွင်ထဲမှ တဖြည်းဖြည်းဆွဲခွာမိသည်။ အကြောက်လွန်နေတဲ့ ကောင်မလေးက အတင်းပဲ ပြန်ဖက်ထားတော့ သူ့မှာ ဒုက္ခတွေရောက်လို့. .

အရည်လဲ့နေတဲ့ မျက်ဝန်းနက်နက်လေးတွေကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အင်အားနဲ့ကြည့်ရမလဲ . . နောက်ပြီးတော့ တဆတ်ဆတ်တုန်နေတဲ့ နှုတ်ခမ်းသားလေးတွေ . . သေချာပါတယ် . . သူ ဒီလောက် သတ္တိ မရှိသေးဘူး . . ကိုယ့်စိတ်ကိုယ် မထိန်းနိုင်ဘူးလို့ပဲ ပွင့်ပွင့်လင်းလင်း ဝန်ခံရမှာပဲ . .

'တော်ပြီ . . အိမ်ထဲဝင်မယ် . . လာ . .'

ပြောပြီး ဟုန်က သူမကိုယ်လေးကို ဆွဲ့ခနဲပွေ့ချီကာ အိမ် ထဲပြန်ခေါ်လာခဲ့သည်။ Ivy ကတော့ အော်ဟစ်ရုန်းကန်ရင်း ပါလာ သည်။

'ကျွန်မကို အောက်ပြန်ချပေးလို့ပြောနေတယ် မဟုတ်လား ရှင် ဘယ်လိုလူလဲ . . သူများတွေ တွေ့ကုန်လိမ့်မယ်'

ပြောမရတော့ သူ့နောက်ကျောကို တဗုန်းဗုန်းနဲ့ထုသည်။

'ငြိမ်ငြိမ်နေနော် . . ကျွန်တော့်အသားနာအောင် လုပ်ရင် ဒီထက်ပိုဆိုးတာနဲ့ တုန့်ပြန်ရလိမ့်မယ်'

'ရှင်က ဘာလုပ်ချင်သေးလို့လဲ'

အခန်းထဲရောက်တော့ ဟုန်က ကောင်မလေးကို အောက် ပြန်ချပေးလိုက်သည်။ စိတ်ဆိုးနေတဲ့ Ivy က ချက်ချင်းပဲ တစ်ဖက် သို့လှည့်ပြီး ထွက်သွားသည်။ ပြီးတော့ သူ့ကိုပါ အခန်းထဲက နှင် ထုတ်လေသည်။





'သွား . . ရှင်ထွက်သွားတော့'

သူက Ivy လက်ကိုဆွဲပြီး လက်ထဲကို ပစ္စည်းတစ်ခုထည့် ပေးလိုက်သည်။

'တစ်စုံတစ်ခုဆိုရင် ဒီခလုတ်လေးကိုနှိပ်လိုက် ကိုယ်ချက် ချင်းလာခဲ့မယ် . . CCTV ကနေ ကြည့်ရင် မင်းရှက်တယ် မဟုတ် လား . . ကိုယ် မကြည့်တော့ပါဘူး'

သူထွက်သွားတော့ Ivy က နှုတ်ခမ်းလေးစူသည်။

'ဟွန်း . . မကြည့်ဘူးဆိုပေမယ့် ဘယ်သူက သိနိုင်မှာလဲ၊ ဘယ်လိုလူကြီးမှန်းကို မသိဘူး . . စကားပြောရင်လည်း အကျော ကြီးနဲ့'

ဟုန်ကမှာ ဆိုတဲ့လူကြီး . . ရှင်ရမ်းပုံနဲ့ ကျွန်မ ဒီညဘယ် လိုလုပ်ပြီး အိပ်ရမှာလဲ . .

သူစိမ်းယောကျ်ားတစ်ယောက်က ကိုယ်အိပ်နေတဲ့ပုံကို စိမ် ပြေနပြေကြည့်နေရင် ဘယ်လိုလုပ်မလဲ . .

ထိုညက တကယ်ပဲ သူမ အိပ်ရေးပျက်ရပါသည်။

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

မြင့်သူရနဲ့လှိုင်းဖြူထွေးတို့စီးလာတဲ့ Mark X ကားလေးက ကန်တော်ကြီးမျှော်စင်ကျွန်းထဲသို့ ချိုးကွေ့ပြီး ဝင်သွားသည်။ သူတို့ကားနဲ့မလှမ်းမကမ်းမှာတော့ အနက်ရောင် RAV-4 ကားတစ်စီး လိုက်လာတာကို သူတို့သိပုံမပေါ်ပါ။

Mark X ကားလေးက (. . . . . )စားသောက်ဆိုင်ရှေ့မှာ ရပ်ပြီး သူတို့နှစ်ယောက်ဆင်းသွားကြသည်။

ဟုန်က သူ့ဆံပင်တွေကို အနောက်မှာ စုပြီး စည်းလိုက်သည်။ ပြီးတော့ နှုတ်ခမ်းမွေးအတုကိုတပ်သည်။ နေကာမျက်မှန်တပ်ပြီး ဦးထုပ်ကို ဆောင်းလိုက်တော့ သူဟာ တကယ်ပဲ တခြားတစ်ယောက်ဖြစ်သွားခဲ့သည်။ ဂျာကင်အနက်ရောင် ထပ်ဝတ်ပြီး သူ ကားထဲမှဆင်းလာခဲ့သည်။

*ဆောင်းညဖြာသို့စာပေ*



သူ ဦးတည်ရာက မြင့်သူရနဲ့လှိုင်းဖြူထွေးတို့ ထိုင်နေတဲ့ စားပွဲနဲ့နီးရာသို့. . .

ထိုစားပွဲအနီးသို့အရောက်တွင် သူက ကျသွားတဲ့ ဘောပင်ကို ကုန်းပြီးကောက်သလိုနှင့် အသင့်ယူလာတဲ့ recorder လေးကို မြက်ပင်တွေကြားထဲမှာ ဝှက်ပြီးချထားခဲ့သည်။

ပြီးတော့မှ. . မလှမ်းမကမ်းက စားပွဲမှာ သွားပြီး ထိုင်နေလိုက်သည်။

မြင့်သူရနဲ့လှိုင်းဖြူထွေးမှာတော့ ကိုယ့်အပူနဲ့ကိုယ်ဆိုတော့ သူ့ကို သတိထားမိပုံပင် မပေါ်ပါ။

ခင်ဗျားတို့ ဘာတွေကြံစည်နေတာလဲ?

ကြံကြစမ်းပါ။ အဆုံးထိပေါ့. .

ကျုပ်စောင့်ကြည့်နေတယ်။ Ivy အတွက် ဘာမဆိုရင်ဆိုင်ဖို့ အသင့်ပဲ။

သူ့မှာ ဘာအပြစ်ရှိလို့လဲ. . ဘဝမှာ ပျော်စရာအတိတ်တွေ ပျောက်ကွယ်ခဲ့ပြီ။ သူ့ရဲ့နားခိုစရာ ရင်ခွင်တွေကို ခင်ဗျားတို့ပဲ နှိုက်ယူသွားကြတာလေ. .

သူ့ကံကြမ္မာက ခင်ဗျားတို့လက်ထဲမှာလား?

လုံးဝ လက်မခံနိုင်ဘူး။

*ဆောင်းညဖြာသို့စာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် Ivyကို ကျုပ်မျက်စိရှေ့မှာစောင့်ကြည့်နေတယ်။ ကျုပ်မျက်ကွယ်မှာ မထားနိုင်တာ အကြောင်းပြချက် လိုသေးလို့လား။

နာရီဝက်လောက် ထိုင်ပြီးနောက်. . . ဒေါ်လှိုင်းဖြူတို့နှစ်ယောက် ပြန်သွားကြသည်။

ဟုန်က recorder လေးကို ကောက်ယူလိုက်ပြီး သူ့ကားဆီသို့ ပြန်လာသည်။

အသံဖမ်းစက်ထဲမှာ ဒေါ်လှိုင်းဖြူရဲ့အသံက အင်မတန်မှ ရက်စက်ပြီး အမိန့်ပေးနေပုံက ပြတ်သားပြင်းထန်လွန်းနေသည်။

'ဒီမယ်. . ကိုသူရ. . ကျုပ်ပြောင်ခုတ်ပြီးပြီ မဟုတ်လား. . ဘာလို့ ကျုပ်ငုတ်ကိုချန်ဦးမှာလဲ. . ရှင်းချိန်တန်ပြီလေ. . ရှင် ဘာလုပ်နေတာလဲ'

မြင့်သူရရဲ့အသံက နည်းနည်းတုန်ချင်သည်။

'လှိုင်းရယ် တခြားနည်းလမ်းမရှိတော့ဘူးလား၊ ဒီကလေးက ကိုယ်တို့မျက်စိရှေ့တင် ကြီးလာတာလေကွာ. . အဲဒီလိုတော့ မလုပ်စေချင်ဘူး'

'သွားသေလိုက်တော့. . . ဒီလောက် ပျော့ညံ့နေရအောင် ရှင်ယောကျ်ားမဟုတ်ဘူးလား. . အခု ဒီကလေး ရနေတဲ့ စည်းစိမ်





ဥစ္စာတွေက တစ်သက်လုံး မက်လာခဲ့တဲ့ ကျွန်မအိပ်မက်တွေပဲ. . . အဲဒီအိပ်မက်တွေကို ကျွန်မ အပိုင်လိုချင်တယ်. . ဒါပဲ. . ကျန်တာဘာမှမသိချင်ဘူး. . တစ်ခုတော့ ရှိတယ်နော်. . ကျွန်မ ကမ်းတဲ့လက်ကို ရှင် ဆုပ်ကိုင်ပြီးပြီ၊ ခုမှတော့ နောက်ပြန်လှည့်လို့ မရတော့ဘူး. . ရှင့်ကို ကျွန်မ အဆုံးထိဆုပ်ကိုင်ထားမှာပဲ'

'ကောင်းပြီလေ. . ကိုယ် ဘာဆက်လုပ်ရမလဲပြော'

'ဟိုရှေ့နေကို ရှင်းလိုက်တော့'

'သူ့ကို ရှင်းရုံနဲ့. . ကောင်မလေးပစ္စည်းတွေက လှိုင်းဆီ မရောက်နိုင်ဘူးလေ'

'ရှင် တော်တော်ပြိန်းတာပဲ. . ဒီမယ်. . ပေးမယ့်သူရော လက်ခံမယ့်သူရော ရှင်းလိုက်ရင် ပွဲက ပြီးသွားပြီလေ. . ဘာတွေ စဉ်းစားနေတာလဲ'

ဒေါ်လှိုင်းဖြူက ပြောပြီး အားပါးတရရယ်နေသည်။

နားထောင်ပြီး ဒေါသထွက်လာတဲ့ ဟုန်က 'တောက်'တစ်ချက်ခေါက်လိုက်ပြီး

'ခုတော့ ခပ်ဗျားကြီး ရယ်ထားဦးပေါ့ဗျာ'

ကောင်မလေးရေ. .

မင်း သိပ်ပြီးသံယောဇဉ်ရှိတဲ့ မိန်းမကြီးက မင်းကို သေရွာ



www.burmeseclassic.com

www.burmeseclassic.com



ပို့ဖို့ ကြံစည်နေတာ မင်းသိမှာမဟုတ်ဘူးနော်။ မသိတာဘဲ ကောင်းပါတယ်လေ. . .

'လှိုင်း သူတို့ကိုရှင်းချင်ရင် သတိထားရမဲ့ လူတစ်ယောက် အနားမှာရှိနေတယ်နော်'

'ဘာလဲ. . ဟိုသက်တော်စောင့်လား'

'ဟုတ်တယ်. . ဒီကောင်က သိပ်ပြီးပါးနပ်တာနော်၊ လှိုင်း သူ့ကို ဘယ်လိုရှင်းမလဲ'

'မာတင့်လက်ထဲ အပ်လိုက်မယ်လေ'

စားဖို့မှူးပါ ပေါင်းပြီးကြံနေကြတာကိုး. .

Ivy လေးရယ်. . မင်းအနားမှာ အန္တရာယ်တွေ ဝိုင်းနေပြီပဲ. .

'ဒီကောင်က ကြိုသိနေပုံပဲ. . အိမ်က ချက်တဲ့ အစားအသောက်တွေ ကောင်မလေးကို မကျွေးဘူး. . သူလည်း မစားဘူး'

'ဒါဆို အဘိုးကြီးကိုရှင်းသလို ခဲတစ်လုံးနဲ့ငှက်သုံးကောင် ပစ်ကြည့်ရအောင်လေ'

'OK... ဒါအကောင်းဆုံးပဲ. . ဒါပေမယ့် အဲဒီအချိန် တို့နှစ်ယောက်လုံး ဒီမှာရှိမနေဖို့ပဲ လိုတယ်'

'အဟင်း. . ဟင်း. . အားလုံးကို ရှင်းပြီးပြီဆိုရင်. . . ရှင်နဲ့





ကျွန်မ လကမ္ဘာပေါ်တောင် ဟန်းနီးမွန်းထွက်လို့ရတယ် သိလား၊ တွေးရင်းနဲ့တောင် ကျေနပ်စရာပဲ'

ဒီမိန်းမ တကယ်ရူးနေပြီပဲ။

သွေးရူးသွေးတမ်းနဲ့ ပြောချင်ရာတွေ လျှောက်ပြောနေတာလား. . တကယ်ပဲ ကြံနေတာလား. .

ဒါပေမယ့် သူ ဦးတည်ချက်မလွဲဘူးဆိုတာ သိလိုက်ရပြီ။

နောက်ကွယ်က ကြိုးဆွဲနေတာက. . မိန်းမတစ်ယောက် ဖြစ်နေလေတော့. . .

◆



www.burmeseclassic.com

www.burmeseclassic.com

## [၂၀]

ဟုန်ကမ္ဘာက စပြီး လှုပ်ရှားနေပြီ။ ဦးလူရဆီ ဖုန်းဆက်ပြီး

'ဒီတစ်ခါ ပစ်မှတ်က ခင်ဗျားပဲ . . ခင်ဗျားတစ်ယောက်တည်း မဟုတ်ရင် ကျွန်တော်နဲ့Ivy ပါ ပါလိမ့်မယ် . . ကျွန်တော့်ဆီမှာ အသံfile ရထားပြီးပြီ၊ ပိုပြီး သတိရှိပေးပါ ဦး'

ဦးလူရက ရယ်နေသည်။

'ငါက ငါ့ရုံးခန်းမှာပဲ နေ နေတာလေကွာ . . တပည့်တွေလည်း ရှိတယ် . . သိပ်ပြီး မပူနဲ့ . . မင်းကောင်မလေးကိုသာ ဂရုစိုက် ဟုန် . . ဟုတ်ပြီလား . . ဒီထက်ပိုပြီး ခိုင်လုံရင် ငါတို့ တရားစွဲလို့ရပါပြီ'

'ဒီမိန်းမကို လုံးဝလျှော့တွက်လို့မရဘူး ဦး . . အဖေကြီးဆီလည်း သတိထားနေတဲ့ကြားက အသက်ပေးလိုက်ရတာပဲ'





'အခုထိ ယူကြုံးမရဖြစ်နေတာလား ဟုန်'

'ဟုတ်တယ် . . ဒီလောက် ရက်စက်တဲ့မိန်းမ . . သူနဲ့ကျွန်တော် တစ်ပွဲလောက် စမ်းကြည့်ရသေးတာပေါ့'

ဦးလူရနဲ့ဖုန်းပြောပြီးတော့ အိမ်ကို အမြန်ပြန်လာမိသည်။ Ivy ကို တစ်အိမ်လုံးပတ်ပြီး လိုက်ရှာပေမယ့် ဘယ်မှာမှမတွေ့တော့ စိုးရိမ်စိတ်က ငယ်ထိပ်ကို တက်ပြီးဆောင့်သည်။

TVကြည့်နေတဲ့ အိမ်ဖော်မလေးတစ်ယောက်ကို မေးကြည့်တော့ Ivy က ရေကူးကန်မှာတဲ့။ ရေကူးကန်ဆိုတော့ သူသွားလို့ သင့်တော်ပါ့မလား . .

အိမ်ဖော်မလေးက ဆက်ပြီးပြောသည်။

'တီထွေးနဲ့ အတူတူရေကူးနေတာ . . ရှင်သွားလို့မဖြစ်ဘူး'

တီထွေးနဲ့ဆိုတော့ မသွားလို့ကို မဖြစ်တော့။ သူ့ခြေလှမ်းတွေက ရေကူးကန်ဆီ ဦးတည်ပြီးသားဖြစ်နေသည်။

Ivy လေးရယ် . . . လောကကြီးအကြောင်းကို မင်း ဘာမှ မသိသေးပါဘူး။ တွယ်ရာမဲ့နေတဲ့ မင်းလေးကတော့ . . တစ်ယောက်ယောက်ကို တွယ်မိပြီဆိုရင် ပြန်ခွာဖို့မလွယ်ဘူးဆိုတာ ကိုယ်နားလည်ပါတယ်။ ဒါပေမယ့် သိပ်ပြီး မရိုးသားပါနဲ့ကွာ . .

Ivy ဟာ တကယ်လည်း ဒေါ်လှိုင်းဖြူနဲ့ စကားတွေဖောင်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ပြီး ပျော်နေပုံရသည်။ အိုက်တင်မှာ အကယ်ဒမီတန်းဝင်သည့် ဒေါ်လှိုင်းဖြူကိုကြည့်ပြီး သူ အော်ဂလီဆန်လာသည်။

'မမလေး'

Ivy က သူ့ကိုလှည့်ကြည့်လာသည်။ ဒေါ်လှိုင်းဖြူက သူ့ကို မာန်မဲသည်။

'ဟဲ့. . ငါ့သမီး ရေကူးနေတာ ဘာလာလုပ်တာလဲ'

'ကျွန်တော့်ကို ပြောရေးဆိုခွင့်ရှိသူက မမလေးပဲ၊ ခင်ဗျားမှ မဟုတ်တာ'

ဟုန်က ပြတ်ပြတ်သားသား ပြောပြီး Ivy ကို ဆက်ပြောသည်။

'မမလေး. . ဗီယက်နမ်က မစ္စတာငုယင်သီဖန်နဲ့တွေ့ဖို့ အချိန်နီးကပ်နေပြီ. . အဆင်သင့်လုပ်ထားပေးပါ'

ဒေါ်လှိုင်းဖြူက သူ့ကို မျက်လုံးစိမ်းတွေနဲ့ စူးစူးဝါးဝါးစိုက်ကြည့်နေသည်။

'ကောင်းပါပြီ. . ကျွန်မ အခုပဲ လာခဲ့ပါ့မယ်'

ဟုန်ကမ္ဘာ ထွက်သွားတော့ ဒေါ်လှိုင်းဖြူက

'သမီးရယ်. . သမီးသက်တော်စောင့်က အပိုးကိုမကျိုးဘူး ထုတ်ပစ်လိုက်စမ်းပါ'





'သမီးအတွက် အသုံးတည့်မယ်ထင်လို့ပါ တီထွေး'

ဒီကောင်မလေးတောင် တော်တော်အစွယ်ထွက်လာပြီပဲ။

ဒေါ်လှိုင်းဖြူက ဘာမှဆက်မပြောတော့ဘဲ အလုပ်ကိစ္စကို စပ်စုလာသည်။

'ဒီနေ့တွေ့မဲ့သူက အရေးကြီးပုဂ္ဂိုလ်လား သမီး'

Ivy က ရေလိုက်ငါးလိုက်ဖြေဖြစ်လိုက်သည်။

'သာမန်ပါပဲ'

ဟုန်ပြောလို့ သူမ သိထားတာက ဒီပုဂ္ဂိုလ်ဟာ ကမ်းခြေက ဟိုတယ်လုပ်ငန်းတွေမှာ အကျိုးတူရင်းနှီးမြှုပ်နှံမယ့်သူတဲ့။

အမှန်အတိုင်းပြောရရင် ဒါတွေအားလုံးကို သူပဲ စီစဉ်နေတာလေ။ Ivyက စီးပွားရေးကိစ္စတွေကို နားလည်တာမှမဟုတ်တာ။ အဘိုးယုံကြည်လို့ အပ်ထားတဲ့သူပဲ။ Ivy က ဘာလို့မယုံရမှာလဲ။

အစ်ကိုတစ်ယောက်လို အားကိုးပြီး သူ့ရဲ့ ကဲကဲဆတ်ဂရုစိုက်မှုတွေအောက်မှာ Ivy ပျော်ဝင်နေခဲ့ပြီ။ သူမကိုမျက်စိအောက်က အပျောက်မခံတဲ့ သက်တော်စောင့်ချောချောလေးရှိနေတော့ ဘယ်သွားသွား Ivy တို့ မျက်နှာပွင့်တာပေါ့။

တစ်နေ့က ကျောင်းသွားတာ ကောင်မလေးတွေ ကိုဟုန်ကမ္ဘာကို သိသိသာသာကြီး ရှိုးနေကြတာ။ လုံးဝပေါ်တင်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျိုးတွေ့ပြန်တော့လည်း Ivy စိတ်ထဲမှာ တစ်မျိုးကြီး ခံစားရသည်။ သွေးမတော်သားမစပ် သူစိမ်းတစ်ယောက်နဲ့ နီစွမူဝ နီးနီးကပ်ကပ်နေပြီး သူ့ရဲ့အကြည့်တစ်ချက်မှာ သူမ ကျဆုံးခဲ့တာ လူမသိသူမသိဆိုပေမယ့် ကိုယ်တိုင်ကတော့ သိနေသည်။

အချစ်နဲ့ မထိတွေ့ဖူးသေးတဲ့ သူမနှလုံးသားမှာ အချက်ပေးခေါင်းလောင်းသံတွေ ညံနေပြီ။

သက်တော်စောင့်ဟုန်က . . အမြဲတမ်း ဟိုကြည့်ဒီကြည့်နဲ့ သူမ အန္တရာယ်ကင်းအောင် စောင့်ကြည့်နေရပေမယ့် သူမကတော့ သူ့မျက်နှာချောချောလေးကိုသာ ခိုးခိုးပြီး ကြည့်နေမိပြီ။ အနားမှာ သူ ရှိနေရင် အလိုလိုလုံခြုံနေပြီးသား။

အဲဒါ ဘာဖြစ်လို့လဲ။

◆





ဒီနေ့ထုတ် သတင်းစာနှစ်စောင်လုံးမှာ ဦးလူရရဲ့နာရေး သတင်းတွေ ပါလာသည်။

ဟုန် ဖတ်ရင်း မျက်လုံးပြူးလာသည်။

ရုတ်တရက်ကွယ်လွန်တယ်လို့ပဲ ရေးထားတော့ ဘာမှသေချာ မသိရ။ တစ်နေ့ကတင် ဦးလူရကို သူ သတိပေးခဲ့သေးသည်။ သူ့စကားကို နားမထောင်တဲ့ ခေါင်းမာခဲ့လို့ ခုတော့ မသေသင့်ဘဲ သေခဲ့ရပြီ။

သူတို့ လက်ဦးသွားကြပြီ။

ဟုန်က ဦးလူရရဲ့ရုံးခန်းကို ဖုန်းဆက်ပြီးမေးကြည့်သည်။ တစ်ဖက်က ပြန်ဖြေတဲ့အကြောင်းအရာက ထူးဆန်းနေသည်။

ဦးလူရက အမှုသည်တစ်ယောက် လိုက်ကျွေးတဲ့ ဒင်နာစားပြီး အပြန်မှာ ကား accident ဖြစ်ပြီး ဆုံးတာလို့ သိလိုက်ရသည်။ ဒါ . . ဘယ်လိုနည်းနဲ့မှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး။ သို့ပေမယ့် သိပ်ပြီးပိရိလွန်းနေသည်။

ဦးလူရရဲ့သွေးထဲမှာ alcoholပမာဏတွေ များနေလို့(မူးပြီး မောင်းတာမို့လို့)ဒီလိုဖြစ်ရတာပါတဲ့။ တရားခံက လွတ်သွားပြီ။

ဦးလူရ ပြီးတော့ နောက်တစ်ယောက်က် . . . သူပဲ သိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



Ivy လေးဆီကို အန္တရာယ်က လာနေပြီ။ တစ်အိမ်လုံးမှာလည်း ယုံလို့ရတာ ဘယ်သူမှမရှိဘူး. . အားလုံးက ဝိုင်းပြီး ကြံစည်နေကြတာ။

ဦးလူရ ဆုံးတဲ့ကိစ္စ Ivy သိအောင် ပြောသင့်သည်ဟု သူထင်သည်။

ခြံထဲမှာရှိတဲ့ နားနေဆောင်လေးထဲမှာ Ivy စာထိုင်ဖတ်နေသည်။

သူမလေးကို ကြည့်လိုက်တိုင်း. . အမြဲအေးချမ်းနေသည်။ လောဘ၊ ဒေါသ၊ လိုချင်တပ်မက်မှု ဘာဆိုဘာတစ်ခုမှမရှိဘဲ စကားပြောရင်လည်း ရိုးရိုးစင်းစင်းသာ ပြောသည်။ တကယ့်ကို. . အရိုးခံသက်သက်။

လူတွေအားလုံးကိုလည်း သူမလို ထင်နေတတ်သေးသည်။

ဟုန်က Ivyစားဖို့ ဆင်းဒဝစ်ချိပေါင်မုန့်နှင့်ကော်ဖီကို ကိုယ်တိုင်ဖျော်ပြီးယူလာသည်။ မွှေးပျံ့နေတဲ့ကော်ဖီနံ့ကြောင့် သူမ ခေါင်းလေး ထောင်လာသည်။ ဟုန်က ကော်ဖီနဲ့မုန့်ကို သူမရှေ့မှာ ချပေးရင်း -

'မမလေး စာဖတ်ရင်းစားဖို့ယူလာတာ'

'Thank you ရှင်လည်း စားလေ၊ ဟင်. . ကော်ဖီက တစ်





ခွက်တည်း၊ ရှင် မသောက်ဘူးလား ဒါဆို ကျွန်မနဲ့ တစ်ယောက်တစ်ဝက် သောက်မယ်လေ'

ဟုန် တစ်ဘက်ကိုလှည့်ပြီး ပြုံးနေပေမယ့် ရင်ထဲမှာ နွေးသွားတာ အမှန်ပါ။ တစ်ခွက်တည်း အတူတူသောက်မယ် တဲ့။ သူပြောတဲ့စကားရဲ့အဓိပ္ပာယ်ကို သိမှသိပါလေစ။

မင်းက အရမ်းဖြူစင်တော့ ကိုယ်ဒုက္ခရောက်တယ် ကလေးရယ်. . .

ကော်ဖီခွက်နဲ့ထိကပ်နေတဲ့ နှုတ်ခမ်းသားလေးတွေကို စူးစူးနစ်နစ် စိုက်ပြီးကြည့်ဖြစ်သွားသည်။

အဲဒီခဏမှာတော့ သူ့မျက်လုံးတွေကို ပြန်လွှဲလို့ မရတော့လောက်အောင် Ivyလေးရဲ့ ဆွဲအားက ပြင်းလေသည်။

'ရော့. . ရှင် တစ်လှည့်သောက်ဦး'

သူ့လက်တွေက ကော်ဖီခွက်ကိုလှမ်းပြီးကိုင်တဲ့အချိန် သူ့ရင်ထဲမှာ စကားတွေအများကြီး ပြောနေမိသည်။

မင်း ကြားလား မကြားလားတော့ မသိဘူး။ ဒါပေမယ့်. . ကိုယ်ပြောတာတွေက အမှန်တရားတွေမို့ မင်းကြားနိုင်ပါစေ။

မင်းအသက်ကို ကိုယ် အကြိမ်ကြိမ်အခါခါကယ်ခဲ့ပြီးပြီ. . နောင်လည်း ဆက်ပြီး စောင့်ရှောက်ဦးမှာပါ။ မင်းလေး ကျန်းကျန်း



www.burmeseclassic.com

www.burmeseclassic.com



မာမာနဲ့ ပျော်နေတာမြင်ရင် ကိုယ် ကျေနပ်ပါပြီ။ အဲဒီအတွက် ကိုယ့်အသက်နဲ့လဲရလည်း တန်ပါတယ်ကွာ. .

သောက်ခဲ့ဖူးသမျှ ကော်ဖီတွေထဲမှာ ဒီနေ့ သောက်ရတဲ့ ကော်ဖီက အရသာအရှိဆုံးပါပဲ။

Ivy က ဆင်းဒဝစ်ချိစားပြီး သူ့ကို ပြုံးပြုံးလေး ကြည့်နေသည်။

ဘယ်လိုချစ်စရာကောင်းမှန်းကို မသိတာ. .

သူ့ရဲ့အပြုံးလေးတွေ

သူ့ရဲ့အပျော်တွေ ပျောက်ပျက်သွားမှာစိုးလို့ ဦးလူရ ဆုံးတဲ့အကြောင်း သူ မပြောမိတော့ပါ။

◆



(၂၁)

ဟုန်ကမ္ဘာက အားလုံးအပေါ်မှာ စော်ကားတယ်၊ ဆက်ဆံတာ မာကျောတယ်ဆိုပြီး တစ်အိမ်လုံးမှာ ရှိရှိသမျှလူကုန် ဆန္ဒပြနေကြသည်။အလုပ်သမားတွေကလည်း ကိုယ့်အလုပ် ကိုယ် မလုပ်ကြတော့ တစ်အိမ်လုံး ဖုန်တွေ ခေါင်းဖြူနေသည်။

ဒီလိုဖြစ်အောင် ဒေါ်လှိုင်းဖြူက လှုံ့ဆော်ပေးနေမှန်း ဟုန်သိပါသည်။ သူ့သဘောနဲ့သူဆို အဲဒီလူယုတ်မာတွေအားလုံးကို အိမ်ပေါ်က မောင်းချပစ်လိုက်ချင်သည်။ Ivy လေးကို ငဲ့နေလို့သာ. . Ivy က သူမအလုပ်သမားတွေကို သံယောဇဉ်သိပ်ကြီးတာ။

ခုလည်း ကြည့်လေ. . သူဌေးမလေးက သူ့အလုပ်သမားတွေလုပ်ရမယ့်အလုပ်ကို ကိုယ်တိုင်ဝင်လုပ်နေသည်။

အိမ်ကြီးထဲမှာ တံမြက်စည်းလှဲပြီး ကြမ်းတိုက်နေလို့ ဟုန်



www.burmeseclassic.com

www.burmeseclassic.com



က ဒေါသထွက်လာပြီး သူမလက်ထဲက တံမြက်စည်းကို ဆွဲလုပြီး လွှင့်ပစ်လိုက်သည်။

'ဟေ့. . ဒီအိမ်က အိမ်ဖော်တွေ အကုန်ဘယ်ရောက်နေလဲ. . အခုချက်ချင်းလာခဲ့စမ်း'

သူ့အသံက ကျယ်ပြီး ဟိန်းထွက်နေတော့ အလုပ်သမားတွေအားလုံး အခန်းဝမှာ ပြူတစ်ပြူတစ်လုပ်ပြီး ချောင်းကြည့်နေကြသည်။

'လောကမှာ သူများပိုက်ဆံကို ညာယူတာလောက် ရှက်ဖို့ကောင်းတာ မရှိဘူးကွ. . ကိုယ်ယူထားတဲ့ငွေနဲ့ တန်တဲ့ လုပ်အားတော့ ပေးဆပ်ရမှာပဲ. . ဟိုမှာရပ်ပြီး ဘာရပ်လုပ်နေကြတာလဲ. . ကိုယ့်အလုပ် ကိုယ်လာလုပ်ကြလေ'

ဆူဆူညံညံအသံတွေကြောင့် ဒေါ်လှိုင်းဖြူက အခန်းထဲဝင်လာပြီး

'ဒီမယ်. . မင်းကိုယ်မင်း သိပ်ပြီးအထင်ကြီးမနေနဲ့. . ငါမပြောချင်လို့ကြည့်နေတာ. . ဒီအိမ်ကို မင်းရောက်လာပြီးကတည်းက သိပ်ပြီး ဂြိုဟ်မွှေတာပဲ'

ဟုန်ရဲ့ဒေါသမီးတွေ ပိုပြီးတောက်လောင်လာအောင် ဆီလောင်းပေးတဲ့စကားတွေမို့ -





'ခင်ဗျားက ဘယ်လိုအထိန်းတော်လဲ. . လုပ်ပါ. . ရှင်းပြပါဦး. . ကိုယ့်ရဲ့Boss တစ်ယောက်လုံး ဒီလိုအလုပ်တွေလုပ်နေတာ ထိုင်ကြည့်နေရအောင်. . တောက်. . သူ့ဒွေးလိုလို ဘာလိုလိုနဲ့'

'ကြည့်စမ်း. . ကြည့်စမ်း. . မိုက်ရိုင်းလိုက်တာ. . Ivy သမီးလေး. . သူ တီထွေးကို ဒီလိုဆက်ဆံနေတာ သမီး ဘာမှမပြောတော့ဘူးလား. . သမီးကို ဟိုးငယ်ငယ်လေးကတည်းက တီထွေး ဘယ်လိုစောင့်ရှောက်ခဲ့လဲ. . ကိုယ့်သမီးလေးလိုပါပဲ သမီးရယ်. . ဟင့်. . ဟင့်'

အကယ်ဒမီရှော့ပဲ. . ငိုကြီးချက်မနဲ့ကြွေပြ ပုလဲတွေ ခပြတော့ Ivy ကပါ သက်တော်စောင့်ကို အမြင်စောင်းချင်လာသည်။

'ရှင် ဘာမှထပ်မပြောပါနဲ့တော့ ကိုဟုန်ကမ္ဘာ၊ဒီမှာ တီထွေး အရမ်းခံစားသွားရပြီ'

ဒီမိန်းမကြီးကို သနားနေရင် မင်းခံသွားရမှာပေါ့ Ivy ရယ်. . သူ့နှုတ်ကတော့ ဘာမှထပ်ပြောမနေတော့။

Ivy က ဒေါ်လှိုင်းဖြူကို ပွေ့ဖက်ပြီး သူမအခန်းထဲ ခေါ်သွားလေရဲ့. . .

ဟုန်ကမ္ဘာဆိုတဲ့သူ့မှာသာ ကောင်မလေးကို စိတ်မချလို့ လုပ်ငန်းစရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေး. . တီထွေး toilet ခဏဝင်မယ်နော်'

Ivy ကလည်း ခပ်ပေါ့ပေါ့ပင်. .

'ဝင်လေ တီထွေး. . မျက်နှာသစ်လိုက်ရင် လန်းသွားမှာပါ. . တီထွေးကို သမီးတောင်းပန်ပါတယ်နော်. . သူပြောတာတွေ ခေါင်းထဲ မထည့်ပါနဲ့. . သူက သမီးကို အရမ်းစိုးရိမ်နေလို့ပါ'

'အမှန်အတိုင်းပြောရရင် သူ ရောက်လာပြီးကတည်းက တီထွေး မပျော်တော့ဘူး၊ သမီးသံယောဇဉ်နဲ့မို့ အားတင်းပြီး နေနေတာ'

ဒီစကားကို Ivy က တင်းပြည့်ကျပ်ပြည့် မထောက်ခံနိုင်ပါ။ ဘာလို့ဆို အဘိုးဆုံးပြီးကတည်းက တီထွေး သူမကို အေးစက်သွားခဲ့တာ၊ ဂရုမစိုက်တော့တာ အသိသာကြီးပဲလေ. .

ဒေါ်လှိုင်းဖြူက ရေချိုးခန်းနဲ့ အိမ်သာ တွဲလျက်ရှိသော အခန်းတံခါးကို ဂျက်ချလိုက်ပြီး အခန်းထဲမှာ စိမ်ပြေနပြေ မွှေပါတော့သည်။ Ivy မရှိတုန်း သူမအခန်းထဲမှာ မွှေနှောက်ပြီးပြီ။ ဘာမှမတွေ့ရတော့ သူ့အဘိုးထားခဲ့တဲ့ ဘဏ်စာအုပ်တွေ ဘယ်ရောက်ကုန်လဲ။ သူ့ဆီမှာပဲရှိမှာ သေချာတယ်။ မရှာရသေးတာဆိုလို့ ရေချိုးခန်းထဲမှာပဲ ကျန်တော့တယ်. .

Ivy ဆယ့်ရှစ်နှစ်ပြည့်ရင် လွှဲပေးရမယ့် အမွေတွေက နည်း





မှ မနည်းပဲ. . အဲဒီသေတမ်းစာကိုလည်း သူမဆီမှာ ရ,ထားပြီးပြီ။ ကောင်မလေးဆီက ရနိုင်သလောက် အကုန်ယူပြီးမှ ရှင်းပစ်ရမှာပဲ။ သူလေးကိုရှင်းဖို့ဆိုရင် သူ့အနားက သက်တော်စောင့်ကောင်ကို အရင်ရှင်းပစ်မှရမယ်. .

ဟုတ်တယ်. . ဒီကောင့်ကို အရင်ရှင်းရမယ်. .

စိတ်ထဲမှာလည်း ကြံစည်နေသည်။ လက်ကလည်း ရေချိုးခန်းထဲမှာ လျှောက်ဖွပြီးရှာနေသည်။

ဟုန်က Ivy အခန်းနှင့် သူ့အခန်း ချိတ်ဆက်ထားသော CCTV မှတစ်ဆင့် ဒေါ်လှိုင်းဖြူရဲ့လှုပ်ရှားမှုတွေအားလုံးကို မြင်နေရသည်။ (သူတပ်ထားတဲ့ လျှို့ဝှက်ကင်မရာက မီးခလုတ်တွေမှာဆိုတော့ Ivy တောင် ရှာလို့မတွေ့နိုင်ပါ။)

ဒေါ်လှိုင်းဖြူက ဘဲဥပုံမှန်ဝိုင်းရှေ့မှာရပ်ပြီး ဘာစိတ်ကူးပေါက်လာလဲ မသိ။

မှန်ကို အပေါ်လှန်တင်လိုက်သည်။ အံ့သြစရာကောင်းတာ က မှန်ရဲ့နောက်နံရံဘက်မှာ အံဝှက်လေးတစ်ခုရှိနေသည်။

ဒေါ်လှိုင်းဖြူက အံဝှက်လေးကို ဆွဲထုတ်နေတာ တွေ့ရသည်။

သူ့လက်ထဲမှာ စာအုပ်တွေ ပါလာတာ တွေ့ရပြီး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးက ဝင်းပနေသည်မို့ ဟုန်က တစ်ခုခုထူးပြီဟုတွေးကာ Ivyဆီ ဖုန်းဆက်လိုက်သည်။

'မမလေး. . ကျွန်တော်ပြောတာ နားထောင်. . အထဲမှာ အဘွားကြီး မွေနေတယ်၊ ဘဲဥပုံမှန်နောက်က အံဆွဲထဲမှာ မမလေး ဘာတွေထည့်ထားတာလဲ. . အဲဒါတွေ အဘွားကြီး ယူသွားပြီ'

'ရှင်. . ရှင်. . ဘယ်လိုလုပ်ပြီး သိနေတာလဲ. . သေချာလို့လား'

'လုံးဝသေချာတယ်. . သူ့ကို အပြင်မထွက်စေနဲ့ ခဏထိန်းထားဦး'

ခြေဖျားလက်ဖျားတွေ အေးပြီး Ivy တစ်ကိုယ်လုံး တုန်နေသည်။

ဟုန်ပြောတာမှန်နေရင် သူမ ဘာဆက်လုပ်ရမှာလဲ။

အဘိုးက အဲဒီဘဏ်စာအုပ်တွေ သေချာသိမ်းခိုင်းခဲ့တာ။

လုပ်ရက်လိုက်တာ တီထွေးရယ်. . သမီးမှာ လောဘ မရှိပေမယ့် အဲဒီငွေတွေက သမီး ပရဟိတလုပ်ငန်းမှာသုံးမယ့် ငွေတွေပါရှင်. .

ဒေါ်လှိုင်းဖြူက လိုချင်တာရပြီဆိုတော့ ပျော်မြူးပြီး ထွက်လာသည်။





'သမီး. . တီထွေး ခေါင်းကိုက်နေလို့ ခဏပြန်အိပ်လိုက်ဦးမယ်. . သမီးခိုင်းချင်တာရှိရင် ကောင်မလေးတွေကို ခေါ်ခိုင်းနော်'

ပြောပြီး လှည့်ထွက်သွားတဲ့ ဒေါ်လှိုင်းဖြူကို Ivy က

'တီထွေး. . သမီးရဲ့ဘဏ်စာအုပ်တွေ ပြန်ထားပေးခဲ့ပါ'

ဟု တစ်လုံးချင်း အေးစက်စွာ ပြောလာသည်။

'ဘာစာအုပ်လဲ. . တီထွေး မသိဘူး. . ဘာတွေ လာပြောနေတာလဲ'

Ivy က ဒေါ်လှိုင်းဖြူအနားသို့ တိုးကပ်လာတော့ သူမက ခြေတစ်လှမ်းချင်း နောက်ပြန်ဆုတ်သွားသည်။

'မထင်ထားဘူး. . တီထွေးကို လုံးဝမထင်ထားဘူး. . ဘာ ရည်ရွယ်ချက်နဲ့လုပ်တာလဲ'

'ဘာလဲ. . ဘာဖြစ်လို့ လူကို လာပြီးစွပ်စွဲနေတာလဲ. . ရေချိုးခန်းထဲမှာ ဘဏ်စာအုပ်ထားတယ်ဆိုတော့. . သူများ ကြားရင် ဟားစရာကြီးဖြစ်သွားမှာပေါ့ Ivy ရယ်. . တော်ပါပြီ. . နင်လည်း ဟိုသက်တော်စောင့်နဲ့ပေါင်းပြီး မိုက်ရိုင်းနေတာ. . ဘာမှငဲ့စရာမလိုဘူး. . ဒီနေ့ပဲ ဒီအိမ်က ဆင်းမယ်. . ဘယ့်နှယ် လူကို သူခိုးလိုလာ စွပ်စွဲနေတယ်'

'ဒီအတိုင်းထွက်သွားလည်း တီထွေးကို ရဲတွေလာဖမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ. . CCTV ထဲမှာ အားလုံးပေါ်နေပြီးသား. . အခုအသာတကြည် တောင်းနေတုန်း ပြန်ပေးခဲ့ပါ. . သံယောဇဉ်လက်ကျန်နဲ့ ပြောနေတာနော် တီထွေး'

ဒေါ်လှိုင်းဖြူရဲ့အပြုံးက ကြောက်စရာကောင်းသည်။ မျက်လုံးတွေကလည်း စိမ်းသက်နေသည်။ ပြောသာ ပြောနေရတာ. . Ivy ရဲ့ကိုယ်လေးက တဆတ်ဆတ်တုန်နေသည်။

တစ်ခါမှမမြင်ဖူးတဲ့ တီထွေးရဲ့ရေခဲမျက်လုံးနဲ့ မီးဝင်းဝင်းတောက်အကြည့်တွေ. .

'ဘာမှ သံယောဇဉ်တွယ်မနေနဲ့ မမလေး. . ခင်ဗျားကြီး ဒီကနေ ခြေတစ်လှမ်းရွေ့ဖို့ မစဉ်းစားနဲ့၊ ခဏနေ ရဲတွေလာတော့မှာ'

ထွက်ပေါက်မရှိ၊ ချောင်ပိတ်မိနေတဲ့ ဒေါ်လှိုင်းဖြူက Ivy လက်ကို နောက်ပြန်လိမ်ပြီး လည်ပင်းကို ဓားနဲ့တေ့ထားလိုက်သည်။ သူ့လုပ်ရပ်က အရမ်းကို မြန်နေတာမို့ Ivy အငိုက်မိသွားသည်။

'တီထွေး. . ဒါ ဘာလုပ်တာလဲ. . သမီးကို အဲလို မနောက်ပါနဲ့. . သမီးကြောက်တယ်'

Ivy အသံလေးပါ တုန်နေသည်။ ဒေါ်လှိုင်းဖြူက ဟုန်ကမ္ဘာကို အမိန့်ပေးသည်။





'ဒီကောင်မလေး မသေစေချင်ရင် မင်းငြိမ်ငြိမ်နေစမ်း'

ကောင်မလေးကို ဘယ်လိုကယ်ရမလဲ။

ဒေါ်လှိုင်းဖြူက Ivy ကို အကာအကွယ်ယူပြီး ထွက်ပြေးဖို့ ပြင်သည်။

ရဲကားတွေ ဝင်လာတဲ့အသံကိုကြားတော့ သူမ ပိုပြီးသွေးပျက်နေပြီ။

ဟုန်က အခြေအနေအရ စိတ်ပိုင်းဆိုင်ရာကို ထိုးစစ်ဆင်လိုက်သည်။

'သူက အန်တီ့သမီးလိုပဲဆို. . အန်တီလိုချင်တာ ပွင့်ပွင့်လင်းလင်းပြောရင် သူက ပေးမှာပဲလေ. . အဲဒီလိုမလုပ်ပါနဲ့၊ လွှတ်လိုက်တော့နော်. . ရဲတွေ မြင်သွားရင် အန်တီ့အတွက် မကောင်းဘူး'

'ဒီရဲတွေကို မင်းခေါ်လိုက်တာလား'

ထွက်ပေါက်မရှိတော့တဲ့ ဒေါ်လှိုင်းဖြူက Ivy ကိုပိုပြီးတော့ တင်းတင်းဖက်ထားကာ ဓားနဲ့ လည်ပင်းအသားတွေ ပေါက်ထွက်မတတ်ဖိလာတော့ Ivy က ငိုနေသည်။

'သက်တော်စောင့်ကြီး ကျွန်မကို ကယ်ပါဦး'

ကယ်မှာပါ. . ကိုယ် မင်းကိုကယ်မှာပါ. .



www.burmeseclassic.com

www.burmeseclassic.com



ရဲတွေ လှေကားထစ်တွေပေါ် ရောက်လာနေပြီ။ ဒီမိန်းမကြီး အချိန်နဲ့တစ်ပြေးညီ လှုပ်ရှားနိုင်သည်။ Ivy အတွက် သိပ်ပြီး စိတ်မချရ။

အရမ်းကို အန္တရာယ်ကြီးနေပြီ။

ဒေါ်လှိုင်းဖြူက Ivy ကိုခေါ်ပြီး အိမ်ရဲ့အပေါ်ဆုံးထပ်ကို သွေးရူးသွေးတန်းနဲ့ တက်ပြေးသွားပြီး လေသာဆောင်ဆီသို့ ခေါ်ထုတ်သွားသည်။

ပြီးတော့ သူမက ဟုန်ကမ္ဘာကိုခြိမ်းခြောက်လာသည်။

'ငါ့ကို လွယ်လွယ်နဲ့အရှုံးပေးမယ်များ ထင်နေလို့လား. . ငါသွားရင် မင်းကောင်မလေးပါ တစ်ခါတည်းခေါ်သွားမှာ၊ ဘာဖြစ်လို့လဲဆိုတော့ သူရရှိခံစားနေရတဲ့ စည်းစိမ်ဥစ္စာတွေ၊ ခမ်းနားထည်ဝါမှုတွေအားလုံးကို ငါတစ်ယောက်တည်း ပိုင်ဆိုင်ချင်လို့ပဲ'

ဒီမိန်းမကြီးမှာ လောဘမီးတွေ တောက်လောင်နေပြီ။ အဲဒီမီးတောက်တွေက သူ့တစ်ကိုယ်လုံးကိုဝါးမျိုနေတာ သူသိနိုင်မည်မထင်ပါ။

အန္တရာယ်က ဂိတ်ဆုံးမှာရောက်နေပြီ။ Ivy လေးကို ကယ်ဖို့ အန္တရာယ်ကင်းတဲ့လက်နက်ကိုသုံးမှရမည်။

အခြေအနေကလည်း သူ့ဘက်မှာ ရှိပုံရသည်။ လေသာ





ဆောင်ရဲ့ကွန်ကရစ်ကြမ်းခင်းပေါ်မှာ ဂေါက်သီးလုံးလေးကို အဆင်သင့်တွေ့နေရသည်။

ပေးလာတဲ့အခွင့်အရေးကို အသုံးချပြီး ဟုန်က လျှပ်တစ်ပြက်အတွင်းမှာ လျင်မြန်တဲ့အရှိန်နဲ့အင်အားကိုသုံးပြီး ဓားကိုင်ထားတဲ့ ဒေါ်လှိုင်းဖြူရဲ့လက်ကို ချိန်ပြီး ဂေါက်သီးလုံးနဲ့ကောက်ပစ်လိုက်သည်။

'အား. .'

နာကျင်လို့အော်သံနဲ့အတူ ဓားက သမံတလင်းပေါ် ပြုတ်ကျသွားသည်။ သို့သော် သတိကောင်းသော ဒေါ်လှိုင်းဖြူက Ivy ရဲ့လည်ပင်းကို မြဲမြဲစွာချုပ်ထားမြဲပင်။

ဒီမိန်းမကြီးမှာ လက်နက်မရှိတော့ သူ ဝင်လို့ လွယ်သွားပြီ။

Ivyကို ကယ်ဖို့ ဟုန်က ဒေါ်လှိုင်းဖြူဆီ တစ်ဟုန်ထိုးပြေးဝင်ပြီး တိုက်ခိုက်သည်။ ဟုန်က Ivy ကိုဆွဲဖယ်ပြီး အော်သည်။

'Ivy . . . ဖေးဝေးမှာသွားနေ'

ကိုယ်ခံပညာကျွမ်းကျင်တဲ့ဟုန်က ခဏလေးအတွင်းမှာ ဒေါ်လှိုင်းဖြူကို ချုပ်မိသွားသည်။ ရဲတွေလည်း လေသာဆောင်ကို ရောက်လာချိန်



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်လှိုင်းဖြူ. . ခင်ဗျားကို ရဲတွေဝိုင်းထားတယ်. . အေး အေးဆေးဆေး အဖမ်းခံပါ။ခင်ဗျားနဲ့အတူ ပူးပေါင်းကြံစည်တဲ့ မြင့်သူရကိုလည်း ဖမ်းထားပြီးပါပြီ'

ဟုန်ကမ္ဘာလက်ထဲက ဒေါ်လှိုင်းဖြူကို ဒုရဲအုပ်က လက်ထိပ်ခတ်ဖို့အလာမှာ ဒေါ်လှိုင်းဖြူက ရုတ်တရက် ဆောင့်ရုန်းပြီး ပြေးထွက်သွားသည်။

သူမက အနောက်ကို တစ်လှမ်းချင်း တိုး တိုးပြီး ဆုတ်နေသည်။

'တီထွေး. . ဆက်မသွားပါနဲ့၊ လိမ့်ကျလိမ့်မယ်. . အဖမ်းခံလိုက်ပါ တီထွေးရယ်. . သမီးတောင်းပန်ပါတယ်'

သူ့အပေါ် ဘယ်လိုပဲ မကောင်းကြံကြံ၊ သံယောဇဉ်ကြီးတဲ့ ကောင်မလေးက ငိုယိုပြီးတောင်းပန်နေသည်။

ဒေါ်လှိုင်းဖြူက အထိတ်တလန့်နဲ့သွေးပျက်နေတဲ့ မျက်လုံးတွေနဲ့ အားလုံးကိုကြည့်ပြီး ပါးစပ်က သွေးရူးသွေးတန်းနိုင်စွာ ပြောနေသည်။

'သံတိုင်တွေကြားမှာ ငါ့ဘဝကိုမြှုပ်နှံရမှာလား. . လောကကြီးက ဘယ်တော့မှတရားမှာမဟုတ်ဘူး. . ချမ်းသာတဲ့သူတွေကျတော့ သုံးမကုန်ဖြုန်းမကုန်အောင် အခွင့်အရေးတွေ ပေးထားတယ်





ငါတို့ဆင်းရဲသားတွေကျတော့ ငါငယ်ငယ်တုန်းက ဗိုက်ဆာလွန်းလို့ အိမ်နီးချင်းဆီမှာ ထမင်းသွားတောင်းစားမိတာ ပါးရိုက်ခံခဲ့ရတယ်၊ ငါမမေ့ပါဘူး. . ဘယ်တော့မှမမေ့ဘူး. . အဲဒီကံကြမ္မာဆိုတာကြီးကိုလည်း မုန်းလွန်းလို့ ငါဖြစ်ချင်တာ ငါလိုချင်တာ ကိုယ့်ဘာသာဖန်တီးယူခဲ့တာ. . မဖြစ်လာတော့လည်း ပြုံးပြုံးလေးပေါ့'

အားလုံးမှင်တက်မိနေစဉ် ဒေါ်လှိုင်းဖြူက လေသာဆောင်ပေါ်မှခုန်ချသွားခဲ့လေပြီ။

'တီထွေး'

Ivy ရဲ့ကိုယ်လေး ပျော့ခွေပြီး လဲကျသွားသည်။

'Ivy..Ivy သတိထားလေ'

ဟုန်က သူမကိုယ်လေးကိုပွေ့ဖက်ပြီး မရပ်မနား အော်ခေါ်နေမိသည်။

ကြည့်ပါဦး. . Ivy မျက်လုံးမှာ မျက်ရည်စက်တွေနဲ့ပါလား။ အမေလို သံယောဇဉ်တွယ်ခဲ့ရတဲ့သူက သူ့ရှေ့မှာ ဒီလိုဖြစ်သွားတော့ သူ ခံစားရမှာပေါ့။

ရဲတွေ ခြံထဲမှာ အလုပ်ရှုပ်နေကြသည်။

ဒေါ်လှိုင်းဖြူအလောင်းနားမှာ စစ်ဆေးပြီး ရဲလုပ်နည်းအတိုင်း ဆောင်ရွက်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုန်က Ivy လေးကို ပွေ့ချီပြီး သူမအခန်းထဲ ပြန်ခေါ်လာခဲ့သည်။ သူမကို ကုတင်ပေါ် ချပေးပြီး အနားမှမခွာဘဲ စောင့်ကြည့်နေမိသည်။

ဘာကို စိုးရိမ်နေမှန်း မသိပေမယ့် တစ်သက်နဲ့တစ်ကိုယ် မလုပ်ဖူးတဲ့အလုပ်တွေ လုပ်မိနေတာတော့ သူသိသည်။

သူ့ပါးစပ်က ဘုရားစာတွေ တတွတ်တွတ်ရွတ်နေမိသည်။ Ivy လက်ကလေးကိုဆုပ်ကိုင်ပြီး သူပြောနေမိသည်။

'မြန်မြန်သတိရပါတော့ ကလေးရယ်. . တကယ်တော့ လူ့ဘဝမှာ တော်သင့်ရုံပဲ ကောင်းပါတယ်. . ပိုင်ဆိုင်မှုတွေ အရမ်းများနေရင် အန္တရာယ်တွေများပြီး ဆုံးရှုံးရတာပဲ. . အဲဒီဒဏ်ရာဒဏ်ချက်တွေ မင်းမှာ အရွယ်နဲ့မမျှအောင် ခံစားခဲ့ရပြီးပြီ၊ မင်း သတိရလာရင် ဘာပကာသနမှမရှိတဲ့ ကိုယ့်ရဲ့ Ivy Island ဆီကို ခေါ်သွားမယ်. . မြန်မြန်နိုးပါတော့ကွာ'

အချိန်တွေ တရွေ့ရွေ့ကုန်သွားသည်။ Ivy မျက်လုံးလေးတွေ ဖွင့်လာသည်။

သူမ သိလိုက်တာက သူမအခန်းထဲက ကုတင်ကြီးပေါ်မှာ . . သက်တော်စောင့်ကြီးက သူမလက်ပေါ်မှာ ခေါင်းတင်ပြီး ငြိမ်သက်နေသည်။





'သက်တော်စောင့်ကြီး'

အသံကြားတော့ ဟုန်အရမ်းဝမ်းသာသွားသည်။

'Ivy . . မင်း. . မင်း သတိရလာပြီနော်'

အို. . သူ့မျက်လုံးမှာ မျက်ရည်တွေနဲ့ပါလား။ ဒါဆို ခုနတုန်းက သူငိုနေတာပေါ့။

'ရှင်. . ရှင် ငိုနေတာလားဟင်'

သူခိုးလူမိသွားတော့ ဟုန်က ရှက်ပြီးရယ်နေသည်။

'မင်းက စိတ်ပူအောင်လုပ်တာကိုး. . မင်းသာ တစ်ခုခုဖြစ်သွားရင် ကိုယ် အဖေကြီးကို ဘယ်လိုပြောရမှာလဲ'

Ivy က ဘေးပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ အပြင်မှာ မှောင်မည်းနေတာမို့

'ဘယ်အချိန်ရှိပြီလဲဟင်'

'ညရှစ်နာရီကျော်ပြီ. . ဗိုက်ဆာလို့လား Ivy ကိုယ်တစ်ခုခုသွားယူခဲ့ပေးမယ်လေ. . ခဏစောင့်'

သူ့အခေါ်အဝေါ်၊ အသုံးအနှုန်းတွေ ပြောင်းလဲသွားတာ Ivy သတိထားမိပါသည်။

ဟုန်က သူမ စားဖို့ စားစရာယူရန် လှည့်ထွက်သွားသည်။ Ivy က ကုတင်ပေါ်မှပြေးဆင်းလာပြီး ဟုန့်ခန္ဓာကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



အနောက်ကနေ သိုင်းပြီး ဖက်ထားကာ တိုးတိုးလေး ပြောသည်။

'ရှင် ဘယ်မှမသွားပါနဲ့. . ကျွန်မ အနားမှာပဲ နေပေးပါ။ ကျွန်မကြောက်တယ်'

သူ တကယ်ကြောက်နေတာ ဟုန်သိပါသည်။

ဟုန်က Ivy နဲ့ မျက်နှာချင်းဆိုင်ဖြစ်အောင် ရပ်လိုက်ပြီး သူမ ပခုံးလေးနှစ်ဖက်ပေါ် လက်တင်ပြီး သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

'ဘာမှမကြောက်နဲ့တော့နော်. . အားလုံးရှင်းသွားပါပြီ'

အားကိုးစရာရင်ခွင်ရှိနေတော့ ပိုပြီးအားငယ်လာတဲ့ Ivy က ရှိုက်ရှိုက်ပြီး ငိုသည်။

'ဟုတ်တယ်. . ကျွန်မမှာ အန္တရာယ်မရှိတော့ဘူးဆိုရင်. . ရှင် ကျွန်မကိုထားခဲ့တော့မှာမဟုတ်လား. . ရှင် ဟိုကျွန်းကိုပြန်သွားမှာ မဟုတ်လား'

ငိုရင်း ရန်တွေ့နေတဲ့သူမကို ဟုန်က စချင်လာ၍

'အင်း. . ပြန်ရမှာပေါ့. . ကိုယ့်တာဝန်ကျေပြီလေ'

အဲဒီစကား ကြားတော့ Ivy က ဟုန့်ရင်ဘတ်ကို တဘုန်းဘုန်းနဲ့စိတ်ရှိလက်ရှိ ထုပါတော့သည်။

'သွား. . သွား. . အလကားလူ. . ကိုယ်ချင်းစာစိတ် မရှိတဲ့





သူ. . ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တဲ့ သူ. . ပြန်သွား. . ဘယ်တော့မှ ပြန်မလာနဲ့. . ကျွန်မတစ်ယောက်တည်း သေချင်သေပေ့စေ. . ရှင့်အပူမပါဘူး မဟုတ်လား'

ဟုန်က သူမလက်ကလေးတွေကိုဖမ်းဆုပ်ယူထားလိုက်ပြီး

'စကားကိုဆုံးအောင် နားထောင်ပါဦး-မမလေးရယ်၊ ကျွန်တော်ပြန်ရင် မမလေးကိုပါ ခေါ်သွားမှာ၊ ဘယ့်နှယ်ဗျာ ဒီလောက်လှပြီး ချစ်စရာကောင်းတဲ့ကောင်မလေးကို တစ်ယောက်တည်းထားခဲ့စရာလား. . ကျွန်တော်က မမလေးရဲ့သက်တော်စောင့်လေ'

Ivy မျက်နှာလေး ပြုံးလာသည်။ ပြီးတော့ အရမ်းချစ်စရာကောင်းတဲ့စကားလေးတစ်ခွန်းကို သူမနှုတ်က ထုတ်ပြောလာလေရဲ့. . .

'ရှင်က ကျွန်မရဲ့သက်တော်စောင့်ဆိုတော့ ရှင့်ကို ကျွန်မ အမိန့်ပေးမယ်. . ဒီနေ့ကစပြီး ရှင် ကျွန်မကို မထားခဲ့ရဘူး. . ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် နားလည်လား'

ရင်ထဲ တန်းရောက်သွားတဲ့ စကားလေးတွေ. . ခံစားချက်ကြောင့် သူ့စိတ်သူ ပြန်ပြီးဆန်းစစ်ချိန်မရလိုက်။

ပန်းနုရောင် နှင်းဆီငုံနှုတ်ခမ်းလေးကို ဖိကပ်ပြီး နမ်းမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ တရွေ့ရွေ့ကုန်သွားသလို မမြင်ရတဲ့ ကြိုးလေး တစ်ချောင်းက သူတို့နှစ်ဦးရဲ့နှလုံးသားနှစ်ခုကို မြဲမြဲစွာ ချည်နှောင်ပြီးသားဖြစ်နေတာ သူတို့ကိုယ်တိုင် မသိလိုက်ပါ။

ရှုန်းမရတဲ့အထိအတွေ့နဲ့ သူ့ရဲ့အကြင်နာတွေအောက်မှာ Ivy က သတိပြန်ဝင်လာပြီး

'တော်ပြီ. . အသက်ရှူလို့မရတော့ဘူး'

'မကြောက်တော့ဘူး မဟုတ်လား'

Ivy က နှုတ်ခမ်းလေးစူသည်။

'အသည်းယားအောင် လာမလုပ်နဲ့. . . ထပ်နမ်းလိုက်မှာနော်'

သူ့ရင်ခွင်ထဲမှာ သူမ တကယ်ပဲ လုံခြုံနေပါသည်။

'မနက်ဖြန်ကျရင် ကျွန်မကို Ivy Island ဆီခေါ်သွားပေးပါနော်'

ဟုန်က သူမကို ချစ်မဝစွာကြည့်ပြီး ခေါင်းကို အသာညိတ်ပြပါသည်။

အဲဒီကျွန်းလေးပေါ်မှာ သူမရဲ့ပရဟိတစိတ်ကို ထုတ်ဖော်ပြသသွားမည်။ ပြီးတော့ နောင်နှစ်တွေများစွာ နောက်ဆုံး ထွက်သက်အထိ သူ့ရင်ခွင်ထဲမှာ ခိုဝင်သွားမည်။





ဒါဆို Ivy ရဲ့ဖြစ်တည်မှုက ကျေနပ်စရာကောင်းသွားပြီပေါ့. .

ဟုန် ကျေနပ်ပါသည်။

သေတွင်းဝမှာရောက်နေတဲ့ Ivy သစ်ခွလေးကို သူကယ်တင်လိုက်နိုင်ပြီပဲ။

မှုပိုင်နှင်းဆီ

4:32 P.M. (Friday)

4th, January, 2013



www.burmeseclassic.com